လန်ဒန်ပါဠိဒေဝီအမေး

လယ်တီဆရာတော်အဖြေ

# ပဋ္ဌာန်းအလင်းပြ

ဦးသော်ဇင်

မြင့်သာ

မြင်သာ စာအုပ်တိုက်
၁၀၅/ဟံသာဝတီလမ်း
၆-ရပ်ကွက်, တောင်ဥက္ကလာပ
ရန်ကုန်....

ထုတ်ဝေသူ
ဦးသော်ဇင်
ဥယျာဉ်မှူးစာပေ (၀၇၀၉-မြ)
၁၀၅/ဟံသာဝတီလမ်း, ၆-ရပ်ကွက်
တောင်ဥက္ကလာပ, ရန်ကုန်

ပုံနှိပ်သူ
ဦးအုန်းတင်
မြနန္ဒာပုံနှိပ်တိုက် (၀၇၆၀-မြ)
၂၀၅-သစ္စာလမ်း, ကန်ဘဲ့

မြင်သာဂန္ထမာလာ

၂

# ပဋ္ဌာန်းအလင်းပြ

ပထမအကြိမ်
အုပ်ရေ—၂၀၀၀
၁၉၇၁-ခု၊ ဇန္နဝါရီလ

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ်—(၄၅၃၈)

တအုပ် အဖိုး ၃—ကျပ်

ဂ ၃၄၁

# ပဌာန်းအလင်းပြ

ဦးသော်ဇင်

မြင်သာစာအုပ်တိုက်

[illegible] ဗုဒ္ဓ တက္ကသိုလ်
စာကြည့်တိုက်
[illegible]

# မာတိကာ


| | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁။ | ဟေတု ပစ္စယော | .... | .... | ၃၇ |
| ၂။ | အာရမ္မဏ ပစ္စယော | .... | .... | ၄၃ |
| ၃။ | အဓိပတိ ပစ္စယော | .... | .... | ၄၆ |
| ၄။ | အနန္တရ ပစ္စယော | .... | .... | ၅၅ |
| ၅။ | သမနန္တရ ပစ္စယော | .... | .... | ၆၀ |
| ၆။ | သဟဇာတ ပစ္စယော | .... | .... | ၆၄ |
| ၇။ | အညမည ပစ္စယော | .... | .... | ၆၆ |
| ၈။ | နိဿယ ပစ္စယော | .... | .... | ၆၈ |
| ၉။ | ဥပနိဿယ ပစ္စယော | .... | .... | ၇၃ |
| ၁၀။ | ပုရေဇာတ ပစ္စယော | .... | .... | ၈၄ |
| ၁၁။ | ပစ္ဆာဇာတ ပစ္စယော | .... | .... | ၈၆ |
| ၁၂။ | အာသေဝန ပစ္စယော | .... | .... | ၈၉ |
| ၁၃။ | ကမ္မ ပစ္စယော | .... | .... | ၉၂ |
| ၁၄။ | ဝိပါက ပစ္စယော | .... | .... | ၉၆ |
| ၁၅။ | အာဟာရ ပစ္စယော | .... | .... | ၁၀၀ |
| ၁၆။ | ဣန္ဒြိယ ပစ္စယော | .... | .... | ၁၀၃ |

# မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ဈာန ပစ္စယော .... .... | ၁၀၇ |
| ၁၈။ | မဂ္ဂ ပစ္စယော .... .... | ၁၀၉ |
| ၁၉။ | သမ္ပယုတ္တ ပစ္စယော .... .... | ၁၁၁ |
| ၂၀။ | ဝိပ္ပယုတ္တ ပစ္စယော .... .... | ၁၁၃ |
| ၂၁။ | အတ္ထိ ပစ္စယော .... .... | ၁၁၄ |
| ၂၂။ | နတ္ထိ ပစ္စယော | |
| ၂၃။ | ဝိဂတ ပစ္စယော .... .... | ၁၁၅ |
| ၂၄။ | အဝိဂတ ပစ္စယော | |
| | ပစ္စယ သဘာဂေါ .... .... | ၁၁၆ |
| | ပစ္စယဃဋနာ နယော .... .... | ၁၂၂ |
| | မြင်သာစာအုပ်တိုက် .... .... | ၁၄၇ |


[စာမျက်နှာ ၉၆–ပထမစာကြောင်း၌ 'သပ္ပယောက' ကို 'သပ္ပယောဂ'ဟု ပြင်ဆင်ပါရန်]

# နိဒါန်း

## ၁

ဥဒ္ဓံယာဝ ဗန်းမော် ကောင်းတုံ့,
အဓောယာဝ ပုသိန် ဒဂုံ၊
ပယံသန္တိ ကြေညာ ဆံစုန့်,
ပသီဒန္တိ ဇနာ ဗဟုံ။

လယ်တီ ပဏ္ဍိတ ဆရာဦးမောင်ကြီး ရဟန်းဘဝက ရေးစပ်ဖွဲ့ဆိုခဲ့သော ရှစ်လုံးဖွဲ့ ဂါထာဖြစ်၏၊ ယင်းဂါထာသည် နောင်အခါ ရှစ်လုံးဖွဲ့ မြန်မာကဗျာတို့ကို အများအပြား ပေါက်ဖွားစေခဲ့၏၊ သူသည် ရှစ်လုံးဖွဲ့ မြန်မာကဗျာတို့ကို ဤဂါထာဖြင့် စတင် စမ်းသပ်ခဲ့ခြင်းဖြစ်၏၊ သူ၏ ကျေးဇူးရှင် လယ်တီဆရာတော်သည် အထက်ပိုင်း ဗန်းမော် ကောင်းတုံတိုင်အောင်, အောက်ပိုင်း ပုသိန် ဒဂုံတိုင်အောင် ထင်ရှားကျော်ကြားပုံကို ကျူးရင့်ခြင်းဖြစ်၏၊ ထိုနောက်တွင်ကား ဆရာတော်သည် ကမ္ဘာ့ ဗုဒ္ဓဝါဒ သုတေသန ပညာရှင်တို့၏ ဆီမီးတန်ဆောင် ဖြစ်သွား၏၊ သူတို့သည် ဗုဒ္ဓဓမ္မ၌ ခက်ခဲ နက်နဲသော အချက်အလက်တို့ကို ဆရာတော်အား လျှောက်ကြားကြရကုန်၏၊

ထိုတွင် လန်ဒန်မြို့ ပါဠိအသင်း၏ စက္ကရီတေရီဖြစ်သူ မစ္စစ် ရိုက်စဒေဗစ် အမ်-အေသည် အလွန် ထင်ရှားလျက် ဗုဒ္ဓ အဘိဓမ္မာ၌ အလွန် ကျေးဇူးများစေနိုင်သော အမေး ပုစ္ဆာ ပြဿနာတို့ကို မေးလျှောက်ခဲ့၏၊ သူ့ကို ဆရာတော်က လန်ဒန် ပါဠိ ဒေဗစ်ဟု ခေါ်၏၊ ထိုနောက် ဒေဗစ်သည် မြန်မာနိုင်ငံ တွင် လန်ဒန် ပါဠိဒေဝီ အဖြစ်နှင့် ထင်ရှားနေ၏။

လယ်တီဆရာတော်၏ နိုင်ငံခြား ပုစ္ဆာ အဖြေ ပေါင်းချုပ်-တွင် လန်ဒန် ပါဠိဒေဝီ၏ ပုစ္ဆာ လေးခုပါဝင်၏၊ ယင်းတို့မှာ (၁) လန်ဒန် ပါဠိဒေဝီ၏ သညာ ပုစ္ဆာ အဖြေ, (၂) လန်ဒန် ပါဠိဒေဝီ၏ နိယာမ ပုစ္ဆာ အဖြေ, (၃) လန်ဒန် ပါဠိဒေဝီ၏ ယမိုက် ပုစ္ဆာ အဖြေ, (၄) လန်ဒန် ပါဠိဒေဝီ၏ ပဋ္ဌာန်း ပုစ္ဆာ အဖြေတို့ ဖြစ်ကုန်၏၊ နောက်ဆုံး ပုစ္ဆာ အဖြေသည် ဤစာအုပ်၏ စာသား ဖြစ်လိမ့်မည်ဟု ယူဆဖွယ်ရှိ၏၊ ကေန် ဖြစ်သည်ဟူ၍ ကား မပြောနိုင်ချေ၊ အကြောင်းကား ထိုအဖြေ တနေရာတွင်- "ငါတို့ စီရင်သော ပဋ္ဌာနုဒ္ဒေသ ဒီပနီကျမ်းမှာ စုံလင်စွာ ပါရှိ လေပြီ"-ဟု ညွှန်ကြားထားသောကြောင့် ဖြစ်၏၊ နိုင်ငံခြား ပုစ္ဆာ အဖြေ ပေါင်းချုပ်တွင်ပါသော လန်ဒန် ပါဠိဒေဝီ၏ ပဋ္ဌာန်း ပုစ္ဆာမှာ ဤသို့တည်း-

၁- ဗုဒ္ဓဘာသာ အဘိဓမ္မာ၌ ပစ္စယသဒ္ဒါ၏ အနက် အဓိပ္ပာယ်ကို သိလိုပါသည် တရပ်၊

၂- ပစ္စည်းတရား ၂၄-ပါးတို့သည် ပရမတ် တရားများပါလား, သို့မဟုတ် ၎င်း ၂၄-ပါးတို့သည် စိတ္တမယ ဓမ္မများပါလား တရပ်၊

၃— ၎င်းပစ္စည်းတရား ၂၄-ပါးတို့သည် ဠာဒပစ္စ-ယတာ အမျိုးမျိုးပင် ဖြစ်ကြ၍ ရှေးရှေးသော ခဏိက တရားတခုသည် နောက်-နောက်သော ခဏိက တရား တခုအား ဥပကာရ ဖြစ်ကြပါသလော၊ ရှေး-ရှေးတရား သည် နောက်-နောက်တရား၏ အကြောင်း ဟုတ်ပါ သလော-မဟုတ်ပါသလော တရပ်။

လယ်တီဆရာတော်သည် ဤပုစ္ဆာတို့ကိုကား မြန်မာစကားပြေ သက်သက်ဖြင့်ပင် ဖြေဆိုသွား၏၊ ထိုတွင် အချို့နေရာ၌ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းကို ကိုးကား၏၊ ထိုကြောင့် ဤအဖြေ နှင့်ပဋ္ဌာနုဒ္ဒေသဒီပနီမှာ တခြားစီလောဟု ယုံမှားရခြင်း ဖြစ်၏၊ ဆရာတော်သည် ထိုဒီပနီကို ပါဠိဘာသာဖြင့် စီရင်၏၊ မန္တလေးမြို့ မစိုးရိမ်တိုက် မာဂဓ နယူပဒေသကျောင်း အရှင် အဂ္ဂဝံသက ထိုကျမ်းကို ဤသို့ နိဒါန်းပျိုး၏—

အင်္ဂလန်နိုင်ငံတော်ကြီး၏ မြို့တော်ဖြစ်သော လန်ဒန်မြို့ကြီး၌ တည်ရှိသည့် ပါဠိတော်အသင်းမှ စက္ကရီတေရီဖြစ်သူ လန်ဒန် ပါဠိဒေဝီဟု ခေါ်တွင်သော မစ်စစ် ရိုက်စ ဒေဗစ် M.A. သည် ပဋ္ဌာန်း ပါဠိတော် ကြီးကို အင်္ဂလိပ် အက္ခရာသို့ပြောင်း၍ ရိုက်နှိပ်မည်ဟု ကြံစည်လျက် ပဋ္ဌာန်းပါဠိတော်ကြီးကို ကြည့်ရှုရာ သဗ္ဗညုတ ဉာဏ်တော်ကြီး၏ ကျက်စားရာ အဘိဓမ္မာ ဒေသနာတော်ကြီးဖြစ်သည် တကြောင်း, ပါဠိဘာသာ တတ်စေကာမူ ရုပ် နာမ် ပညတ်တို့၏ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် ဆက်စပ်ကြသည်ကို အကျဉ်း အမြွက်မျှ

မကြား မသိရသေးသည် တကြောင်း- ယင်းသို့သော အကြောင်းများကြောင့် ဉာဏ် မသက်ဝင် မထင်မြင်နိုင်ဘဲ အဘိုး အနဂ္ဃထိုက်သော လောကီရတနာ အဖြာဖြာတို့ဖြင့် တင့်တယ်ဆန်းကြယ်သော တိုက်ခန်းကြီးအတွင်းသို့ ဆီမီးမပါ မှန်းဆကာ ဝင်ရဘိသကဲ့သို့ ဖြစ်လေရကား အထူးထူးသော နည်းတို့ဖြင့် သိမ်မွေ့နက်နဲ ခက်ခဲ ဆန်းကြယ်လှသော အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး တည်းဟူသော တိုက်ခန်းကြီး အတွင်းသို့ သက်ဆင်း ဝင်ရောက်၍ ထိုအထူးထူးသော နည်းနာတို့၏ ဆန်းကြယ် နက်နဲ ခက်ခဲ သိမ်မွေ့သည်၏ အဖြစ် အနှစ်သာရတို့ကို ဉာဏ်ဖြင့် သက်ဝင် ထင်မြင် ပါရခြင်း အကျိုးငှာ ဆီမီးတည်းဟူသော အထောက် အပံ့ အလင်းကို ကယ်မ သနားတော်မူပါမည့် အကြောင်းနှင့် နိုင်ငံခြား ဗုဒ္ဓ ဘာသာ သာသနာပြု အသင်းကြီး၏ ဦးစီး နာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးအား လျှောက်ထား တောင်းပန်အပ်သောကြောင့် ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးသည် ၂၄- ပါးသော ပစ္စည်းတို့၏ သဘာဝတ္ထု, ပစ္စယ, ပစ္စယုပ္ပန္န တို့၏ သရုပ်,ရုပ် နာမ် ပညတ်တို့၌ အသီး အသီး ရအပ်သော ပစ္စည်း အစရှိသည်တို့ကို ဝေဘန်၍ အကျဉ်း အားဖြင့် ပြအပ်သော ဤ 'ပဋ္ဌာနုဒ္ဒေသဒီပနီ'-ကျမ်းကြီး ကို ပါဠိဘာသာဖြင့် ရေးသား စီကုံး ပေးပို့တော်မူ သတည်း။

ပါဠိဘာသာ မြန်မာအက္ခရာဖြင့် ရေးသားတော်မူအပ်သော ဤ 'ပဋ္ဌာနုဒ္ဒေသဒီပနီ'- ကျမ်းကြီးသည် ပါဠိဘာသာ သက်သက်ကိုသာ တတ်သော ပဂ္ဂိုလ်အနည်းငယ်မျှတို့အားသာ ကျေးဇူးများသောကြောင့် အဘိဓမ္မာ လိုက်စားကုန်သော အနောက်နိုင်ငံသား ပညာရှိ အားလုံးတို့ သုံးစွဲ ကြည့်ရှုနိုင်စေရန် နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီး၏ ဒုတိယ ဥက္ကဋ္ဌ နာယက ဖြစ်တော်မူသော ငါတို့ ကျေးဇူးရှင် ဆရာတော် ပဌမကျော် အရှင် ဉာဏ မထေရ်မြတ်သည် ပါဠိဘာသာ အင်္ဂလိပ် အက္ခရာဖြင့်၎င်း, အင်္ဂလိပ် ဘာသာစကားပြေ သက်သက်ဖြင့်၎င်း ထပ်မံ ပြန်ဆို ရေးသား၍ ပေးပို့တော်မူသတည်း။

ထိုသို့ ရေးသား ပေးပို့အပ်သော ပဋ္ဌာနုဒ္ဒေသဒီပနီ ကျမ်းကြီးကို မှီငြမ်းပြုသော အားဖြင့် အနောက်နိုင်ငံသား အဘိဓမ္မာကို လိုက်စားကြကုန်သော ပညာရှိတို့သည် အဘိဓမ္မာဉာဏ် ထက်သန် ဖွံ့ဖြိုးခြင်းသို့ ရောက်ကြသဖြင့် ပဋ္ဌာန်းကျမ်းကြီးတည်းဟူသော တိုက်ခန်းသို့ သက်ဝင်၍ အထူးထူးသော နည်းတို့ဖြင့် တန်ဆာဆင်အပ်သော အဘိဓမ္မာ ဒေသနာတော်၏ အနှစ်သာရတို့ကို တွေ့မြင် ခံစားကြရလေကုန်သည်။

ပေါ်လွင်ထင်ရှား သိသာလွယ်သော ဥပမာ— ဥပမေယျတို့နှင့် ပြည့်စုံသော ဤပဋ္ဌာနုဒ္ဒေသဒီပနီ ကျမ်းကြီးသည် အနောက်နိုင်ငံသားတို့နှင့်သာ သင့်

လျှော်သည့် မဟုတ်၊ မြန်မာနိုင်ငံ၌ ပဋ္ဌာန်း အဘိဓမ္မာကို လေ့လာကြကုန်သော ရဟန်း ရှင် လူ သူခပ်သိမ်းတို့ နှင့်လည်း လွန်မင်းစွာ သင့်လျော်ရကား ပါဠိ တတ်ကုန်သောသူ၊ မြန်မာ သက်သက်ကိုသာ တတ်ကုန် သောသူ-နှစ်ဦး နှစ်ဝတို့ပင် ကြည့်ရှုနိုင်ကြစေရန် မြန်မာ နိဿရည်းနှင့်တကွ စက်တင် ပုံနှိပ်ဖြန့်ဝေရသော် ပညာပြန့်ပွား အကျိုးများမည် ဖြစ်သောကြောင့် ဤ မြန်မာ နိဿယကိုပို့ချ ပေးသနားတော် မူပါဟု ငါတို့၏ ဆရာ ပဌမကျော် အရှင်ဉာဏ မထေရ်မြတ်အား တောင်းပန် လျှောက်ထားကြပြန်သဖြင့် မြန်မာ နိဿယ်ညည်းကို ပို့ချတော်မူလေသတည်း။

ပဌမကျော် အရှင် ဉာဏ မထေရ် ကိုယ်တိုင်ကလည်း ယင်း နိဿယ ပဏာမ၌ "လယ်တီ ဆရာတော်ဘုရားဟူ၍ နိုင်ငံတကာ တို့၌ ကြေညာ ထင်ရှား ကျော်ကြားတော်မူပေသော တိပိဋက ပါရဂူ ဖြစ်တော်မူသော မဟာထေရ်ကြီးသည် ကောင်းစွာ တည်ထွင် စီရင် ပြုစုတော် မူအပ်သော အနုဋ္ဌိကနယ ဖြစ်သော သမန္တ ပဋ္ဌာန်းကျမ်းကြီး၏ ပစ္စယုဒ္ဒေသ ပါဠိတော်၏ အနက် အဓိပ္ပာယ် အသွယ်သွယ်ကို အကျယ်မထုတ် အကျဉ်းချုပ်၍ ပြရာ ပြကြောင်းဖြစ်သော အကြင် ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းသည် အင်္ဂလန် ကျွန်းကြီးတိုင်အောင် ကျော်ကြား ပျံ့နှံ့လေပြီ" ဟု ဖော်ကျူးထားလေသည်။

မိမိသည် ဤ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းကို 'ပဋ္ဌာန်းအလင်းပြ' ဟူသော အမည်ဖြင့် မြန်မာ စကားပြေ ပြန်ဆိုပါသည်၊ ယင်းကို

လယ်တီ ဆရာတော်က ပါဠိလိုရေး၏၊ မစိုးရိမ် ဆရာတော် အရှင် ဉာဏက အင်္ဂလိပ်လိုပြန်၏၊ မိမိက မြန်မာလို ပြန်ခြင်း ဖြစ်၏၊ ဤဒီပနီသည် ဖော်ပြခဲ့သော လန်ဒန်ပါဠိဒေဝီ၏ ပဌာန်း ပုစ္ဆာ အဖြေပင်လော၊ သို့မဟုတ် ပါဠိဒေဝီ၏ အခြား ပုစ္ဆာ အဖြေပင်လောဟု ရှင်းလင်း ပြတ်သားခြင်း မရှိချေ၊ လယ်တီ ဆရာတော် ကျိုက်ထိုမြို့တွင် သီတင်းသုံးစဉ်က လန်ဒန်-အက်ဒမီ ဂျေမီလစ၏ ပုစ္ဆာကို ဖြေဆိုခဲ့၏၊ ထိုအဖြေ၏ နိဒါန်းတွင်လည်း လန်ဒန်ပါဠိဒေဝီနှင့် ပဌာန်းအကြောင်း ပါဝင်၏။

၂

ကျိုက်ထိုမြို့
၁၂၇၂–ခု၊ တပို့တွဲလဆန်း ၁၀-ရက်

လန်ဒန်မြို့ အက်ဒမီ-ဂျေမီလစ၏ အမေး ပုစ္ဆာ နှစ်ရပ်သည် ပြာသိုလဆန်း ၂-ရက်နေ့တွင် ဆရာတော်၏ လက်သို့ ရောက်လာပေသည်၊ ၎င်း ပုစ္ဆာ ရောက်လာသည့်အတွက် ဆရာတော် ဝမ်းမြောက်ပါ၏၊ လန်ဒန်မြို့ ပါဠိ ဒေဗစ်ထံမှ မောင်ရွှေစံအောင် ထံသို့ ပေးပို့ လိုက်သည့် အမှာစာ တစောင်တွင် ယခု လန်ဒန်မှာ အဘိဓမ္မာ ပဌာန ဝဏ္ဏနာ, စာအုပ် ရိုက်ဆဲရှိနေရာ လယ်တီဆရာတော်၏ ပဌာန ၂၄-ပစ္စယ အဖွင့်

ကိုင်း, ပဋ္ဌာနဝဏ္ဏနာ စာအုပ်တွင် နောက်ဆက်တွဲ အနေနှင့် တွဲဖက်ရိုက်ရန် အလိုရှိကြောင်း ပါရှိတွေ့မြင်ရသည် ဖြစ်၍ ၎င်းပဋ္ဌာန ပစ္စယ၏ အဖွင့်ကို ပါဠိဘာသာနှင့် ဖွင့်ဆိုဆဲ, အင်္ဂလိပ်အက္ခရာ ပြန်ဆဲ ရှိနေသော်လည်း အက်ဒမီ-ဂျေမီလစ၏ အမေးပုစ္ဆာ နှစ်ရပ်သည် ဖြေဆိုတဲ့ရန် အလျင်အမြန် ပြီးစီးလွယ်လိမ့်မည်ဖြစ်၍ ပဋ္ဌာန ၂၄-ပစ္စည်း ဖွင့်ဆဲ အလုပ်တွင်းမှာ ကြားချပ်၍ ၎င်းပုစ္ဆာ ၂-ရပ်ကိုပင် အလျင်အမြန် ဖြေဆိုလိုက်လေသည်။

ဤစာတွင်ပါသော ပဋ္ဌာန ၂၄-ပစ္စယ အဖွင့်မှာ ပဌမကျော်အရှင် ဉာဏထေရ် အင်္ဂလိပ်လို ပြန်ဆိုသော ပဋ္ဌာနုဒ္ဒေသဒီပနီပင်လော, သို့မဟုတ် ဆိုခဲ့သော လန်ဒန် ပါဠိဒေဝီ၏ ပဋ္ဌာန်းပုစ္ဆာ အဖြေပင်လော၊ သို့မဟုတ် အခြား တပါးလောဟု တွေးတောဖွယ်ကို ဖြစ်စေပြန်၏၊ တွေ့သမျှကို တင်ပြရခြင်းသာဖြစ်၏၊ မိမိကား ပဋ္ဌာနုဒ္ဒေသ ဒီပနီကိုသာ အာရုံကပ်နေ၏၊ သူသည် ဗုဒ္ဓ၏ ဉာဏ်ဖြင့် ဤပဋ္ဌာန်း ဥဒ္ဒေသကို အလင်းပြခြင်းဖြစ်၏၊ ဗုဒ္ဓ၏ ဉာဏ်ကို ရသူ ဒုတိယမြောက် ဗုဒ္ဓဟု ဆိုနိုင်လောက်အောင် ပဋ္ဌာန်းကျမ်းကြီးကို မွှေ့ရမ်း သွားလေသည်။

လန်ဒန် 'အက်ဒမီ-ဂျေမီလစ'၏ ပုစ္ဆာ နှစ်ရပ်ဆိုသည်မှာ အာကာသ အကြောင်းနှင့် မာတုဂါမ ရဟန်းပြုခြင်းအကြောင်း ဖြစ်၏၊ အာကာသအကြောင်း အဖြေမှာ တောင်ပိုင်းဗုဒ္ဓဝါဒတွင်

လှန်စွာ နာမည်ကြီးသော သဗ္ဗတ္ထိဝါဒီတို့၏ အသင်္ခတ တရား သုံးပါးတွင် တပါးဖြစ်သော အာကာသဖြစ်၏၊ ဤအကြောင်း ကို ဖွင့်ဆိုသူမှာ ကမ္ဘာကျော် ဒဿနိက ဆရာကြီး အရှင် ဝသုဗန္ဓုဖြစ်၏၊ သူသည် ယင်း အာကာသ အဖွင့်ကြောင့် ထိပ်တန်း ဒဿန ဆရာကြီး အဖြစ်ဖြင့် ဒဿနိကတောင်ထွတ်သို့ တက်ရောက်ရခြင်း ဖြစ်၏၊ လယ်တီ ဆရာတော်၏ အာကာသ အဖြေမှာ အရှင်ဝသုဗန္ဓု၏ အာကာသ အသင်္ခတကို ပွဲတင်ခတ် စေနိုင်၏၊ သို့ရာတွင် မြန်မာတို့သည် ဆရာတော်၏ အကာသ ကို ကမ္ဘာ့ မျက်မှောက်သို့ ရောက်အောင် မပို့မဆောင် နိုင်ကြချေ၊ သို့ကြောင့် ဆရာတော်၏ အာကာသ အဖြေမှာ မထင်မရှား ဖြစ်နေရ၏။

မာတုဂါမ ရဟန်းပြုခြင်း အဖြေကိုမူ အရှင် အာဒိစ္စဝံသက အခြေခံယူ၍ 'ဘိက္ခုနီသာသနောပဒေသ' အမည်ဖြင့် ကျမ်းပြု၏၊ သူသည် ဤကျမ်းကို လယ်တီဆရာတော်၏ အာဘော်ယူပြီး တန်ဆာဆင်ကြောင်း စေ့စေ့က ဝန်ခံပါလျှင် ပကာသနီယ ပြဿနာဖြစ်မှ ဖြစ်မည်၊ သို့ရာတွင် တပြည်လုံး ပွက်ပွက်လန် လေမှ ဝန်ခံလေသဖြင့် ကုသိုလ် မရ ဖြစ်ရ၏၊ လယ်တီ အသိုင်း အဝိုင်း၏ ထောက်ခံချက်ပင် မရတော့ချေ၊ ဤကား စကားစပ်၍ စကားချပ်ခြင်းမျှသာ မဟုတ်ပါ၊ ဆရာတော်၏ လေးနက်သော အတွေးအခေါ် အယူအဆတို့ကို ပေါ်လွင်အောင် ထုတ်ဖော် ခြင်းလည်း ဖြစ်၏၊ ဆက်လက်၍ လန်ဒန်ပါဠိဒေဝီသည် မစိုးရိမ် ဆရာတော်မှ တဆင့် လယ်တီ ဆရာတော်နှင့် ဆက်သွယ်ပုံကို ကောက်နုတ် ဖော်ပြပါဦးမည်။

မန္တလေးမြို့
မစိုးရိမ်ကျောင်းတိုက်
ဝါခေါင်လပြည့်ကျော် (၁၀) ရက်

ရှိသေ လေးမြတ်စွာ ရှိခိုး လျှောက်ထားပါသည် ကျေးဇူးရှင် ဆရာတော် ဘုရား—

အကြောင်းမှာ ဘိလပ်မှ မစ္စရိုက်ဒေဗစ် ဒကာမကြီး ထံမှ စာတစောင် ရရှိပါကြောင်း၊ ၎င်းစာမှာ နိယာမ ငါးပါးနှင့် စပ်လျဉ်း၍ ဓမ္မနိယာမ အတွက် စိတ်မကျေမနပ် ရှိနေကြောင်း ဖြစ်ပါသည်၊ ဓမ္မနိယာမ သဒ္ဒါကို အင်္ဂလိပ် ဘာသာပြန်ဆို ကြရာမှာ မူလပထမ ပြန်ဆိုသူ 'မစ္စတာ ဘရူးအား' က Philosophy order or casual order- အကျိုးတရား သို့မဟုတ် အကြောင်းတရားတို့၏ အစဉ် နိယာမဟု ပြန်ဆိုပါသည်၊ ဦးရွှေစံအောင်ကNatural phenomenal sequence ပြကတေ့ ဖြစ်ပေါ်သော ဝတ္ထုဓမ္မတို့၏ အကြောင်းအကျိုး အဆက်ဆက် နိယာမဟု ပြန်ဆိုပါသည်၊ ထိုနှစ်ရပ်ကို သဘောမကျသေး၍ တပည့်တော်၏ ပြန်ဆိုချက်ကို တောင်းပန်ပြန်ပါသည်။

တပည့်တော်က Natural order of things other than above mentioned အထက်နိယာမ လေးပါးတွင် မပါဝင်သေးသော သဘာဝဓမ္မတို့၏ ပြကတေ့ အစဉ် နိယာမဟု ပြန်ဆိုပါသည်၊ ဤကဲ့သို့ ပြန်ဆိုပေးလိုက်သည်ကိုလည်း ကျေနပ်ဖွယ်မရှိသေးကြောင်း ယခု အကျယ်တဝင့် ပြန်စာရေးပါ

သည်၊ ၎င်းပြန်စာကို မြန်မာပြန်၍ ဆရာတော်ဘုရားကြီးထံ ယခု ဆက်သပေး ပို့လိုက်ပါသည်၊ နိယာမဒီပနီ အင်္ဂလိပ် စာအုပ် နိဿယဥ်လည်း ၎င်းဓမ္မသဒ္ဒါကို အင်္ဂလိပ် လူမျိုးတို့ သိနိုင်သော ထိထိ-ရောက်ရောက်ကျကျ-နန အင်္ဂလိပ် စကား အသုံး အစွဲ ဝေါဟာရမရှိကြောင်းကို 'မစ္စစ်ရိုက်ဒေဗစ်'က မှတ်သားချက်ရေးထားသည်ကိုလည်း တွေ့သိရပါသည်၊ သို့ဖြစ်ပါ၍ဤစာနှင့်အတူ ဆက်ကပ်လိုက်သော ၎င်းပြန်စာကိုကြည့်ရှုတော်မူပြီးလျှင် ဓမ္မသဒ္ဒါကို သုံးသင့်-မသုံးသင့်ဓမ္မသဒ္ဒါအစား သေသ ပကိဏ္ဏကစသော သဒ္ဒါမျိုးကိုသုံးက အကျိုး အပြစ် မည်သို့ဆိုက်ရောက်ကြောင်း၊ ဗုဒ္ဓနိယာမ တပါး တိုး၍ နိယာမ ခြောက်ပါး ဆိုသင့်-မဆိုသင့်စသည်တို့ ရှင်းလင်းအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို ရှိခိုး လျှောက်ထားဝံ့ ပါသည်ဘုရား။

## ဦးဥာဏထံ မစ္စစ် ရိုက်ဒေဗစ်၏ ပြန်စာ—

တပည့်တော်မ၏ သဘောကို ပွင့်ပွင့်-လင်းလင်း လျှောက်ထားရမည် မှန်ပါက ဓမ္မသဒ္ဒါ၏ အနက် အဓိပ္ပာယ် ရှင်းလင်း ဖော်ပြချက်များကို မည်သည့်ဟာကိုမျှ သဘောမကျေနပ်သေးပါ၊ တပည့်တော်မတို့၏ အနောက်နိုင်ငံသူ-နိုင်ငံသားတို့ အသိအမြင်မှာ အစိတ်

အစိတ် ဘေဒတို့သည် အချင်းချင်း ဂုဏ်ရည်တူ၍
တသီးတသန့်စီ ဖြစ်ရမည်ဟု သဘောရပါသည်။

[ဆိုလိုရင်းမှာ-ဗီဇ နိယာမသည် ဥတု နိယာမနှင့် မရောမယှက်ရ၊ ကမ္မ နိယာမနှင့် မရောမယှက်ရ၊ စိတ္တ နိယာမနှင့် မရော မယှက်ရ၊ ဓမ္မ နိယာမနှင့် မရော မယှက်ရ၊ ဓမ္မ နိယာမမျိုး မဖြစ်ရ-ဆိုလိုသည်။ ဦးဉာဏ]

ဤကဲ့သို့ နိယာမ ဗီဇကို ခွဲစိတ်ခြင်းသည် တပည့်တော်မတို့ အနောက်နိုင်ငံက ဘေဒခွဲစိတ်ခြင်း နည်းဥပဒေသမျိုးနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ယောင် ဖြစ်နေပါသည်၊ အကယ်၍ အထက်ပါ လေးပါး၌ မပါသော တရားတို့၏ နိယာမကိုဆိုလိုရိပ်ရှိ၍ သေသ နိယာမဟု သုံးစွဲခဲ့ပါလျှင် တပည့်တော်မတို့ ကောင်းကောင်းကြီး စိတ်ကျေနပ်ပါသည်၊ အကယ်စင်စစ် သည် အတိုင်းမှန်လျှင် သေသ နိယာမဟုသာ သုံးရမည်၊ ဓမ္မ နိယာမဟု မသုံးစွဲသင့်ပါ၊ အရှင်ဘုရားတို့ မြန်မာလူမျိုးတို့၏ အာစရိယ လဒ္ဓေါပဒေသအတိုင်း အမှန် ယူရမည်ဖြစ်လျှင် နိယာမငါးပါးကို ပဉ္စက နိယာမဟု ခေါ်သင့်ပါသည်၊ ယင်းသို့ ခေါ်လျှင်လည်း ပဉ္စမမြောက်နိယာမကို သေသ နိယာမ, ပကိဏ္ဏက နိယာမဟု တခုခုသော အမည်ဖြင့် ခေါ်ဝေါ် သုံးစွဲသင့်ပါသည်။

[ဗုဒ္ဓ နိယာမ တပါးတိုး၍ နိယာမ ခြောက်ပါး ထားမည် ဆိုလျှင် သင့်ပါမည်လော၊ ထားထိုက်သည်ဟု ထင်ပါသည်၊ အရှင်ဘုရားတို့ အာစရိယ လဒ္ဓေါပဒေသ အရ ကောက်ယူပုံကို မကြားသိရသေးမီ တခါက ဤစကားကို ထောက်သဖြင့် ဓမ္မသဒ္ဒါ၏ အရကို ရိပ်မိဟန်တူပါသည်။ ဦးဉာဏ]

၁၉၁၂-ခုနှစ်တွင် Buddhiom - ဗုဒ္ဓဘာသာအကြောင်း စာတအုပ် တပည့်တော်မ ရေးသားထုတ်ဝေရာ စာမျက်နှာ ၁၁၇-၌ နိယာမ အကြောင်းနှင့် စပ်လျဉ်း၍ ဘော်ပြရာတွင် ၎င်းစာအုပ် တပည့်တော်မမှာ မရှိ၍ ဘယ်လို ရေးထားသည်ကို အသေအချာ မသိရသောကြောင့် ဆရာတော်ဘုရားကြီး သိတော်မူရန် ထည့်သွင်း မဖော်ပြလိုက်ရပါ။

ပဥ္စမမြောက် နိယာမသည် များစွာသော ဓမ္မတို့၏ နိယာမ မဟုတ်၊ တခုသော ဓမ္မ၏ နိယာမမျှသာဟု ရေးသား ဘော်ပြမိခဲ့ပါသည်၊ တပည့်တော်မသည် ဤကဲ့သို့ ရေးသား ဖော်ပြလိုက်ခြင်းမှာ လောကကြီး၌ ဘုရား ဖြစ်ထွန်း ပေါ်လာခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ဓမ္မတာ သဒ္ဒါကို ဖွင့်ဆို ရေးသားသော အရှင် ဗုဒ္ဓဃောသ၏ ပြဆိုချက်များကို တွေ့မြင် မှတ်သားရခြင်းကြောင့် ဖြစ်ပါသည်၊ ဤသို့ တွေ့စဉ်အခါကပင် လောကကြီး၌ ဖြစ်လျက်

ရှိသော နိယာမ တရားတို့တွင် အခါကာလ အားလျော်စွာ ဘုရားတွေ ဖြစ်ခြင်းကို ထည့်သွင်းထားခြင်းသည် ဗုဒ္ဓဘာသာ လူမျိုးတို့၌ အရေးကြီးသော အချက်တခု ဖြစ်ဟန် ရှိသည်ကို အံ့ဩမိပါသည်။

ဗုဒ္ဓဘာသာ လူမျိုးတို့သည် မိမိတို့ အယူဝါဒ အားလျော်စွာ ဘုရား ပွင့်ခြင်းကို ဓမ္မတာဟု ခေါ်ဆိုရပေသည်၊ အကယ်၍ ဓမ္မတာဟု မခေါ်လျှင် ဘယ်ကဲ့သို့ အရှင်ဘုရားတို့ ခေါ်ဝေါ် ပြောဆို ပြသကြပါမည်နည်း၊ အကယ်၍ ဓမ္မတာ ဖြစ်သောကြောင့် ဗုဒ္ဓ နိယာမ တခုတိုး၍ အထက် နိယာမ လေးပါးနှင့် တန်းတူထား၍ ၆-ပါး လုပ်ပြန်လျှင်လည်း သာ၍ပင် မကျေနပ်ဖွယ် ရှိလိမ့်မည် ထင်ပါသည်။

တပည့်တော် မသည် လယ်တီ ဆရာတော် ဘုရားကြီးအား အနောက်နိုင်ငံ နည်းတွေကို ပြ၍ မြန်မာလို ချောချောငံငံ လျှောက်ထား လိုသောစိတ် ဆန္ဒတွေ ဘယ်လောက်များ အားကြီး တယ် ဆိုတာတွေ မပြောနိုင်အောင် ရှိပါသည်၊ နိယာမ ငါးပါးကို အရှင်ဗုဒ္ဓဃောသမှ တပါး အခြားသော မည်သည့် ပုဂ္ဂိုလ်များ ရေးသား သေးသည်ကိုလည်း သိလို ပါသည်၊ မဟာ ပဓာနသုတ် အဋ္ဌကထာမှ တပါး အခြားနေရာ၌

မတွေ့ဘူး သေးပါ၊ တပည့်တော်မ ဂုင်းနိယာမ
အကြောင်းနှင့် စပ်လျဉ်း၍ စာတအုပ် ရေးမည်
ကြံစည်ပါကြောင်း၊ ကူညီစေလိုပါသည်။

—မဇ္ဈိမရိုက် ဒေဗစ်

အထူး လျှောက်ထား ရန်မှာ တပည့်တော်သည် သေသ နိယာမ, ပကိဏ္ဏက နိယာမ ခေါ်ဆိုလျှင် အဓိပ္ပာယ် သဘောအားဖြင့် ခေါ်ဆို သင့်သော်လည်း သဒ္ဒါနေအခေါ် ဝေါဟာရ အသုံးအစွဲအားဖြင့် မသင့်ကြောင်း သာမည စာပြန်ရေးလိုက်ပါသည်၊ ဓမ္မာယတန ဓမ္မဓာတ်, ဓမ္မာရုံ-စသည် သုံးစွဲကြရာ သဒ္ဒါ အထူးကို ဥပမာပြု၍ ဓမ္မသဒ္ဒါကို အသုံးပြုခြင်းသည် အရပ်သုံး လူ့တ်သုံး, ကျောင်းသုံး သို့မဟုတ် အရပ်သားသုံး, မင်းသုံး, ကျမ်းဂန်တတ်သုံး သုံးမျိုးတို့တွင် ကျမ်းဂန်သုံး ဖြစ်ကြောင်း၊ ရှိရှိသမျှ ဓမ္မမည်သော်လည်း စက္ခာယတန, စက္ခုဓာတ်, ရူပါရုံ စသည်မှာ သဒ္ဒါနာမ ဝိသေသ ဖြစ်ကြ ကုန်သောကြောင့် ဓမ္မ သဒ္ဒါနယ်က လွတ်ခြင်း ဓမ္မသဒ္ဒါက မလွှမ်းမိုးနိုင်ခြင်း စသည်ကို သာမည ရေးသား ပြန်ကြား လိုက်ရပါသည်။

ဗုဒ္ဓ နိယာမကိုလည်း အသီးအခြား မထုတ်သင့်၊ဘုရား လောင်းများ ပါရမီပြည့်က အခါသင့်က ပွင့်မြဲ ဓမ္မတာ သာ ဖြစ်၍ ဓမ္မ နိယာမမှာ သွင်းသင့်သည်၊ သို့မဟုတ် ဘုရားဖြစ်ထိုက်သော ကံ-ပါရမီကို ဖြည့်က ထိုကံအား

လျော်စွာ ဘုရားဖြစ်နိုင်သောကြောင့် ကမ္မ နိယာမမှာ သွင်းသင့်သည်ဟူ၍ရင်း, ဥတု နိယာမမျိုး မဟုတ်သော ကြောင့် အသီး မထုတ်သင့် ဟူ၍ရင်း- စာပြန်လိုက်ပါ သည်၊ ဆရာတော် ဘုရားကြီးထံက အသေအချာ ရှင်းလင်းချက်ရမှ ဆရာတော် ဘုရားကြီး၏ အလိုတော် ကျကို ထပ်မံ သေချာစွာ ရေးသားပါဦးမည်ဟု မစ္စစ် ရိုက်ဒေဗစ်ထံ စာပြန်ပါသည်၊ သို့ဖြစ်ပါသောကြောင့် သေချာစွာ ရှင်းလင်း ပေးသနားတော် မူပါမည့် အကြောင်းကို ရှိခိုး လျှောက်ထား ဝံ့ပါသည် အရှင် ဘုရား။

ဦးဥာဏ

ဤစာသည် ပဋ္ဌာနုဒ္ဒေသ ဒီပနီကို 'ပဋ္ဌာန်းအလင်းပြ' ပြန်ဆို မည့် ဤစာအုပ်နှင့် တိုက်ရိုက် ဆက်သွယ်ခြင်းကား မရှိလှပါ၊ သို့ပါလျက် အစ-အဆုံး ဖော်ပြ လိုက်ခြင်းမှာ အကြောင်း အမျိုးမျိုးတို့ကြောင့် ဖြစ်၏၊ ရဟန်းတော် အချင်းချင်း ဆက် ဆံပုံကိုလည်း သိစေလို၏၊ ဥရောပမှ အမျိုးသမီး တဦး နိယာမတရား တပါးနှင့် ပတ်သက်၍ အဘယ်မျှ အရေးကြီး နေခြင်းကိုလည်း သိစေလို၏၊ ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ လယ်တီ ဆရာတော်ဘုရားအား သူတို့ အဘယ်မျှ အားထားနေခြင်းကို လည်း သိစေလို၏၊ ထို့ပြင် သူတို့က မြန်မာ ဆရာတော်ကြီးတို့ကို လေးစား၍ ယခု မြန်မာတို့က သူတို့ကို အရေးထားနေခြင်းကို

လည်း သိစေလို၏၊ ဤသို့ အစရှိသော အကြောင်းတို့ကြောင့် ဤစာကို အပြည့်အစုံ ဖော်ပြလိုက်ခြင်း ဖြစ်၏၊ ကိုယ့်မြန်မာကို အထင်သေးပြီး အင်္ဂလိပ်ကို အထင်ကြီးလှသူများ ဤစာကို ဖတ်တတ်လျှင် ကောင်းမည်။

၃

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့သည် အများအားဖြင့် ပဋ္ဌာန်း ပါဠိတော်မှ ပစ္စယုဒ္ဒေသကို နှုတ်ငုံ ဆောင်ထားကြ၏၊ အချို့သော သူတို့သည် အန္တရာယ် ပျောက်ကင်း ကျမ်းမာခြင်း လာဘ်ရှင်ခြင်းအတွက် အမြဲ မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ကြ၏၊ အချို့ကလည်း ယင်းဖြင့် အဘယ်ပုံ ဘေးရန် လွတ်ကင်းကြောင်း ကိုယ်တွေ့ အတ္ထုပ္ပတ္တိ ပြောပြကြ၏၊ ထို ပစ္စယုဒ္ဒေသကား ဤသို့တည်း—

ဟေတု ပစ္စယော, အာရမ္မဏ ပစ္စယော
အဓိပတိ ပစ္စယော, အနန္တရ ပစ္စယော
သမနန္တရ ပစ္စယော, သဟဇာတ ပစ္စယော
အညမည ပစ္စယော, နိဿယ ပစ္စယော
ဥပနိဿယ ပစ္စယော, ပုရေဇာတ ပစ္စယော
ပစ္ဆာဇာတ ပစ္စယော, အာသေဝန ပစ္စယော
ကမ္မ ပစ္စယော, ဝိပါက ပစ္စယော
အာဟာရ ပစ္စယော, ဣန္ဒြိယ ပစ္စယော
ဈာန ပစ္စယော, မဂ္ဂ ပစ္စယော
သမ္ပယုတ္တ ပစ္စယော, ဝိပ္ပယုတ္တ ပစ္စယော
အတ္ထိ ပစ္စယော, နတ္ထိ ပစ္စယော
ဝိဂတ ပစ္စယော, အဝိဂတ ပစ္စယော။

ဤကား ပစ္စယုဒ္ဒေသ ပါဠိဖြစ်၏၊ ပစ္စယုဒ္ဒေသ ဟူသည် ပစ္စယနှင့် ဥဒ္ဒေသကို တွဲစပ်ထားသော ပုဒ်ဖြစ်၏၊ ပစ္စည်းတို့ကို အကျဉ်း ချုပ်ပြခြင်းဖြစ်၏၊ အချို့သော သူတို့သည် ပစ္စယ နိဒ္ဒေသ ပါဠိကိုလည်း ရွတ်ဆိုနိုင်ကြ၏၊ ပစ္စယ နိဒ္ဒေသဟူသည် ပစ္စည်း အကျဉ်းချုပ်တို့ကို အကျယ်ချဲ့ခြင်း ဖြစ်၏၊ ဥပမာ ဟေတု ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၏ ပစ္စယနိဒ္ဒေသမှာ- 'ဟေတု ပစ္စယောတိ-ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော' -ဟူ၍ဖြစ်၏၊ ယင်းအနက် အဓိပ္ပာယ်ကိုလည်း 'ပဋ္ဌာန်း သုံးချက်စု ဆိုရိုး' ဖြင့် သိကြရ၏၊ ဟေတု ပစ္စည်း၏ သုံးချက်စု ဆိုရိုးတပုဒ်ကို ပုံစံထုတ် ပြပါမည်—

ဟေတု ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် ၃-ပါး အပြားရှိကုန်၏၊ ထိုတွင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ-ဤ ဟိတ် ၆-ပါး ပစ္စည်းတရားတို့သည် ဟေတု ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ သဟိတ်စိတ် စေတသိက်, မောဟမူ ဒွေး၌ မောဟ ကြဉ်သော စေတသိက် ဒွေပညာသ, သဟိတ် စိတ္တဇ ရုပ်,သဟိတ် ပဋိသန္ဓေ ကမ္မဇ ရုပ်, ဤတရားတို့ သည် ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ အဟိတ်စိတ် အဋ္ဌာရသ, ဆန္ဒ ကြဉ်သော အညသမန်း ဒွါဒသ, မောဟမူဒွေး၌ မောဟ,အဟိတ် စိတ္တဇ ရုပ်, အဟိတ် ပဋိသန္ဓေ ကမ္မဇ ရုပ်, ဗာဟိရ ရုပ်,

> အာဟာရဇ ရုပ်, ဥတုဇ ရုပ်,အသညသတ် ကမ္မဇ ရုပ်,ပဝတ္တိ ကမ္မဇ ရုပ်—ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့မည်ကုန်၏။

မြန်မာနိုင်ငံ ပဋ္ဌာမပြန် စာမေးပွဲ ပဋ္ဌာမကြီးတန်း၌ ပဋ္ဌာန်း မေးခွန်း ပါဝင်၏၊ ထို့ကြောင့် ပဋ္ဌာမကြီးတန်း ဖြေဆိုရန်အတွက် ပဋ္ဌာန်းကို သင်ကြားကြရ၏၊ ပဋ္ဌာန်း စာသင်တန်းသားတို့သည် ပဋ္ဌာန်းအတွက် ရှေးဦးစွာ သုံးချက်စုကို ကျက်မှတ်ကြရ၏၊ ထို့နောက်မှ ပဋ္ဌာန်း အရကောက်ကို သင်ကြားကြကုန်၏၊ သူတို့သည် သုံးချက်စုကိုရင်း, ပဋ္ဌာန်း အရကောက်ကိုရင်း ညဉ့်အခါ စာအုပ်လွတ် ရွတ်ဆိုကြ၏၊ ရွတ်ဆိုနိုင်အောင် - ရွတ်ဆိုတတ်အောင် စာချဆရာတော်က နည်းလမ်း ညွှန်ပြပေး၏၊ ဤတွင် ပဋ္ဌာန်း အရကောက်ကိုလည်း နမူနာအဖြစ် ပြပါဦးမည်—

> ပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယ နိဒ္ဒေသကို ဟောတော်မူ၏၊ ထို ပစ္စယ နိဒ္ဒေသ၌ တုံသော်လည်း ဟေတုပစ္စည်း၏ ပစ္စယ နိဒ္ဒေသ, အာရမ္မဏပစ္စည်း၏ ပစ္စယ နိဒ္ဒေသ အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါး အပြားရှိ၏၊ ထိုနှစ်ဆဲ့လေးတို့တွင် ဟေတုပစ္စည်း၏ ပစ္စယ နိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဟေတုပစ္စည်း၏ ပစ္စယ နိဒ္ဒေသ၌ တုံသော်လည်း နိဒ္ဒိသိတဗ္ဗ, နိဒ္ဒေသနာကာရအားဖြင့် နှစ်ပါး အပြား ရှိ၏၊ ထိုနှစ်ပါးတို့တွင် နိဒ္ဒိသိတဗ္ဗကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား- ဟေတု ပစ္စယောတိ ဟူသည်တည်း၊ ထိုနောက် နိဒ္ဒေသနာကာရကို

ဟောတော်မူ၏၊ ဟောဟန်ကား— ဟေတု ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော ဟူသည်တည်း။

ပစ္စယုဒ္ဒေသ-ပစ္စည်းတို့ကို အကျဉ်းပြရာ၌၊ ယော-ယာဒိသော— အကြင်သို့ သဘောရှိသော၊ ပစ္စယော-ပစ္စည်းကို၊ ဟေတု ပစ္စယောတိ- ဟေတုပစ္စယောဟူ၍၊ ဘဂဝတာ- မြတ်စွာဘုရားသည်၊ ဥဒ္ဒိဋ္ဌော- အကျဉ်းပြတော်မူအပ်ပြီး၊ သော တာဒိသော- ထိုသို့ သဘောရှိသော၊ ပစ္စယော- ပစ္စည်းကို၊ ပစ္စယနိဒ္ဒေသ- ပစ္စည်းတို့ကို မကျဉ်း မကျယ်ပြရာ၌၊ "ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော" ဟူ၍၊ ဘဂဝတာ- မြတ်စွာဘုရားသည်၊ နိဒ္ဒိဋ္ဌော—မကျဉ်း မကျယ် ပြတော်မူအပ်ပြီး၊ ဟေတူ-ဟိတ်ခြောက်ပါးတို့သည်၊ ဟေတု သမ္ပယုတ္တကာနံ—ဟိတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ- သဟိတ်စိတ်ကေသတ္တတိ, မောဟမူဒွေး၌ မောဟ ကြဉ်သော စေတသိက် ဒွေပညာသတို့အားငင်း၊ တံ သမုဋ္ဌာနာနံ—ထိုဟိတ်, ဟိတ်နှင့်ယှဉ်သော စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ— စိတ္တဇ ရုပ်, ပဋိသန္ဓေကမ္မဇ ရုပ်တို့အားငင်း၊ ဟေတု ပစ္စယေန- ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော- ဥပကာရကော— ကျေးဇူးပြုတတ်သည်၊ ဟောတိ—ဖြစ်၏။

ထိုပါဠိတို့တွင် ဟေတု ပစ္စယော ဟူသော ပါဠိဖြင့် နိဒ္ဒိသိတဗ္ဗမ္မကို ပြတော်မူ၏၊ ဟေတူ ဟေတု သမ္ပ-လ-ယော- ဟူသော ပါဠိဖြင့် နိဒဿနာကာရကို ပြတော်မူ၏၊ ထိုနိဒဿနာကာရ ပါဠိတို့တွင် ဟေတူ ဟူသော ကတ္တားပါဠိဖြင့် ဟိတ်ခြောက်ပါး ပစ္စည်း တရားကို ပြတော်မူ၏၊ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟူသော သမ္ပဒါန်ပါဠိဖြင့် သဟိတ်စိတ် ကေသတ္တတိ, မောဟမူဒွေး၌ မောဟ ကြဉ်သော စေတသိက် ဒွေပညာသ, သဟိတ် စိတ္တဇ ရုပ်, သဟိတ် ပဋိသန္ဓေ ကမ္မဇ ရုပ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏၊ ဟေတု ပစ္စယေန ဟူသော ကရိုဏ်းပါဠိဖြင့် တပ္ပိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ— သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဟေတုပစ္စည်း၏ အရကောက် မဆုံးသေးပါ၊ တနည်းအား ဖြင့် ဆက်၍ ဆိုရပါဦးမည်၊ ဤမျှဖြင့် စာသင်သားတို့ ပဋ္ဌာန်း သင်ကြားရပုံကို အတော်အသင့် အကဲခတ်မိနိုင်လောက်၏၊ ထိုပြင် ဤသည်တို့နှင့် ပဋ္ဌာန်းအလင်းပြ၏ ရှင်းလင်းချက်ကို လည်း ကွင်းကွင်းကွက်ကွက် နှိုင်းယှဉ်နိုင်၏၊ ပဋ္ဌာန်းအလင်းပြ၌ ၂၄-ပစ္စည်းတို့ကို တပါးစီ အသီးသီးရှင်းပြထား၏၊ ထိုပစ္စည်း ပစ္စယုပ္ပန်တို့တွင် စိတ်, စေတသိက်, ရုပ်

စာကြည့်တိုက်
၈၃၄၁

ထိုတရားတို့ကို လေ့လာပြီး မရှိသူတို့အတွက် ခက်ကောင်း ခက်နေမည်၊ သို့ရာတွင် စိတ်ပျက်ဖွယ် မရှိပါ၊ ဆုံးခမ်းတိုင်အောင် ပြီးမြောက်အောင် ဖတ်ရှုလေ့လာသွားပါက နောက်ပိုင်းတွင် ထိုတရားတို့ကို အသေးစိတ် ရှင်းပြထားသည်ကို တွေ့ရပါ လိမ့်မည်။

လယ်တီ ဆရာတော်ဘုရားသည် အင်္ဂလိပ် အမျိုးသမီး လန်ဒန် ပါဠိဒေဝီ ပဋ္ဌာန်းကျမ်းကြီးကို ကြည့်ရှု လေ့လာနိုင်အောင် အလင်းပြသော ကျမ်းဖြစ်၏၊ သူနှင့်စာပါလျှင် မြန်မာတို့က ပိုပြီး ဗုဒ္ဓဓမ္မနှင့် နီးစပ်၏၊ ထို့ကြောင့် တကယ်လေ့လာပါလျှင် သူ့ထက် အများကြီး သာနိုင်၏၊ လိုလိုချင်ချင်နှင့် ဖတ်ရှုဘို့သာ လို၏၊ မိမိသည် ဤပဋ္ဌာန်းကျမ်း အပါအဝင် အဘိဓမ္မာ ခုနစ်ကျမ်းနှင့် ပတ်သက်သော သိမှတ်ဖွယ် အကြောင်းအရာ အဖြာဖြာတို့ကို အဘိဓမ္မာ အမည်ရှိသော ကျမ်း၌ အတန် ကျယ်ဝန်းစွာ ဖွင့်ဆိုထားပါသည်၊ ထိုတွင် တောင်ပိုင်း–မြောက်ပိုင်း ဗုဒ္ဓအဘိဓမ္မာ သရုပ်တို့ကို နှိုင်းယှဉ်ဖော်ထုတ်ထား ပါသည်၊ အကယ်၍ လိုအပ်ပါက ဤကျမ်းကို ထိုကျမ်းနှင့် တွဲဖက် ကြည့်ရှုသင့်ပါသည်၊ ဥရောပသည် သိပ္ပံပညာ၌ အထွတ် အထိပ်သို့ ရောက်နေ၏၊ ထိုအတွက် သူတို့ကို အမှီလိုက်ရန်မှာ မလွယ်လှပါ၊ ဤသို့ ဗုဒ္ဓဓမ္မနှင့် ပတ်သက်သော အချက်အလက် မှာကား ငါတို့ထံ တပည့်ခံရမည်ဟု ဆောက်တည်ကာ လေ့လာ သင့်၏။

ယခုလူများ လွန်စွာ ကံကောင်းလှပါ၏၊ လွန်စွာ ခက်ခဲ နက်နဲသော အဘိဓမ္မာ ပဋ္ဌာန်းကျမ်းကြီးကို လွယ်လွယ်-ကူကူ လေ့လာယူနိုင်သောကြောင့်ပင် ဖြစ်၏၊ ရှေးလူတို့သည် ဤမျှ

လွယ်ကူစွာ လေ့လာ၍ သိခွင့် မရကြပါ၊ အိုးအိမ်တည်ထောင်၍ လူ့ဘောင်၌ နေသူများကို မဆိုထားဘိ ရဟန်းတော်များပင် အလွန် ခက်ခဲစွာဖြင့် လေ့လာ သင်ကြားကြရ၏၊ သို့ဖြင့် ပဋ္ဌာန်းကျမ်း သင်ကြားမှု ပြီးမြောက်၍ စာမေးပွဲ အဆင့်ဆင့် အောင်မြင်ခဲ့သော်လည်း ပဋ္ဌာန်း၏ ဆိုလိုရင်းအချက်ကို နက်နက်-နဲနဲ သိမှ သိမည်၊ စင်စစ် မသိသူက များ၏၊ လူ့ဝတ် ကြောင်တို့ အနေဖြင့်ကား ဆိုဖွယ် မရှိချေ၊ တနိုင်ငံလုံးတွင် တယောက်-နှစ်ယောက် ရှိကောင်းမှ ရှိမည်၊ ယခုမူ စာဖတ်သူတိုင်း လိုလိုပင် အလွယ်တကူ လေ့လာယူနိုင်၏၊ တကယ် တတ်သိ နားလည်လိုစိတ်, လေ့လာ ဆည်းပူးလိုစိတ် ထက်သန်ဘို့သာ လို၏၊ ပဋ္ဌာန်းစကားနှင့် ပြောရပါလျှင် အဓိပတိ ပစ္စည်းတပ်ဘို့ သာ လို၏၊ အကယ်၍ အဓိပတိပစ္စည်း တပ်ပါလျှင် လောက တွင် ဘယ်အရာ မပြီးမြောက်ဘဲ ရှိမည်နည်း။

ယခုအခါ ဗုဒ္ဓဝါဒ လက်ခံယုံကြည်သူကို သာမညအားဖြင့် နှစ်မျိုး နှစ်စား ဖြစ်နေသည်ကို တွေ့ရ၏၊ တမျိုးမှာ မိရိုးဘလာ ဗုဒ္ဓဘာသာဖြစ်၍ နောက်တမျိုးမှာ တိုးတက်သော အတွေး အခေါ်ရှိသည့် ဗုဒ္ဓဘာသာ ဖြစ်၏၊ အကယ်၍ အဘိဓမ္မာ ပဋ္ဌာန်းဒေသနာကို သဘောပေါက်အောင် ကောင်းစွာ လေ့လာ ပြီး မဟုတ်ပါက ဘယ်ဗုဒ္ဓဘာသာမှ သဘာဝကျကျ မှန်ကန် လှမည် မဟုတ်ချေ၊ ပဋ္ဌာန်း ပစ္စည်းတို့ကို ပိုင်နိုင်စွာ လေ့လာ ပြီးပါလျှင် မိမိ ယုံကြည်ချက် ဗုဒ္ဓဝါဒသည် လွန်စွာ တောက်ပ လာသည်ကို တွေ့ရပေမည်၊ ထိုအခါ ဘဝသံသရာ ကမ္ဘာ လောကကြီးတွင် ဘယ်အကြောင်းအရာမဆို ပဋ္ဌာန်း အချက် အလက်တို့ဖြင့် လေးနက်နေပေမည်၊ မြစ်ကြီး ငါးသွယ် မြစ်ငယ်

ငါးရာမှ စီးသော ရေတို့သည် မဟာသမုဒ္ဒရာ၌ အလုံးစုံ ပေါင်းဆုံသကဲ့သို့ ပိဋကသုံးသွယ်၊ နိကာယ်ငါးဖြာ,ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်တို့သည် အနန္တနယ သမန္တ မဟာ ပဋ္ဌာန်းကျမ်းကြီး၌ အလုံးစုံ ပေါင်းဆုံကြ၏၊ မြစ်ကြီး ငါးသွယ် မြစ်ငယ် ငါးရာတို့မှ အရပ် ဒေသ နေရာ ဌာန စသည်တို့ အလိုက် မတူ ကွဲပြား ခြားနားသော ရေတို့သည် မဟာသမုဒ္ဒရာ၌ တမျိုး တစားတည်း ဖြစ်ကုန်သကဲ့သို့ ထိုအတူ ပိဋကသုံးသွယ် နိကာယ်ငါးဖြာတို့မှ အရပ် ဒေသ နေရာ ဌာန ပုဂ္ဂိုလ်၏ အဇ္ဈာသယ စသည်တို့အလိုက် မတူကွဲပြား ခြားနားသော ဓမ္မတရားတို့သည် မဟာပကရဏ ပဋ္ဌာန်းကျမ်းကြီး၌ တမျိုးတစားတည်း အဖြစ် တည်ရှိကုန်၏၊ ထိုကြောင့် ဗုဒ္ဓဓမ္မ ကို ပိုင်နိုင်စွာ သဘောပေါက် နားလည်ရန်အတွက် ပဋ္ဌာန်း ပစ္စည်းတို့ကို ကောင်းစွာ လေ့လာသင့်၏၊ သို့မဟုတ်ပါက ဗုဒ္ဓ ဓမ္မကို ကောင်းစွာ သိနိုင်မည် မဟုတ်ပါ။

၄

နီလာ နီလာ နိဒ္ဒဿရတ္တိ,
ပီတာ ပီတာ စ ရံသိယော၊
လောဟိတာ လောဟိတာ စဘာ
ဩဒါတော ဒါတ ရံသိယော။

**ပဋ္ဌာနံ**— နက်နဲထူးဆန်း ပဋ္ဌာန်းကျမ်းကို၊ **သမ္မသန္တဿ**- အနုလုံ·ပဋိလုံ အစုံ·အဆန် အဖန်ဖန် ဆင်ခြင်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊ **နီလာ**- ဆံတော် မုတ်ဆိတ်

တော် မျက်ဝန်းတော်တခို စိမ်းညိုသော အရပ်ဌာနမှ၊ **နီလာ** ကြာညို ခွာညို ရတနာညိုကဲ့သို့ စိမ်းတစိုစို မြသားလိုဖြင့် ညိုမှောင်သော ရောင်ခြည်တော်တို့သည်၊ **နိစ္ဆရန္တိ**–နေအထောင် လအထောင်, ပြဟ္မာနတ်အရောင်, ရတနာ နဝရတ်အရောင်တို့ကို ထိပ်ခေါင်းကလွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့သြဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးကြလေကုန်၏။

**ပီတာစ**-သိင်္ဂီရွှေလျှော် အရေတော်မှလည်း၊ **ပီတာ**- မဟာလျော့ကား ရွှေစကားနှင့် ရွှေသား ရွှေရည် ထိန်ကြည်သစ်လင်း ပပဝင်းကုန်သော၊ **ရံသိယော** - ဝါရောင်ဝင်းလျှပ် ရောင်ခြည်ဓာတ်တို့သည်၊ **နိစ္ဆရန္တိ**-နေအထောင်, လအထောင်, ပြဟ္မာနတ် အရောင်, ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်ကလွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့သြဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးကြလေကုန်၏။

**လောဟိတာ**— အာတော်, လျှာတော်, နှုတ်ခမ်းတော်နှင့် ခြေဖဝါး, လက်ဖဝါးတော်စသော ကိုယ်တော် အစိတ်စိတ်မှ၊ **လောဟိတာ**- ခေါင်ရမ်းနှင်းဆီ ကမ္ဗလာနီနှင့် ကြာနီအလား ပတ္တမြား အဆင်းရှိကုန်သော၊ **အာဘာ**- နီရောင်ဝင်းလျှပ် ရောင်ခြည်ဓာတ်တို့သည်၊ **နိစ္ဆရန္တိ**- နေအထောင်, လအထောင်, ပြဟ္မာနတ် အရောင်, ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့သြဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

**ဩဒါတာ**-စွယ်တော်သွားတော် မျက်ဖြူတော်အစုံ ဥဏ္ဏာလုံ မွေးရှင်တော် ခါတ်မှ၊ **ဩဒါတ ရံသိယော**-စပယ်ကြက်ရိုး ငွေနှင်းပန်းကုံးနှင့် ကြာဖြူပန်းအသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ရောင်ခြည်တော် ဓါတ်တို့သည်၊ **နိစ္ဆရန္တိ**-နေအထောင်, လအထောင်, ဗြဟ္မာနတ်အရောင်, ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

တမှာ တမှာ စ မဉ္ဇိဋ္ဌာ,
ပဘာသန္တိ ပဘဿရာ၊
ဝေံ ဆဗ္ဗဏ္ဏာ ရံသိယော,
ဌာတု မေ ဘဂဝါ သိရေ။

**တမှာ တမှာ**-အထက် ဆံဖျားတော် တလျှောက်မှ အောက်ခြေဖဝါးတော်တခို ထိုထို-ထိုထို ကိုယ်တော် အစိတ်စိတ်မှ၊ **မဉ္ဇိဋ္ဌာစ** ခရမ်းသွေးအရောင်, မရမ်းသွေးအရောင် တဝေဝေ တပြောင်ပြောင် သပြေရောင်အဆင်းကဲ့သို့ ထိန့်ဝင်း ညိုမောင်းသော ရောင်ခြည်တော်တို့သည်၎င်း, **ပဘဿရာစ**-နတ်မီး အရောင်, လျှပ်စည်း အရောင်, ရတနာမျိုးစုံ အရောင်, ကြာမျိုးစုံအရောင် ထိန့်ပြောင်း ဝင်းလက် ကြက်လျှာပြန့် စိန်ရောင် ထွက်သကဲ့သို့ ရိုးရိုး ရက်ရက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည်၎င်း၊ **ပဘာသန္တိ**-နေအထောင်, လအထောင်, ဗြဟ္မာနတ် အရောင်, ရတနာ နဝရတ်ရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုး ကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးကြလေကုန်၏။

ဝေံ-၍အရောင် ခြောက်သွယ် ဂုဏ်တော်အထူးကို ချီးကျူး ဖွင့်ဆိုခဲ့သည့်အတိုင်း၊ **ဆဗ္ဗဏ္ဏ ရံသီယော**-အညိုတဖြာ, အဝါ တလီ, အနီတဆူ, အဖြူတကြောင်း, အမောင်းတချက်,ပြိုးပြက် ငါးပါး ခြောက်ပါးရောင်ဆိုင် အပြိုင်ပြိုင်ကို စိုးပိုင် ရရှိတော် မူပေသော၊ **ဘဂဝါ**-ဘုန်းတော်သရဖူ ဆောင်တော်မူ၍ အောင် သူညွှတ်ရုံး အထွတ်ဆုံးလည်း ဖြစ်တော်မူပေထသော၊ **သော**-ထိုသုံးလောက ထွတ်ဖူး နိဗ္ဗာန်မှူး ဖြစ်တော်မူသော ရှင်တော် မြတ်သုရားသည်၊ **မေ**-ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် ဖွဲ့စည်းကလာပ် ရုပ်နာမ်ဓာတ်ကို စွဲမှတ်သမုတ် အကျွန်ုပ်၏၊ **သိရေ**-ဆံပင်ဂနိုင် ပန်းမြိုင်တောညို စိမ်းစိုနွဲ့နှောင်း ဦးခေါင်း တွင်ခေါ် တောင်ထွတ်ပေါ်၌၊ **ဌာတု**-ပဋ္ဌာန်းဉာဏ်သွား ဈာန်ကစားလျက် တန့်နားကိန်းဝပ်တော်မူလှဲ့ပါ သုံးလောက ကေသျှောင် ရွှေဘုန်းခေါင် ကိုယ်တော်မြတ်ကြီးဘုရား။

မိမိသည် အဘိဓမ္မာ စာအုပ်တွင် ဝိသုဒ္ဓါရုံ ဆရာတော်၏ ဆဗ္ဗဏ္ဏရံသိ ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုးကို ထည့်သွင်း ဖော် ပြခဲ့ပါ၏၊ ၎င်းတွင်မူ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ပဋ္ဌာန်းအမွှန်း နှစ်ဂါထာနှင့် ပဋ္ဌာန်းအလင်းပြကို ဖွင့်လိုက်ပါ သည်၊ ဂါထာ ပါဠိ-အနက်ကို ကျက်မှတ်ပြီး ကြည်ညိုလိုသူများ ကြည်ညိုကြပါကုန်၊ ရှစ်လုံးဖွဲ့ မြန်မာကဗျာဖြင့် ကြည်ညိုလိုသူ များလည်း ရှိပေဦးမည်၊ သူတို့အတွက်လည်း ဆက်လက် ဖော် ပြသင့်ပေသည်၊ ရှစ်လုံးဖွဲ့ မြန်မာကဗျာတို့ကို ဓမ္မရသ၌သာ ဖွဲ့ဆိုနေ၏၊ အခြား အကြောင်းအရာ အရသာတို့မှာလည်း ဖွဲ့ဆို သင့်၏၊ ဓမ္မတရား၌ ကျက်စားနေသော ကဗျာမျိုးဖြစ်၍ အထင် သေးနေကြဟန် တူသည်။

၁

ဘုန်းတော်အောင်ပန်း-ညောင်နန်းမဏ္ဍိုင်,
ပလ္လင်ဘူမိ- ဗောဓိ ခရိုင်၊
ပြိုင်ဆိုင် ရန်လေး-မာန်ဘေး ခုတ်ချိုင်,
သစ္စာပန်း— ဆင်မြန်း ရွှေလက်ကိုင်။

၂

ရေမြေ ဘဝဂ်- ပျံ့တက် ဆူဝေ,
နတ်လူညွှတ်ဦး- ထွတ်ဖူး ပရမေ၊
သတ္တာသတ္တ- ပြောင်းကြွ ကွန့်ချွေ,
ရွှေအိမ်နန်း- စံမြန်း ခါတွဲလေ။

၃

ဟေတူ ဟေတု-မြေထု လှိုက်ခုံ,
ရွှေဉာဏ်တော်စွမ်း- ပဌာန်း အစုံ၊
ဆင်ခြင် တုံဘိ- ပဋိ နှုလုံ,
ကိုယ်တော်ကြီး- ရေမီး ဝိုက်သန်းခြုံ၊

၄

ဆံကေမြကိုး- မျက်လုံး မျက်မှောင်,
မုတ်ဆိတ်တော်များ- မြသား အရောင်၊
အစိတ်စိတ်မှ- ဖိတ်ဖိတ် ညိုမှောင်,
ထိန်ထိန်လျှမ်း- တိမ်ပန်းအာကာဘောင်။

၅

မြရောင်ပြိုးသ- နီလ ခေါ်ဆို,
စိမ်းပြာမှောင်ခဲ- အောင်မဲ အညို၊
ထွက်ကွန့်မြူးတော့- ကြည်နူး ဖွယ်ကို,
နီလာယပ်- လွှဲခပ် နေသလို။

၆

ကြာညို လှိုင်တုန်း- မြိုင်လုံးပွင့်ဟန်,
တိမ်ညို ပုဆိုး- ဖြန့်မိုး ဗိတာန်၊
ဥဒေါင်းလည်ရေး- မြသွေး သဏ္ဍာန်,
တခွင်လုံး- ရှင်ပြုံး မြရေကန်။

၇

အရေတော်ပါး- ရွှေသား သိင်္ဂီ,
ဝါလျှံ ထိန်စင်း- ကိုယ်တွင်း အဆီ၊
ကြည်ကြည် ပလို့- ပီတ ရံသီ,
တလက်လက်- ပေါ်ထွက် ပြန်ကြပြီ။

၈

နေရောင်ထိုးယှက်-ပြိုးပြက်ရွှေတောင်,
ရွှေရည်ရွှေမိုး- စွေဖြိုး သယောင်၊
ရွှေဗိတာန်မိုး- ပြိုးပြိုး ပြောင်ပြောင်,
လွှဲလွှဲခပ်-ရွှေယပ် ရာသောင်းထောင်။

၉

မဟာလေ့ခါး- စကားရွှေနှယ်,
ရွှေရောင်ဓာတ်သန်း-လျှပ်ပန်းသဖွယ်၊
ရှုမခန်းပ–ဆန်းဆန်း ကြယ်ကြယ်,
တိုက်အလုံး- ရွှေကုံး ဆင်သခြယ်။

၁၀

လျှာတော် နှုတ်ခမ်း- နီမြန်းစုံညီ,
ခြေလက် နှစ်ပါး- ဖဝါး အနီ၊
ကိုယ်တော် အသွေး- တွေးတွေးရုံသီ,
ထွက်ကွန့်မြန်း- ခက်ပန်းခိုင်နှင်းဆီ။

၁၁

ပတ္တမြားကြီး- နေမီး တူပြိုင်,
နီတွေးရောင်လျှမ်း- ခေါင်ရမ်း အခိုင်၊
တိမ်ပန်းတိမ်ညွန့်- လိမ်တွန့် ဆိုင်ဆိုင်,
ရဲရဲညီ- မဏိ ကျောက်ဂူလှိုင်။

၁၂

ကမ္ဗလာ့ဖဲ့– ရဲရဲ ရစ်ရုံ,
ဗိတာန် ဖြန့်မိုး- နီမျိုး အစုံ၊
မဏိ ယပ်ဆွဲ– ခပ်လှဲ့ သည့်ပုံ,
တိုက်ခပင်း- အလင်း ဝိုက်သိုင်းခြုံ။

၁၃

စွယ်တော်လေးခေတ်-သွားမြတ် လေးဆယ်,
ဉဏ္ဏလုံမွေး- ဖြူဖွေး အနွယ်၊
မျက်ဖြူတော်မြတ်- ရိုးခေတ် သွယ်သွယ်,
ညြဒါတ- ဖြူဆွ လွန်စင်ကြယ်။

၁၄

စပယ် ကြက်ရိုး- ဇွန်ကုံး ပန်းမာလ်,
ဘွဲ့ဖြူ ပုဆိုး- ဖြန့်မိုး ဗိတာန်၊
ပုလဲ ဆင့်လို့- ရွှဲနှင့် ဖာလ်မှန်,
အရှိန်ဟပ် – စိန်လျှပ် ပုံသဏ္ဍာန်။

၁၅

စိန်ကျောက်ခပဲ- မြှောက်ကြဲ မှောက်သွန်,
သုန်သုန် လေဖြန်း- ရေပန်း တံခွန်၊
ငွေရေ ယဉ်ကြီး- ကျစီး ငွေပြွန်,
ရောင်ဖြူဖွေး- ရောထွေး လိမ်ယှက်လွန်။

၁၆

ငွေပုဏ္ဏိန်စန်း- လနန်း သျှဉ်ဆောင်
ယုန်ဖြူ စက်ဝန်း- တက်ထွန်းသယောင်၊'
နွဲ့တသိမ့်သိမ့်- ငြိမ့်ငြိမ့် ပါအောင်,
ခပ်လေငြား- ငွေသား ငွေယပ်တောင်။

၁၇

ဘုံနယ်တလွှား- ဘော်သားဘော်ဆိုင်,
ကြယ်စုံသောက်ရှူး-သောက်မြူးအပြိုင်၊
ဖြူရောင်ယှက်လို့- ဘဝဂ် ဘုံတိုင်,
ဆင့်ဆင့်ပြေး- ဖြူဖွေး ဘယ်ဆုံးနိုင်။

၁၈

ဆံတော် အဖျား- ဖဝါးတော်တိုင်,
ရွှေကိုယ်တော်လုံး- ပတ်ကုံး တပြိုင်၊
အစိတ်စိတ်မှ- ဖိတ်ဖိတ် ရောင်ဆိုင်,
မဉ္ဇိဋ္ဌ- ထွက်ကြွ ကွန့်မြူးလှိုင်။

၁၉

သပြေမှည့်ကြီး- အသီး ရောင်ပေ,
မိုးကြိုးရည်ကောင်း- နီမောင်း သလေ၊
ခရမ်း ရင့်ရင့်- ပန်းပွင့် ပုံနေ,
ရှုမညောင်း- ရောင်မောင်းလျှံကွန့်ဝေ။

၂၀

နီတွေး နုထွား- ဖဝါးတော်စုံ,
ရောင်လျှံတော်ဆုံး- ကိုယ်လုံး အကုန်၊
အစိတ်စိတ်မှ- ဖိတ်ဖိတ် ရောင်ဟုန်,
ပြိုးပြိုးပြက်- မြန်းထွက် လေကြပုံ။

## ၂၁

ဆေးစုံ စပ်နှော- မြွတ်သော ရောင်ရှိန်,
မီးပန်း လျှပ်ပန်း- နတ်နန်း ဝတိန်၊
ဥက္ကာ ကြယ်ကြီး- ညီးညီး ထိန်ထိန်,
နေရောင်ယှက်- ဒေါင်းကွက် ရတီစိန်။

## ၂၂

ယိမ်းတန္တန္တ- စိမ်းလဲ့ ဝါရောင်,
ပန်းစုံ ဆင်နွဲ- လွင့်ကြဲ သယောင်၊
မိလ္လာ ဆန်းတဲ့- တိမ်ပန်း တိမ်တောင်,
လက်လက်လျှမ်း-ပြက်သန်းနေသောင်းထောင်။

## ၂၃

ခြောက်ဖြာ လူးလွန့်- မြူးကွန့် ရောင်ဝေ,
ကျောက်မျိုး စိန့်မျိုး- မှိန့်ညိုး သလေ၊
ဘုံဗြဟ္မာနတ်- ပြာသာဒ် ဆောင်ဘေ့,
ထွန်းနိုင်ဘဲ- ပြာမွဲ မှောင်ရချေ။

## ၂၄

မြရောင်စိန်ရော- မှိန်သော ရောင်ခြည်,
နေဝန်း လဝန်း- ပထွန်း မကြည်၊
ဗြဟ္မာဂိုဏ်းနှင့်- နတ်တိုင်း ရွှေပြည်,
နေရောင်ဖုံး- ပိုးစုန်း တူကြသည်။

၂၅

လောကဓာတ်လုံး- မဆုံး နိုင်ပေါင်၊
ဒိသာ ဆယ်ခန်း- ကြွမြန်း အရောင်၊
မြေထု ရေထု- လေထု ကုန်အောင်၊
ဆင့်ဆင့်စွဲ-တင့်ကဲ ထိန်တောက်လှောင်။

၂၆

ပဋ္ဌာန်း သိမ်မွေ့- ရှိန်ငွေ့ တော်ပင်၊
ခြောက်ဆူ ရောင်ဖြိုး- တန်ခိုး အရှင်၊
ဆဗ္ဗညုတာ- မည်ရ ကျော်ထင်၊
ဦးညွှတ်တွား- ဘုရား မြတ်သခင်။

၂၇

ကြည်ညို လေးမြတ်- ရေးစပ်နှိုင်းချိန်၊
လယ်တီပဏ္ဍိ- ကဝိ ကဝိန်၊
သဒ္ဒါပွားလို့- နာကြား မြိန်မြိန်၊
ရွတ်ဆိုရေး- လှူပေး ဉာဏ်စက်ရှိန်။

ပိဋကတ်တို့တွင် အဘိဓမ္မာသည် ခက်ခဲ နက်နဲ၏၊ ထိုတွင်လည်း ပဋ္ဌာန်းသည် ခက်ခဲ နက်နဲ၏၊ သမုဒ္ဒရာ၏ တဘက်ကမ်းကို မမြင်နိုင်သကဲ့သို့ ပဋ္ဌာန်းကျမ်း၏ တဘက်ကမ်းကိုလည်း မမြင်နိုင်ချေ၊ ဤမျှ ခက်ခဲ နက်ရှိုင်း၏၊ ဤ ပဋ္ဌာန်းအလင်းပြကို လွယ်ကူစေရန် အတတ်နိုင်ဆုံး ကြိုးစားထားပါသည်၊ သို့ရာတွင်

အဘယ်မျှ ကြိုးစားစေကာမူ မူလ ပင်ကိုယ်ကပင် အနန္တနယ သမန္တ ဖြစ်နေသဖြင့် အခြား ပိဋကတို့ကဲ့သို့ လွယ်ကူစေရန် မစွမ်းနိုင်ပါ၊ လွယ်ပါသည် ဆိုစေကာမူ အခြား ပိဋကတို့၏ အခက် အခဲထက် လွန်ကဲနေမည်မှာ ယုံမှားဖွယ် မရှိပါ၊ ထို့ကြောင့် ဤတွင် အသင့်အဘင့် စိုစို ပြေပြေ ဖြစ်စေရန် လယ်တီ ပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ရောင်ခြည်တော်ဖွင့် ရှစ်လုံးဖွဲ့ မြန်မာကဗျာကို ထည့်သွင်းလိုက်ရခြင်း ဖြစ်၏၊ နိဒါန်း၏ အစတွင် သူ၏ ရှစ်လုံးဖွဲ့ အစကို ဖော်ပြခဲ့၏၊ ယခု တဖန် ထိုမှ ပေါက်ဖွား ဖွံ့ဖြိုး တိုးတက်လာသော ရှစ်လုံးဖွဲ့ဖြင့်ပင် ဤနိဒါန်းကို အဆုံးသတ်လိုက်ပါသည်၊ ဆက်လက်၍ ပဋ္ဌာန်း ပစ္စည်းတို့ကို သိပ်သည်းစွာ လေ့လာကြပါကုန်။

သော်ဇင်

၁၇-၉-၇၀

# ပစ္စယဒ္ဒီပနာ

## ၁-ဟေတုပစ္စယော

အဘယ် တရားသည် ဟေတုပစ္စည်း မည်သနည်း။

လောဘ, ဒေါသ, မောဟ-အလောဘ, အဒေါသ, အမောဟ တရားသည် ဟေတုပစ္စည်း မည်၏။

အဘယ် မည်ကုန်သော တရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်သနည်း။

လောဘ, ဒေါသ, မောဟ-အလောဘ, အဒေါသ, အမောဟ နှင့်တကွ ဖြစ်ကုန်သော စိတ် စေတသိက်ဖြစ်ကုန်သော တရား, ရုပ်ကလာပ် ဖြစ်ကုန်သော တရားတို့သည် ဟေတုပစ္စည်း ကြောင့် ဖြစ်ကုန်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ကုန်သော တရားတို့ မည်ကုန်၏။

တကွဖြစ်ကုန်သော ရုပ်ကလာပ် မည်သည်ကား သဟိတ် ပဋိသန္ဓေ ခဏ၌ ကမ္မဇရုပ်, ပဝတ္တိ အခါ၌ သဟိတ် စိတ္တဇရုပ် တို့သည် တကွဖြစ်သော ရုပ်ကလာပ် မည်၏၊ ထိုစကားရပ်၌ ပဋိသန္ဓေ ခဏမည်သည်ကား ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို ဆိုအပ်၏၊ ပဝတ္တိကာလ မည်သည်ကို ပဋိသန္ဓေစိတ်၏ ဌီ ခဏမှ စ၍ စုတိကာလတိုင်အောင် ဆိုအပ်၏။

အဘယ်သို့သော အနက်သဘောကြောင့် ဟေတု မည်သနည်း၊ အဘယ်သို့သော အနက် သဘောကြောင့် ပစ္စည်းမည်သနည်း။

အမြစ်ဟူသော အနက်သဘောကြောင့် ဟေတု မည်၏၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် ပစ္စည်းမည်၏။

ထိုစကားရပ်၌ မူလ ယမိုက်၌ ဟောတော်မူအပ်ကုန်သော လောဘ အစရှိကုန်သော မူလ တရားတို့၏ မူလ၏ အဖြစ်သည် မူလဋ္ဌ မည်၏၊ ထိုမူလဋ္ဌကို 'မူလ ယမက ဒီပနီ' အမည်ရှိသော ကျမ်း၌ ငါတို့သည် သစ်ပင် ဥပမာဖြင့် ပြအပ်ပြီးသည်သာလျှင် တည်း။

တပါးသောနည်းကို ဆိုဦးအံ့၊ ယောကျ်ား တယောက်သည် မိန်းမ တယောက်၌ တပ်နှစ်သက်သော စိတ်ဖြစ်၏၊ သူသည် ထိုစိတ်ကို မစွန့်သမျှ ထိုမိန်းမကို အာရုံပြု၍ သူ့အား လောဘနှင့် တကွ ဖြစ်ကုန်သော ကာယကံ, ဝစီကံ, မနောကံတို့လည်း ဖြစ်ကုန်၏၊ လောဘကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့လည်း ရှည်မြင့်စွာသော ကာလပတ်လုံးလည်း ဖြစ်ကုန်၏၊ အလုံးစုံလည်း ဖြစ်ကုန်သော ထိုစိတ်, စေတသိက်, ရုပ်တို့သည် ထိုမိန်းမ၌ တပ်နှစ်သက်သော လောဘသာလျှင် အကြောင်းရင်း ရှိကုန်၏၊ ထိုလောဘသည် ထိုစိတ် စေတသိက် ရုပ်တို့၏ အမြစ်ဟူသော အနက်သဘောကြောင့် ဟေတုလည်းမည်၏၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် ပစ္စည်းလည်းမည်၏၊ ထိုနှစ်ပါးသော အကြောင်းကြောင့် ဟေတု ပစ္စည်းမည်၏၊ ကြွင်းကုန်သော တပ်နှစ်သက်အပ်သော ဝတ္ထုတို့ကို အာရုံပြု၍ တပ်နှစ်သက်သည်၏ အစွမ်းဖြင့် ဖြစ်ကုန်သော လောဘ, ပြစ်မှားအပ်သော ဝတ္ထုတို့ကို အာရုံပြု၍ ပြစ်မှားသည်၏ အစွမ်းဖြင့် ဖြစ်ကုန်

သော ဒေါသ, တွေဝေအပ်သော ဝတ္ထုတို့ကို အာရုံပြု၍ တွေဝေသည်၏ အစွမ်းဖြင့် ဖြစ်ကုန်သော မောဟတို့၌လည်း ဤနည်းကို မှတ်အပ်၏။

ထိုဟေတု ပစ္စည်း၌ သစ်ပင်၏ အမြစ်တို့သည် အလိုလို မြေ၏ အတွင်း၌ ကောင်းစွာတည်၍ မြေ၏ အဆီ အရသာ, ရေ၏ အဆီ အရသာကို ယူ၍ ထိုသစ်ပင်သို့ အဖျားတိုင်အောင် ဆောင်၏၊ ထိုသို့ ဆောင်ခြင်းဖြင့် သစ်ပင်သည် ရှည်မြင့်စွာသော ကာလပတ်လုံး ကြီးပွားလျက် တည်၏၊ ထိုအတူ လောဘသည်လည်း ထိုထိုသို့သော ဝတ္ထုအာရုံ၌ တပ်နှစ်သက်သည်၏ အစွမ်းဖြင့် ကောင်းစွာ အာရုံပြုသောအားဖြင့် တည်၍ ထိုထိုသို့သော ဝတ္ထုအာရုံ၏ ချစ်အပ်သော သဘောရှိသော အဆီ အရသာ, သာယာအပ်သော သဘောရှိသော အဆီအရသာကို ယူ၍ သမ္ပယုတ် တရားတို့ကို ကိုယ်နှုတ်ဖြင့် လွန်ကျူးခြင်းတိုင်အောင် ဆောင်၏၊ ကိုယ်နှုတ်ဖြင့် လွန်ကျူးခြင်းသို့ ရောက်စေ၏၊ ထို့အတူ ဒေါသသည်လည်း ပြစ်မှားသည်၏ အစွမ်းဖြင့် မချစ်မနှစ်မြို့အပ်သော သဘောရှိသော အဆီအရသာ, မသာယာအပ်သော သဘောရှိသော အဆီအရသာကို ယူ၍—မောဟသည်လည်း တွေဝေသည်၏ အစွမ်းဖြင့် အထူးထူးသော အာရုံတို့၌ အချည်းနှီးသော စိတ်၏ ဖြစ်ခြင်းတည်းဟူသော အဆီအရသာကို ပွားစေ၍ ဤသို့ အစရှိသည်ဖြင့် ဆိုအပ်၏။

ဤသို့ ရှေးရှုဆောင်ကုန်သော တရားသုံးပါးတို့သည် တပ်နှစ်သက်အပ်သည် အစရှိကုန်သော အာရုံတို့၌ သမ္ပယုတ် တရားတို့ကို ရှင်စေ အလွန်ရှင်စေသည်တို့ကို ပြုသကဲ့သို့ ဖြစ်၍ ရှည်မြင့်စွာသော ကာလပတ်လုံး ဖြစ်စေကုန်၏၊ သမ္ပယုတ်

ဖြစ်သော တရားတို့သည်လည်း ထိုသို့သော အခြင်းအရာအား ဖြင့် ဖြစ်ကုန်သည်ရှိသော် သဟဇာတ်ဖြစ်သော ရုပ်ကလာပ်တို့ သည်လည်း ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သည်သာ လျှင်တည်း၊ ထိုစကားရပ်၌ သမ္ပယုတ် တရားတို့ကို ဆောင်၏ ဟူသော ပုဒ်၏ အနက်ကို ချစ်အပ်သော သဘော, သာယာ အပ်သော သဘောဟု ဆိုအပ်သော နှစ်ပါးသော အဆီ အရသာ တို့ကို သမ္ပယုတ်တရားတို့၏ အထံသို့ ရောက်စေတတ်၏ ဟူ၍ မှတ်အပ်၏။

သုက္ကပက္ခ၌ ထိုယောကျ်ားသည် ဝတ္ထုကာမ ကိလေသာ ကာမတို့၌ အပြစ်ကို မြင်သောအခါ သူသည် ထိုနှစ်သက်သော စိတ်ကို စွန့်၏၊ ထိုမိန်းမကို အာရုံပြု၍ အလောဘ ဖြစ်၏၊ ရှေးအခါ၌ ထိုမိန်းမကို အာရုံပြု၍ လောဘသာလျှင် အကြောင်းရင်း ရှိကုန်သော မစင်ကြယ်သော ကာယကံ ဝစီကံ မနောကံတို့ ဖြစ်ကုန်၏၊ ယခု အခါ၌လည်း အလောဘလျှင် အကြောင်းရင်းရှိသော စင်ကြယ်သော ကာယကံ ဝစီကံ မနောကံတို့ ဖြစ်ကုန်၏၊ ရဟန်းတို့၏ ပါတိမောက္ခ သံဝရ သီလ, စျာန်ပရိကံ အပ္ပနာစျာန်တို့သည် ဖြစ်ကုန်၏၊ ထိုအလောဘသည် ထိုအလောဘလျှင် အကြောင်းရင်းရှိသော စင်ကြယ်သော ကာယကံ, ဝစီကံ, မနောကံတို့၏ အရင်းအမြစ်ဟူသော အနက် သဘောကြောင့် ဟေတုလည်း မည်၏၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် ပစ္စည်းလည်း မည်၏၊ ထိုနှစ်ပါးသော အကြောင်းကြောင့် ဟေတုပစ္စည်း မည်၏၊ ကြွင်းသော လောဘ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော အလောဘ, ဒေါသ၏

ဆန့်ကျင်ဘက် ဖြစ်ကုန်သော အဒေါသ, မောဟ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော အမောဟတို့၌လည်း ဤနည်းကို မှတ်အပ်၏။

ထိုစကားရပ်၌ သစ်ပင်၏ အမြစ်ကဲ့သို့ အလောဘသည် ဝတ္ထုတို့၌ လောဘကို ပယ်၍ လောဘ၏ ကင်းခြင်းကို စွဲ၍ ဖြစ်သော ချမ်းသာတည်းဟူသော အဆီ အရသာကို ပွားစေ၍ ထိုလောဘ ဝိဝေက သုခဖြင့် သမ္ပယုတ် တရားတို့ကို ရှင်စေသည်တို့ကို အလွန် ရှင်စေသည်တို့ကို ပြုသကဲ့သို့ ဖြစ်၍ ဈာန် သမာပတ် ချမ်းသာ ဖြစ်သည်တိုင်အောင်ရှင်း, မဂ်ဖိုလ်ချမ်းသာ ဖြစ်သည်တိုင်အောင်ရှင်း ပွားစေ၏၊ ထိုအတူ အဒေါသသည် လည်း ဒေါသနေယျ ဝတ္ထုတို့၌ ဒေါသ၏ ကင်းခြင်းကို စွဲ၍ ဖြစ်သော ချမ်းသာတည်းဟူသော အဆီ အရသာကို ပွားစေ၏၊ အမောဟသည်လည်း မောဟနေယျ ဝတ္ထုတို့၌ မောဟ၏ ကင်းခြင်းကို စွဲ၍ဖြစ်သော ချမ်းသာတည်းဟူသော အဆီ အရသာကို ပွားစေ၏၊ ဤသို့ အစရှိသဖြင့် ဆိုအပ်၏၊ ဤသို့ ပွားစေတတ်ကုန်သော တရားသုံးပါးတို့သည် ကုသိုလ်တရားတို့၌ သမ္ပယုတ် တရားတို့ကို ရှင်စေ, အလွန်ရှင်စေသည်တို့ကို ပြုသကဲ့သို့ ဖြစ်၍ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း ဖြစ်စေကုန်၏၊ သမ္ပယုတ် တရားတို့သည်လည်း ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်၏၊ သမ္ပယုတ် တရားတို့သည်လည်း ထိုသို့သော အခြင်းအရာ အားဖြင့် ဖြစ်ကုန်သည်ရှိသော် သဟဇာတ်ဖြစ်သော ရုပ်ကလာပ် တို့သည်လည်း ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သာ လျှင်တည်း။

ထိုစကားရပ်၌ 'လောဘ ဝိဝေက သုခရသံ' ဟူသော ပုဒ်၏ ဝစနတ္ထကို ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏၊ "လောဘ၏ ကင်းခြင်း၌ဖြစ်သော ချမ်းသာသည် လောဘဝိဝေက သုခ မည်၏၊ လောဘ၏ ကင်းခြင်းကို စွဲ၍ ဖြစ်သော ချမ်းသာတည်း" ဟု ဆိုအပ်၏၊ လောဘ၏ ကင်းခြင်းကို စွဲ၍ ဖြစ်သော ချမ်းသာ သည်သာလျှင် အဆီ အရသာဟူ၍ ပုဒ်စပ်ခြင်းကို ပြုအပ်၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ပဋ္ဌာန်းနည်းတည်း။

သုတ္တန်နည်းကိုကား ဤသို့ မှတ်အပ်၏၊ အဝိဇ္ဇာဟု ဆိုအပ် သော မောဟနှင့်တဏှာဟု ဆိုအပ်သော လောဘ ဤတရား နှစ်ပါးတို့သည် အလုံးစုံလည်း ဖြစ်ကုန်သော ဝဋ္ဋဆင်းရဲ တရား တို့၏ အမြစ် အရင်းတို့ ဖြစ်ကုန်၏၊ ဒေါသသည်ကား လောဘ၏ အကျိုးဆက်မျှ ဖြစ်၍ဖြစ်သော အကုသိုလ် အမြစ်ဖြစ်၏၊ ဝိဇ္ဇာဟု ဆိုအပ်သော အမောဟနှင့် နေက္ခမ္မဓာတ်ဟု ဆိုအပ်သော အလောဘ-ဤတရား နှစ်ပါးတို့သည် ဝဋ္ဋကင်းသော တရားတို့၏ အမြစ်တို့ ဖြစ်ကုန်၏၊ အဒေါသသည်ကား အလောဘ၏ အကျိုး ဆက်မျှ ဖြစ်၍ ဖြစ်သော ကုသိုလ်အမြစ် ဖြစ်၏၊ ဤခြောက်ပါး သော အမြစ်မူလတို့သည် သဟဇာတ်လည်း ဖြစ်ကုန်သော နာမ်ရုပ်တရားတို့အား ကျေးဇူးပြုတတ်ကုန်၏။

* * *

## ၂—အာရမ္မဏ ပစ္စယော

အဘယ်တရားသည် အာရမ္မဏ ပစ္စည်း မည်သနည်း။

စိတ် စေတသိက် တရားအလုံးစုံ, ရုပ်တရား အလုံးစုံ, နိဗ္ဗာန် အလုံးစုံ, ပညတ် အလုံးစုံတို့သည် အာရမ္မဏ ပစ္စည်းမည်၏၊ စိတ်၊ စေတသိက်တို့၏ အာရုံ မဖြစ်သော တပါးလည်း ဖြစ်သော တရားသည် မရှိသည်သာလျှင်တည်း၊ အကျဉ်း အားဖြင့်ကား အာရုံသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ ဟူ၍ ခြောက်ပါး အပြားရှိ၏။

အဘယ်တရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရား မည်ကုန်သနည်း။

စိတ် စေတသိက် ဖြစ်ကုန်သော တရားအလုံးစုံတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏၊ ထင်ရှားသော အာရုံ - မထင်ရှားသော အာရုံနှင့် ကင်း၍ ဖြစ်သော စိတ်သည် စိုးစဉ်းမျှ မရှိသည်သာတည်း။

ထိုစကားရပ်၌ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည် စက္ခုဝိညာဉ် နှစ်ပါးအားရင်း, ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံသည် သောတဝိညာဉ် နှစ်ပါးအားရင်း, ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံသည် ဃာနဝိညာဉ် နှစ်ပါးအားရင်း ပစ္စုပ္ပန်ဖြစ်သော ရသာရုံသည် ဇိဝှာဝိညာဉ် နှစ်ပါးအားရပ်း, ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ သုံးပါးသည် ကာယဝိညာဉ် နှစ်ပါးအားရင်း, ပစ္စုပ္ပန်ဖြစ်ကုန်သော ထိုပဉ္စာရုံ တို့သည် မနောဓာတ် သုံးပါးအားရင်း အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ထိုပဉ္စာရုံ အလုံးစုံနှင့် ကာလသုံးပါး၌

ဖြစ်ကုန် လွှတ်ကုန်သော ဓမ္မာရုံ အလုံးစုံတို့သည် မနောဝိညာဉ် ၇၆-ပါးတို့အား ထိုက်သည့်အားလျော်စွာ အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

အဘယ်သို့သော အနက်သဘောကြောင့် အာရုံမည်သနည်း၊ အဘယ်သို့သော အနက်သဘောကြောင့် ပစ္စည်းမည်သနည်း။

စိတ် စေတသိက်တို့သည် အာရုံပြုအပ်သော အနက်သဘောကြောင့် အာရုံမည်၏၊ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် ပစ္စည်းမည်၏။

ဆက်၍ ဆိုဦးအံ့၊ အာရုံပြုအပ်သော အနက်သဘော ဟူရာ၌ ဆွဲငင်ခြင်းအမှု မည်သည်ကား စိတ် စေတသိက်တို့၏ အာရုံ ယူခြင်း အမှုတည်း၊ အာရုံကို စွဲလမ်းခြင်း အမှုတည်း။

ဥပမာဖြင့် ထင်စွာ ပြဦးအံ့၊ လောက၌ သံဓာတ်ကို နှစ်သက် တတ် အလိုရှိတတ်သော အနက်ကြောင့် 'အယောကန္တ' အမည် ရှိသော သံဓာတ်အထူး-ဝါ-သံလိုက်ဓာတ်သည် ရှိ၏၊ ယင်းသည် သံတုံးသံခဲ၏ အနီးသို့ ရောက်သည်ရှိသော် ထိုသံတုံး သံခဲကို နှစ်သက် အလိုရှိသကဲ့သို့ သံတုံး သံခဲသို့ ရွေ့ရှုသည်ဖြစ်၍ လှုပ်၏၊ မိမိကိုယ်တိုင်မှုလည်း ထိုသံတုံး သံခဲသို့ ကပ်၏၊ သံတုံး သံခဲကို မူလည်း ထိုသံလိုက်သို့ ရွေ့ရှုသည်ဖြစ်၍ လှုပ်၏၊ ထိုသံလိုက်သို့ မူလည်း ကပ်၏၊ ဤသည်ကား သံလိုက်၏ ဆွဲငင်ခြင်းအမှု မည်၏၊ ဤအတူသာလျှင် စိတ် စေတသိက်၏ အာရုံတို့၌ ဆွဲငင် ခြင်းအမှုကို မှတ်အပ်၏၊ သက်သက် အာရုံတို့၌ ဆွဲငင်ကာမျှ သည်သာလျှင်-ဝါ- အာရုံပြုကာမျှ သည်သာလျှင် ဖြစ်သည် မဟုတ်သေး၊ စင်စစ်သော်ကား စိတ် စေတသိက် တရားတို့သည် သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ကုန်သည်ရှိသော် ခြောက်ဒွာရတို့၌

အာရုံတို့၏ ထင်ခြင်းသို့ ရောက်သောအခါ၌သာလျှင် ခဏတိုင်း ခဏတိုင်း ဖြစ်ကုန်၏၊ ဖြစ်ပြီး၍လည်း ခဏတိုင်း ခဏတိုင်း ချုပ်ကုန်၏။

ဥပမာ စည်မျက်နှာပြင်၌ စည်သံတို့ ဖြစ်ကုန်သည်ရှိသော် ထိုထိုသို့သော စည်မျက်နှာပြင် အရပ်၌ လက်ဖြင့်ရိုက်ခတ်သော အခါ၌သာလျှင် ခဏတိုင်း ခဏတိုင်း ဖြစ်ကုန်၏၊ ဖြစ်ပြီး၍ လည်း ခဏတိုင်း ခဏတိုင်း ချုပ်ကုန်၏၊ တယောသံတို့ ဖြစ်ကုန် သည်ရှိသော် တယောကြိုးတို့၌ ထိုထိုသို့သော အရပ်၌ တယောတံ ဖြင့် ထိုးသောအခါ၌သာလျှင် ခဏတိုင်း ခဏတိုင်း ဖြစ်ကုန်၏၊ ဖြစ်ပြီး၍လည်း ခဏတိုင်း ခဏတိုင်း ချုပ်ကုန်၏၊ ဤဥပမာတို့ကို မှတ်အပ်ကုန်၏၊ အိပ်ပျော်သော ပုဂ္ဂိုလ်၏လည်း ဘဝင်စိတ် ဖြစ်သောအခါ ရှေးဘဝ သေခါနီးကာလ၌ ဒွါရ ခြောက်ပါး တို့၌ ထင်ခြင်းသို့ ရောက်ကုန်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တို့သာလျှင် ဘဝင်စိတ်တို့အား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု မှတ်အပ်၏။

* * *

## ၃–အဓိပတိ ပစ္စယော

အဓိပတိ ပစ္စည်းသည် အာရမ္မဏာဓိပတိ ပစ္စည်းနှင့် သဟဇာတာ ဓိပတိ ပစ္စည်းဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် အာရမ္မဏာ ဓိပတိ ပစ္စည်းသည်ကား အဘယ်နည်း။

အာရမ္မဏ ပစ္စည်း၌ ဆိုအပ်ကုန်သော အာရုံတို့တွင် အလွန် အလိုရှိအပ် အလွန် နှစ်သက်အပ် အလွန် နှလုံးကို ပွားစေတတ် အလေး အမြတ် ပြုအပ်ကုန်သော အာရုံတို့သည် အာရမ္မဏာ ဓိပတိ ပစ္စည်းမည်၏။

ထိုစကားရပ်၌-'အလွန် အလိုရှိအပ်'ဟူသော ပုဒ်၏ အနက်ကို ဤသို့မှတ်အပ်၏၊ သဘာဝအားဖြင့် အလိုရှိအပ်ကုန်သော ဣဋ္ဌာရုံဖြစ်စေ, အလိုမရှိအပ်ကုန်သော အနိဋ္ဌာရုံဖြစ်စေ ထိုထိုသို့သော အာရုံကို အာရုံပြုသော ပုဂ္ဂိုလ်သည် အလွန် အလိုရှိအပ်ကုန်သော အာရုံတို့သည် ဤအာရမ္မဏာ ဓိပတိ ပစ္စည်း အရာ၌ အလွန် အလိုရှိအပ်သော အာရုံတို့ မည်ကုန်၏။

ထိုအာရမ္မဏာဓိပတိ ပစ္စည်း တရားတို့သည် သရုပ်အားဖြင့်ကား ဒေါသမူ စိတ္တုပ္ပါဒ် နှစ်ပါး, မောဟမူ စိတ္တုပ္ပါဒ် နှစ်ပါးနှင့် ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ္တုပ္ပါဒ်ကို ထား၍ ကြွင်းသော ကာမာဝစရ စိတ် စေတသိက် အလုံးစုံ, ရူပါဝစရ အရူပါဝစရ, လောကုတ္တရာ စိတ် စေတသိက် အလုံးစုံ, အလွန် အလိုရှိအပ်သော ရုပ်တရား အလုံးစုံတို့ ဖြစ်ကုန်၏။

ထိုအာရမ္မဏ ပစ္စည်းတရားတို့တွင်လည်း ကာမအာရုံတို့သည် အလေးအမြတ် ပြုသော ပုဂ္ဂိုလ်အားသာလျှင် အာရမ္မဏာ ဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ အလေးအမြတ်မပြုသော ပုဂ္ဂိုလ်အား ထိုပစ္စယ သတ္တိဖြင့် ကျေးဇူးမပြု၊ ဈာန်ရသော ပုဂ္ဂိုလ်တို့သည်လည်း မိမိ ရအပ်ကုန်ပြီးသော မဟဂ္ဂုတ်ဈာန်, အရိယ သာဝက ပုဂ္ဂိုလ်တို့သည်လည်း မိမိရအပ်ကုန်ပြီးသော လောကုတ္တရာ တရားတို့ကို အလေးအမြတ် မပြုကုန်သည် မည်သည် မရှိကုန်။

အဘယ် မည်ကုန်သော တရားတို့သည် ထိုအာရမ္မဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရား မည်ကုန်သနည်း။

လောဘမူစိတ် ရှစ်ပါး, ကာမာဝစရ ကုသိုလ်စိတ် ရှစ်ပါး, ကာမာဝစရ ဉာဏ သမ္ပယုတ် ကိရိယာ စိတ် လေးပါး, လောတ္တရာ စိတ် ရှစ်ပါးတို့သည် ထိုအာရမ္မဏာ ဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

ထိုစကားရပ်၌ လောကီအာရုံ ခြောက်ပါးတို့သည် လောဘမူ စိတ်တို့အား ကျေးဇူးပြု၏၊ လောကီ ကုသိုလ်စိတ် တဆဲ့ခုနစ်ပါး တို့သည် ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ် လေးပါးတို့အား ကျေးဇူး ပြု၏၊ ထိုတဆဲ့ခုနစ်ပါးသော လောကီကုသိုလ်စိတ်, အောက်မဂ် အောက်ဖိုလ်နှင့် နိဗ္ဗာန်သည် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ် လေးပါးတို့အား ကျေးဇူးပြု၏၊ အရဟတ္တမဂ် အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်သည် ဉာဏသမ္ပယုတ် မဟာ ကိရိယာစိတ် လေးပါးတို့ အား ကျေးဇူးပြု၏၊ နိဗ္ဗာန်သည် လောကုတ္တရာစိတ် ရှစ်ပါးတို့ အား ကျေးဇူးပြု၏ဟု မှတ်အပ်၏။

အဘယ်သို့သော အနက်သဘောကြောင့် အာရုံမည်သနည်း၊ အဘယ်သို့သော အနက်သဘောကြောင့် အဓိပတိ မည်သနည်း။

အာရုံပြုအပ်သော အနက်သဘောကြောင့် အာရုံမည်၏၊ အစိုးရသည်၏ အဖြစ်ဟု ဆိုအပ်သော အနက်သဘောကြောင့် အဓိပတိမည်၏။

အစိုးရသည်၏ အဖြစ်ဟု ဆိုအပ်သော အနက်သည် အဘယ်နည်း။

မိမိကို အလေးအမြတ်ပြု၍ ဖြစ်ကုန်သော စိတ် စေတသိက်တို့၌ အစိုးရသည်၏ အဖြစ်သည် အစိုးရသည်၏ အဖြစ်မည်၏၊ လောက၌ အရှင်တို့ကဲ့သို့ အာရမ္မဏာဓိပတိ ပစ္စည်းတရား, ကျွန်တို့ကဲ့သို့ ပစ္စယုပ္ပန် တရားတို့ကို မှတ်အပ်ကုန်၏။

သုတသောမဇာတ်၌ ပေါရိသာဒမင်းသည် လူသားကို အလေးအမြတ်ပြုသည်ဖြစ်၍ လူသားတည်းဟူသော အဲကြောင်းကြောင့် ပြည်စည်းစိမ်ကို စွန့်၍ တော၌ လှည့်လည်၏၊ ထိုဇာတ်စကားရပ်၌ လူသား၌ အနံ့ အရသာ တရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်း မည်၏၊ ပေါရိသာဒ မင်း၏ လောဘမူ စိတ်သည် ပစ္စယုပ္ပန်တရားမည်၏၊ သုတသောမ မင်းသည် သစ္စာကို အလေးအမြတ်ပြု၍ သစ္စာတရားတည်း ဟူသော အကြောင်းကြောင့် ပြည်စည်းစိမ်၏ ပြည့်စုံခြင်း,ဆွေမျိုးအပေါင်းနှင့် မိမိ၏ အသက်ကို စွန့်၍ တဖန် ပေါရိသာဒမင်း၏ လက်သို့ ကပ်၏၊ ထိုသို့ ကပ်ပြန်ရာ၌ သစ္စာတရားသည် အာရမ္မဏာဓိပတိ ပစ္စည်းမည်၏၊ သုတသောမ မင်း၏ ကုသိုလ်စိတ်သည် ပစ္စယုပ္ပန်တရား မည်၏၊ ဤနည်းကို အလေးအမြတ် ပြုအပ်ကုန်သော အလုံးစုံသော အာရုံတို့၌ မှတ်အပ်၏။

သဟဇာတာဓိပတိ ပစ္စည်းသည် အဘယ်နည်း။

အဓိပတိ၏ အဖြစ်သို့ ရောက်ကုန်သော ဆန္ဒ, စိတ်, ဝီရိယ, ဝီမံသာ-ဤတရား လေးပါးတို့သည် အဓိပတိ ပစ္စည်း မည်၏။

အဘယ်မည်ကုန်သော တရားတို့သည် ထိုပစ္စည်းတရား၏ ပစ္စယုပ္ပန် ဖြစ်သော တရား မည်ကုန်သနည်း။

အဓိပတိ ပစ္စည်းနှင့် ယှဉ်ကုန်သော စိတ်စေတသိက်, အဓိပတိ ပစ္စည်းကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တရားတို့သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

အဘယ်သို့သော အနက်သဘောကြောင့် သဟဇာတ မည်သနည်း၊ အဘယ်သို့သော အနက် သဘောကြောင့် အဓိပတိ မည်သနည်း။

တက္ခ ဖြစ်စေခြင်း ဟူသော အနက် သဘောကြောင့် သဟဇာတ မည်၏၊ သဟဇာတ် ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့ကို လွှမ်းမိုးခြင်း ဟူသော အနက်သဘောကြောင့် အဓိပတိ မည်၏၊ ထိုစကားရပ်၌ တက္ခဖြစ်စေခြင်း အနက်သဘောဟူသည် ကား မိမိ ဖြစ်သည်ရှိသော် မိမိနှင့် တက္ခဖြစ်ကုန်သော သဟဇာတ်တရားတို့ကိုလည်း မိမိနှင့် တက္ခသာလျှင် ဖြစ်စေ၏၊ ထိုတရား၏ မိမိနှင့် သဟဇာတ် ဖြစ်သော ပစ္စယုပ္ပန် တရားတို့ကို တက္ခ ဖြစ်စေခြင်း ဟူသော အနက်ကြောင့် သဟဇာတ မည်၏၊ လွှမ်းမိုးခြင်း ဟူသော အနက်သဘောကြောင့် အဓိပတိ မည်၏။

ဥပမာ စကြဝတေးမင်းသည် မိမိ၏ ကောင်းမှုတန်ခိုးအား ဖြင့် ကျွန်းသူ ကျွန်းသား အလုံးစုံတို့ကို လွှမ်းမိုးလျက် မိမိ၏ အလို၌ ဖြစ်စေ၏၊ ကျွန်းသူကျွန်းသား အလုံးစုံတို့သည်လည်း သူ၏ အလို၌ ဖြစ်ကုန်၏၊ ထိုအတူ အဓိပတိ၏ အရာသို့

ရောက်ကုန်သော ဤပစ္စည်းတရား လေးပါးတို့သည် မိမိ-မိမိ၏ အရာ၌ သဟဇာတ်ဖြစ်သော ပစ္စယုပ္ပန် တရားတို့ကို လွှမ်းမိုး ကုန်လျက် မိမိ၏အလို၌ ဖြစ်စေကုန်၏၊ သဟဇာတ် တရားတို့ သည်လည်း ထိုပစ္စည်း တရားတို့၏အလိုသို့ ဖြစ်ကုန်၏။

ဉပမာ တနည်းသော်ကား ကျောက်တိုင်၌ ပထဝီဓာတ်သည် မိမိနှင့်တကွ ဖြစ်ကုန်သော တေဇော, အာပေါ, ဝါယော ဓာတ်သုံးပါး၊ ရေအစု၌ အာပေါဓာတ်သည် မိမိနှင့်တကွ ဖြစ်ကုန်သော ပထဝီ, တေဇော, ဝါယော ဓာတ်သုံးပါး၊ မီးကိုးစု၌ တေဇောဓာတ်သည် မိမိနှင့် တကွဖြစ်ကုန်သော ပထဝီ, အာပေါ, ဝါယော ဓာတ်သုံးပါး၊ လေအစု၌ ဝါယော ဓာတ်သည် မိမိနှင့် တကွဖြစ်ကုန်သော ပထဝီ, အာပေါ, တေဇော ဓာတ်သုံးပါးတို့ကို လွှမ်းမိုးကုန်လျက် မိမိ၏ အလား (သဘော)သို့ ရောက်စေကုန်၏၊ သဟဇာတ်ဖြစ်သော ဓာတ်တို့ သည်လည်း ထိုဓာတ်တို့၏ အလားသို့ ရောက်ကုန်၏၊ ဤအတူ သာလျှင် အဓိပတိ၏ အရာသို့ ရောက်ကုန်သော ဤတရား လေးပါးတို့သည် မိမိ၏ အစွမ်းအားဖြင့် သဟဇာတ် တရားတို့ကို မိမိ၏ အလားသို့ ရောက်စေကုန်၏၊ သဟဇာတ် တရားတို့ သည်လည်း ထိုပစ္စည်းတရားတို့၏ အလားသို့ ရောက်ကုန်၏၊ ဤသို့ သဟဇာတ် တရားတို့ကို လွှမ်းမိုးခြင်းဟူသော အနက် သဘောကြောင့် အဓိပတိမည်၏။

ဤပစ္စည်း၌ စောဒကဆရာတို့ ဆိုကုန်ရာ၏၊ အဘယ်သို့နည်း ဟူမူကား သဟဇာတ် တရားတို့ဟု လွှမ်းမိုးခြင်းဟူသော အနက် သဘောကြောင့် အဓိပတိ မည်သည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ဖြစ်သော် ဆန္ဒသည် တည်စေဦးလော့၊ လောဘသာလျှင်

အဓိပတိမည်သည် ဖြစ်ရာ၏၊ မှန်၏-ထိုလောဘသည် ဆန္ဒထက် လည်း အလွန် အားကြီးသည်ဖြစ်၍ သဟဇာတ် တရားတို့ကို လွှမ်းမိုးလျက် ဖြစ်၏။

အဖြေကို မိန့်အပ်၏၊ ပုထုဇဉ် လူ့ဗာလတို့၌သာလျှင် လောဘသည် ဆန္ဒထက် အလွန်အားကြီး၏၊ သို့ရာတွင် ပညာရှိ တို့၌ ဆန္ဒသည်သာလျှင် လောဘထက် အလွန်အားကြီးသည် ဖြစ်၍ သဟဇာတ် တရားတို့ကို လွှမ်းမိုးလျက် ဖြစ်၏၊ ထင်စွာ ပြဦးအံ့၊ လောဘသည်သာလျှင် ဆန္ဒထက် အလွန်အားကြီးသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ဖြစ်သော် လောဘ၏ လက်တွင်းသို့ ရောက်ကုန်သော ဤသတ္တဝါတို့သည် ဘဝ၏ ပြည့်စုံခြင်း— စည်းစိမ်၏ ပြည့်စုံခြင်းတို့ကို စွန့်၍ နေက္ခမ္မ တရားတို့ကို ဖြည့်၍ ဝဋ်ဆင်းရဲမှ အဘယ်သို့လျှင် ထွက်မြောက်နိုင်ကုန်အံ့နည်း၊ ဆန္ဒသည်သာလျှင် လောဘထက် အလွန်အားကြီးသည် ဖြစ်သော ကြောင့် လောဘ၏ လက်တွင်းသို့ ရောက်ကုန်သော ဤသတ္တဝါ တို့သည် ဘဝ၏ ပြည့်စုံခြင်း-စည်းစိမ်၏ ပြည့်စုံခြင်းတို့ကို စွန့်၍ နေက္ခမ္မ တရားတို့ကို ဖြည့်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင် ကုန်၏၊ ထို့ကြောင့် ဆန္ဒသည်သာလျှင် အဓိပတိမည်၏၊ လောဘ သည် အဓိပတိ မဖြစ်၊ ဤနည်းကို ဒေါသ အစရှိသည်တို့၌လည်း ဆိုအပ်၏။

ထိုပစ္စည်း၌ အနက်ကို ဤသို့ သိအပ်၏၊ လောက၌ ကြီးကျယ်ကုန်သော အလွန် ပြုနိုင်ခဲကုန်သော ယောကျ်ားတို့ ပြုအပ်ကုန်သော အမှုတို့ ထင်ရှားလတ်သော် ဤတရားလေးပါး တို့သည် အမှုပြီးရန် ဖြစ်ကုန်၏။

အဘယ်သို့ ဖြစ်ကုန်သနည်းဟူမူကား ဆန္ဒယုတ်သော လူများစွာတို့သည် ကြီးကျယ်ကုန်သော အလွန် ပြုနိုင်ခဲကုန်သော ယောကျ်ားတို့ ပြုအပ်ကုန်သော အမှုတို့ကို မြင်၍ ဆန္ဒဆုတ်နစ်ကုန်၏၊ ပြုရန် အလို မရှိကုန်၊ ငါတို့၏ အရာမဟုတ်ဟု လျစ်လျူ ရှုကုန်သည်ဖြစ်၍ ပစ်ထားကုန်၏၊ ဆန္ဒ လွန်ကဲသော ပုဂ္ဂိုလ်သည်ကား ထိုသို့ သဘောရှိကုန်သော ယောကျ်ားတို့ ပြုလုပ်အပ်ကုန်သော အမှုတို့ကို မြင်၍ ဆန္ဒ တက်ကြွ၏၊ ပြုရန် အလွန် အလိုရှိ၏၊ ဤအမှုသည် ငါ၏ အရာတည်းဟု ဆုံးဖြတ်၏၊ သူ၏ဆန္ဒ ဆွဲငင်အပ်သည်ဖြစ်၍ အမှုကိစ္စ မပြီးသေးသမျှ ကာလပတ်လုံး အကြား၌ ထိုအမှုကိုစွန့်ရန် မစွမ်းနိုင်၊ ဤသို့ဖြစ်သော် ထိုအမှုသည် အလွန်ကြီးသော်လည်း အခါတပါး၌ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခြင်း ဖြစ်လိမ့်မည်။

ဝီရိယ တွန့်တို ဆုတ်ယုတ်သော လူများစွာတို့သည်လည်း ထိုသို့ သဘောရှိကုန်သော အမှုတို့ကိုမြင်၍ ဝီရိယ ဆုတ်နစ်ကုန်၏၊ ဤအမှုကိုပြုသော ငါ့အား များစွာသော ကိုယ်၌ဖြစ်သော ဆင်းရဲ, စိတ်၌ဖြစ်သော ဆင်းရဲ ဖြစ်လိမ့်မည်ဟု ဆုတ်နစ်၏၊ ဝီရိယလွန်သော ပုဂ္ဂိုလ်သည်ကား ထိုသို့ သဘောရှိကုန်သော ယောကျ်ားတို့ ပြုအပ်ကုန်သော အမှုတို့ကိုမြင်၍ ဝီရိယ တက်ကြွ၏၊ ယခု ချက်ခြင်းသာလျှင် ထ၍ ပြုရန် အလိုရှိ၏၊ သူသည် ကြာမြင့်စွာသော ကာလပတ်လုံးလည်း ထိုအမှုကို ပြုလျက် များစွာသော ကိုယ်၌ဖြစ်သော ဆင်းရဲ, စိတ်၌ဖြစ်သော ဆင်းရဲကို ခံစားရသော်လည်း ထိုဝီရိယဖြင့် ပြုအပ်သော အမှု၌ မငြီးငွေ့၊ ကြီးစွာသော အမှု၌ အားထုတ်ခြင်းနှင့် ကင်း၍ ဖြစ်ရန် မစွမ်းနိုင်၊ ထိုသို့ သဘောရှိသော ဝီရိယဖြင့် ညဉ့် နေ့ကို

ကုန်စေလျက် စိတ်၌ဖြစ်သော ချမ်းသာကို ရ၏၊ ဤသို့ ဖြစ်သော် ထိုအမှုသည် အလွန်ကြီးသော်လည်း အခါတပါး၌ ဆုံးခန်းတိုင်ရောက် ပြီးမြောက်လိမ့်မည်။

စိတ်တွန့်တို ဆုတ်ယုတ်သော လူများစွာတို့သည် ထိုသို့သဘောရှိကုန်သော အမှုတို့ကို မြင်၍ စိတ် ဆုတ်နစ်ကုန်၏၊ တဖန် အာရုံကိုလည်း မပြုနိုင်ကုန်၊ စိတ်လွန်ကဲသူတို့ကား ထိုသို့သဘောရှိကုန်သော အမှုတို့ကို မြင်၍ စိတ် တက်ကြွကုန်၏၊ စိတ်ကို ဖျောက်ရန် မစွမ်းနိုင်၊ အမြဲ ထိုအမှု၌ စိတ် စွဲမြဲ၏၊ သူသည် စိတ်အလိုသို့ လိုက်၍ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း ထိုအမှုကိုပြုလျက် များစွာသော ကိုယ်၌ဖြစ်သော ဆင်းရဲ ဤသို့ အစရှိသဖြင့် ဆန္ဒာဓိပတိ၌ ဆိုအပ်သောနည်းဖြင့် ဆိုအပ်၏။

ပညာနုံ့သော လူများစွာတို့သည်လည်း ထိုသို့ သဘောရှိကုန်သော အမှုတို့ကိုမြင်၍ ပညာဆုတ်နစ်ကုန်၏၊ အမှုတို့၏ အစ–အဆုံးကို မမြင်ကုန်၊ အမိုက်မှောင်၌ ဝင်ရကုန်ဘိသကဲ့သို့ ဖြစ်ကုန်၏၊ ထိုအမှုတို့ကိုပြုရန် စိတ်လည်း မညွှတ်၊ ပညာလွန်ကဲသူသည်ကား ထိုသို့ သဘောရှိသော အမှုတို့ကိုမြင်၍ ပညာတက်ကြွ၏၊ အမှုတို့၏ အစ–အဆုံးကို မြင်၏၊ အကျိုးရင်း–အကျိုးဆက်ကို မြင်၏၊ လွယ်ကူစွာ အမှုပြီးခြင်း၏ အထူးထူးသော အကြောင်း ဥပါယ်ကိုလည်း မြင်၏၊ သူသည် ရှည်မြင့်စွာသော ကာလပတ်လုံးလည်း ထိုအမှုကို ပြုလျက်–ဤသို့ အစရှိသော ဝီရိယာဓိပတိ၌ ဆိုအပ်သောနည်းဖြင့် ဆိုအပ်၏၊

ဤအရာ၌ကား အမှုများစွာ၌ စုံစမ်းဆင်ခြင်ခြင်းဖြင့် ဟူ၍ရင်း, ထိုသို့ သဘောရှိသော အမှု၌ စုံစမ်းဆင်ခြင်ခြင်းဖြင့် ဟူ၍ရင်း ဆိုအပ်၏။

ဤသို့ လောက၌ ကြီးကျယ်ကုန်သော အလွန် ပြုနိုင်ခဲကုန်သော ယောကျ်ားတို့ ပြုအပ်ကုန်သော အမှုတို့ ထင်ကုန်လတ်သည်ရှိသော် ဤတရားလေးပါးတို့သည် အမှုပြီးခြင်းငှာ ဖြစ်ကုန်၏၊ ဤအဓိပတိ ပစ္စည်းတရား လေးပါးတို့ ထင်ရှား ရှိသည်၏ အဖြစ်ကြောင့် လောက၌ ယောကျ်ားထူး ယောကျ်ား မြတ်တို့ ထင်ကုန်၏၊ သဗ္ဗညု ဗုဒ္ဓ, သဗ္ဗညု ဗောဓိသတ္တ, ပစ္စေက ဗုဒ္ဓ, အဂ္ဂသာဝက, မဟာသာဝက, သာဝကလောင်းတို့ ထင်ကုန်၏၊ လောက၌လည်း ဤသို့ သဘောရှိကုန်သော ပုရိသ ဝိသေသတို့၏ အစွမ်းဖြင့် သတ္တလောက၏ အံကျိုး အစီးအပွား ချမ်းသာခြင်းငှာ အတတ်ပညာ အထူး, အသုံးအဆောင် ဝတ္ထု အထူးတို့ ထင်ကုန်၏၊ ဤသို့မှတ်အပ်၏။

## ၄—အနန္တရ ပစ္စယော

အနန္တရ ပစ္စည်းသည် အဘယ်နည်း။

အခြားမဲ့သော ခဏ၌ ချုပ်ပြီးသော စိတ် စေတသိက် တရားအပေါင်းသည် အနန္တရ ပစ္စည်းမည်၏။

အဘယ်မည်သော တရားသည် အနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်သနည်း။

အခြားမဲ့သော နောက်ခဏ၌သာလျှင် ဖြစ်သော စိတ် စေတသိက် တရားအပေါင်းသည် ထိုအနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်၏။

တခုသော ဘဝ၌ ပဋိသန္ဓေစိတ်သည် ပဌမ ဘဝင်စိတ်အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ပဌမ ဘဝင်စိတ်သည် ဒုတိယ ဘဝင်စိတ်အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ အစရှိသည်ဖြင့် ဆိုအပ်၏။

ဓမ္မ ယမိုက်၌ 'သုဒ္ဓာဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ'—ဟူ၍ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုသတ္တဝါအား မိမိ၏ အသစ်ဖြစ်သော အတ္တဘောကို အာရုံပြု၍-"ဤကိုယ်သည် ငါ၏ ဥစ္စာတည်း၊ ဤကိုယ်သည် ငါဖြစ်၏၊ ဤကိုယ်သည် ငါ၏အတ္တတည်း"၊ ဤသို့ ဖြစ်သော ဘဝ၌ နှစ်သက်တတ်သော တဏှာနှင့် ယှဉ်သောစိတ် ဖြစ်သောအခါ ရှေးဦးစွာ ဘဝင် နှစ်ကြိမ်လှုပ်၏၊ ထိုနောက်မှ မနောဒွာရာဝဇ္ဇန်း စိတ် ဖြစ်၏၊ ထိုနောက်မှ ဘဝ နိကန္တိက လောဘဇော ခုနစ်ပါးတို့ ဖြစ်ကုန်၏၊ ထိုမှ နောက်၌ ဘဝင် အလှည့်ဖြစ်၏။

နည်းတပါးကို ဆိုဦးအံ့၊ အမိဝမ်း၌ ပဋိသန္ဓေနေသော သတ္တဝါသည် ယိုအခါ ပစ္စုပ္ပန်ဘဝ၌ တစုံတခုသော အာရုံကို မသိ၊ ရှေးဘဝ၌ မိမိခံစားဘူးသော အာရုံကို အစဥ် အောက်မေ့ လျက် နေ၏၊ ဟဒယ ဝတ္ထု၏ကား အလွန် အားနည်းသော ကြောင့် ထိုခံစားဘူးသော အတိတ် အာရုံသည်လည်း မထင်ရှား သည်သာ ဖြစ်၏၊ ထိုမထင်ရှားသော အာရုံကို အာရုံပြု၍ ဥဒ္ဓစ္စနှင့် ယှဥ်သော စိတ်သာလျှင် အကြိမ်များစွာ ဖြစ်၏။

ကိုယ်ဝန် အနည်းငယ်ကြီး၍ နှစ်လ အလွန်သို့ ရောက်သော အခါ စက္ခု အစရှိသော ဣန္ဒြေတို့ ပြည့်စုံကုန်၏၊ ဤသို့ ဖြစ်ကုန်သော်လည်း အမိဝမ်း၌ အရောင်အလင်း အစရှိသော ပစ္စည်းတို့ မရှိခြင်းကြောင့် စက္ခုဝိညာဥ် အစရှိကုန်သော ဝိညာဥ် လေးပါးတို့ မဖြစ်ကုန်၊ ကာယဝိညာဥ်, မနောဝိညာဥ်တို့သာ ဖြစ်ကုန်၏၊ ထိုသတ္တဝါသည် အမိ၏ ဣရိယာပုတ် ပြောင်းလွဲ သောအခါ စသည်တို့၌ များစွာသော ဒုက္ခ-ဒေါမနဿ ဝေဒနာတို့ကို ခံစားရ၏၊ ဖွားသောအခါ၌ကား ပြင်းစွာသော ဆင်းရဲသို့ ရောက်ရသည်သာလျှင်တည်း၊ ဖွားပြီး၍လည်း ဝတ္ထု ရုပ်တို့ နုံးညံ့ကုန်၏၊ ရင့်ခြင်းသို့ မရောက်သေးသမျှ ကာလပတ်လုံး ထိုသတ္တဝါသည် အလွန် နုံ့သော သဘောရှိသည်ဖြစ်၍ ပက်လက် အိပ်ကာမျှဖြစ်၍ နေ၏၊ ပစ္စုပ္ပန်ဖြစ်သော တစုံတခု သော အာရုံကို မမှတ်နိုင်၊ ထိုသူငယ်၏ ဝိညာဥ်စိတ်သည် များသောအားဖြင့် ရှေးဘဝကို အစဥ်အောက်မေ့ခြင်း ရှိသည်သာ ဖြစ်၏။

ထိုသူငယ်သည် အကယ်၍ ဇရဲဘဝမှ လာသည်ဖြစ်အံ့၊ မျက်နှာ မကြည်လင်ခြင်းများ၏၊ ရှေးက ငရဲ၌ ဖြစ်သော အာရုံတို့ကို အာရုံပြု၍ ခဏ—ခဏ သူသည် မကြည်လင်သော မျက်နှာထင်၏၊ အကယ်၍ နတ်ပြည်မှ လာသည်ဖြစ်အံ့၊ နတ်၌ဖြစ်သော အာရုံတို့ကို အာရုံပြု၍ မျက်နှာ ကြည်လင်ခြင်းများ၏၊ ခဏ—ခဏ ပြုံးရွှင်သော မျက်နှာထင်၏။

ဝတ္ထုရုပ်တို့ ထက်ကုန်၏၊ ရင့်ခြင်းသို့ ရောက်ကုန်၏၊ သူ၏ စိတ်တို့သည်လည်း အလွန်သန့်ရှင်းကုန်သော အခါ၌ မနိုင်သော သဘောရှိသည်ဖြစ်၍ ကစားမြူးတူး စံပယ်လျက် ဝမ်းမြောက် အလွန်ဝမ်းမြောက်လျက် နေ၏၊ ပစ္စုပ္ပန်ဘဝ၌ အာရုံတို့ကို မှတ်၏၊ အမိ၏စကားကို မှတ်၏၊ သူ၏ စိတ်သည် အကြိမ်များစွာ ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်သော အာရုံကို အစဉ် အောက်မေ့၏၊ ရှေးဘဝကို မေ့လျော့၏။

အသို့နည်း၊ သတ္တဝါ အလုံးစုံသည် ဤအရာ၌သာလျှင် ရှေးဘဝကို မေ့သလောဟု မေးငြားအံ့၊ သတ္တဝါ အားလုံးသည် ဤအရာ၌သာလျှင် မေ့သည်ကား မဟုတ်၊ စင်စစ်သော်ကား သတ္တဝါအချို့သည် အမိဝမ်း၌ ကိန်းရသော ဆင်းရဲဖြင့် လွန်စွာ နှိပ်စက်အပ်သည်ဖြစ်၍ အမိဝမ်း၌သာလျှင် မေ့လျော့၏၊ အချို့သော သတ္တဝါသည် ဖွားသောအခါ၌ မေ့လျော့၏၊ အချို့သော သတ္တဝါသည် ဤအရာ၌ မေ့လျော့၏၊ အချို့သော သတ္တဝါသည် ဤမှ နောက်၌လည်း ငယ်သောအခါ၌ မမေ့သေး၊ ကြီးရင့်သော အခါ၌သာလျှင် မေ့လျော့၏၊ အချို့သော

သတ္တဝါသည် အသက်ထက်ဆုံးလည်း မမေ့လျော့၊ နှစ်ဘဝ-သုံးဘဝတို့ကို အောက်မေ့နိုင်သူလည်း ရှိသေးသည်သာလျှင်တည်း၊ ဤသတ္တဝါတို့သည် ဘဝကို အောက်မေ့နိုင်သူတို့ဖြစ်ကုန်၏။

ထိုစကားရပ်၌ ဖွားသောအခါမှ စ၍ ခြောက်ဒွာရ၌ဖြစ်သော ဝီထိစိတ်တို့ ဖြစ်ကုန်၏၊ ပဋိသန္ဓေ အာရုံကို မှတ်သည်မှ စ၍ ခြောက်ဒွာရ၌ဖြစ်သော ဝီထိစိတ်တို့ ပြည့်စုံကုန်သည်ဖြစ်၍ ဖြစ်ကုန်၏၊ ခပ်သိမ်းသော စိတ်၌လည်း အခြားမဲ့သော ကာလ၌ ချုပ်ပြီးသော ရှေးရှေးသော စိတ်သည် အခြားမဲ့ဖြစ်သော ကာလ၌ ဖြစ်သော နောက်နောက် စိတ်အား အနန္တရ ပစ္စယ-သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤအနန္တရ ပစ္စည်းမည်သည်ကား အစမထင်သော သံသရာ၌ တယောက်သော သတ္တဝါအား တစပ်တည်း စပ်သည်သာဖြစ်၏၊ သတ္တဝါသည် အရဟတ္တမဂ်ကို ရ၍ ခန္ဓပရိနိဗ္ဗာန်သို့ ရောက်သောအခါ၌သာ ထိုအစပ်ပြတ်၏။

အဘယ်သို့သော အနက်သဘောကြောင့် အနန္တရ မည်သနည်း၊ အဘယ်သို့သော အနက် သဘောကြောင့် ပစ္စည်းမည်သနည်း။

မိမိ၏ အခြားမဲ့သော ကာလ၌ မိမိနှင့်တူသော တရားတပါးကို ဖြစ်စေခြင်း ဟူသော အနက်ကြောင့် အနန္တရ မည်၏၊ ကျေးဇူး ပြုတတ်သော အနက်ကြောင့် ပစ္စည်းမည်၏၊ ထိုစကားရပ်၌ မိမိနှင့် တူသော ဟူသည်ကား အာရုံနှင့်တကွ ဖြစ်သည်၏ အဖြစ်ဖြင့် မိမိနှင့် တူ၏၊ အာရုံနှင့်တကွ ဖြစ်သည်၏ အဖြစ် ဟူသည်ကား အာရုံနှင့် ကင်း၍ မဖြစ်သော တရားမည်၏၊ ဤသို့ အာရုံနှင့်ကင်း၍ မဖြစ်ခြင်း ဟူသော အဖြစ်ဖြင့် တရားတပါးကို

ဖြစ်စေခြင်း ဟူသည်ကား ရှေးဖြစ်သော စိတ် ချုပ်ပြီးသော်လည်း ထိုစိတ်၏ ကြံခြင်းကိရိယာအဟုန် မငြိမ်းသေး၊ နောက်စိတ်ကို ဖြစ်စေပြီး၍သာလျှင် ငြိမ်း၏၊ ဤသို့ နောက်ဖြစ်သော တရား တပါးကို ဖြစ်စေခြင်းဟူသော အနက်ကြောင့် အနန္တရ မည်၏။

ထိုစကားရပ်၌ ရှေးရှေး ဖြစ်ကုန်သော အမိ အဆက်ဆက်တို့ ကဲ့သို့ အနန္တရ ပစ္စည်း တရား အဆက်ဆက်တို့ကို မှတ်အပ်ကုန်၏၊ နောက်နောက် ဖြစ်ကုန်သော သမီး အဆက်ဆက်တို့ကဲ့သို့ ထို ပစ္စည်း၏ ပစ္စယုပ္ပန် တရားအဆက်ဆက်တို့ကို မှတ်အပ်ကုန်၏၊ ဤသို့ဖြစ်လတ်သော် ရဟန္တာတို့၏ အလုံးစုံသော စိတ်၏ နောက် ဆုံးဖြစ်သော ပရိနိဗ္ဗာန် စိတ်သည်လည်း တဖန် ပဋိသန္ဓေစိတ်ဟု ဆိုအပ်သော တရားတပါးကို ဖြစ်စေရာသလော၊ မဖြစ်စေရာ၊ အဘယ်ကြောင့်နည်း ဟူမူကား ထိုပရိနိဗ္ဗာန်စိတ်သည် ထိုအခါ၌ ကံကိလေသာ အဟုန်တို့၏ အချင်းခပ်သိမ်းအားဖြင့် ငြိမ်းသည်၏ အဖြစ်ဖြင့် အလွန် ငြိမ်းသည်၏ အဖြစ်ကြောင့် တရားတပါးကို မဖြစ်စေရာ။

*　　*　　*

## ၅–သမနန္တရ ပစ္စယော

သမနန္တရ ပစ္စည်းကို ဤသို့ မှတ်အပ်၏၊ ပစ္စည်း–ပစ္စယုပ္ပန် တရားကို ဝေဘန်ခြင်းသည် အနန္တရ ပစ္စည်းနှင့် တူ၏။

အဘယ်သို့သော အနက် သဘောကြောင့် သမနန္တရ မည်သနည်း၊

ကောင်းစွာ အခြားမဲ့သော အနက်သဘောကြောင့် သမနန္တရ မည်၏။

ကျောက်တိုင် စသည်တို့၌ ရုပ်ကလာပ်တို့ တစပ်တည်း ဖြစ်ကုန်သော်လည်း ရုပ်တရား၏ အဖြစ်ဖြင့် သဏ္ဍာန်ရှိသော တရားမျိုးဖြစ်သောကြောင့် အလယ်၌ ပရိစ္ဆေဒရုပ်နှင့် တကွ သာလျှင် ဖြစ်ကုန်၏၊ ရုပ်ကလာပ် နှစ်ပါးတို့၏ အလယ်၌ အကြား-အပေါက်မည်သည် ရှိသည်သာလျှင် ဖြစ်သကဲ့သို့ ထို့ အတူ ရှေ့နောက်ဖြစ်ကုန်သော စိတ် စေတသိက် ကလာပ်နှစ်ပါး တို့၏ အလယ်၌ အကြား–အပေါက်မည်သည် မရှိ၊ စင်စစ်သော် ကား ထိုကလာပ်တို့သည် နာမ်တရားဟူသော အဖြစ်ဖြင့် သဏ္ဍာန် မရှိသော တရားမျိုးဖြစ်သောကြောင့် အလယ်၌ ပိုင်းခြားတတ် သော တရားဟု ဆိုအပ်သော တစုံတခုသော ကောင်းကင် အပေါက်၏ မရှိခြင်းကြောင့် အချင်းခပ်သိမ်း အကြားကင်းသည် သာ ဖြစ်ကုန်၏၊ လူအပေါင်း၏ စိတ် စေတသိက် နှစ်ပါးတို့၏ အကြား မည်သည်လည်း မထင်၊ ထို့ကြောင့် ဤသတ္တဝါတို့သည် "စိတ်မည်သည် မြဲ၏၊ မဖောက်ပြန်တတ်သော တရားရှိ၏"-ဟု စိတ်၌ မြဲ၏ဟု အမှတ်ရှိကုန်၏၊ ဤသို့ ကောင်းစွာ အခြား မရှိ သော အနက်သဘောကြောင့် သမနန္တရ မည်၏၊ အခြား မရှိ

သော အနက်သဘောကြောင့် ဟူသော ပုဒ်၏ အနက်အဖွင့်ကို လည်း ရှေး၌ ဆိုအပ်ပြီးသည်သာလျှင်တည်း၊ မိမိ၏ အခြားမဲ့၌ မိမိနှင့်တူသော တရားတပါးကို ဖြစ်စေခြင်း ဟူသော အနက် သဘောကြောင့် အနန္တရ မည်၏။

ဤသို့ဖြစ်လတ်သော် နိရောဓ သမာပတ် ဝင်စားသောအခါ၌ ရှေးစိတ် မည်သည်ကား နေဝသညာနာသညာယတနစိတ် ဖြစ်၏၊ နောက် စိတ်သည်ကား အရိယ ဖိုလ်စိတ် ဖြစ်၏၊ ရှေ့ စိတ် နောက်စိတ် နှစ်ပါးတို့၏ အကြား၌ တညဉ့်တနေ့မှ ခုနစ်ညဉ့် ခုနစ်နေ့ပတ်လုံး စိတ်မရှိဖြစ်၏၊ အသညသတ် ဘုံ၌လည်း ရှေး ဖြစ်သော ကာမဘုံ၌ စုတိစိတ်သည် ရှေးစိတ် မည်၏၊ နောက် ဖြစ်သော ကာမဘုံ၌ ပဋိသန္ဓေ စိတ်သည် နောက်စိတ် မည်၏၊ ရှေ့စိတ် နောက်စိတ် နှစ်ပါးတို့၏ အကြား၌ အသညသတ်ဘုံ၌ ကမ္ဘာ ငါးရာတို့ပတ်လုံး ပဂ္ဂိုလ်သည် စိတ် မရှိသည် ဖြစ်၍ တည်၏၊ ထိုစကားရပ်၌ ရှေးစိတ် နှစ်ပါးတို့သည် မိမိ၏ အခြားမဲ့၌ မိမိနှင့် တူသော တရားတပါးကို ဖြစ်စေတတ်သော ပစ္စယ သတ္တိ ကင်းကုန် သလော၊ မဖြစ်ကုန်၊ အဘယ်ကြောင့် နည်းဟူမူကား ကြီးမြတ်ကုန်သော စိတ္တဘာဝနာ မနေ့ပဏိဓိ တို့ဖြင့် တားမြစ်အပ်သည်၏ အဖြစ်ကြောင့်တည်း၊ ရှေးစိတ်တို့ ချုပ်ကုန်သော်လည်း အခြားမဲ့၌ တရားတပါးကို ဖြစ်စေတတ် သော သတ္တိရှိကုန်သည်သာလျှင် ဖြစ်၍ ချုပ်ကုန်၏၊ နောက်စိတ် တို့သည်လည်း ဖြစ်ကုန်သည်ရှိသော် ထိုခဏ၌ တစပ်တည်း၏ အဖြစ်ဖြင့် မဖြစ်မူ၍ ရှည်မြင့်စွာသော အခါ၌ သာလျှင် ဖြစ်ကုန်၏။

ဤမျှ အတိုင်းအရှည်ဖြင့် ရှေးစိတ်တို့၏ အခြားမဲ့၌ တရား တပါး၏ ဖြစ်စေတတ်သော သတ္တိမည်သည် မရှိဟူ၍ရင်း, ထို ရှေး၌ ဖြစ်သော စိတ်တို့သည် အနန္တရ ပစ္စည်းတရား မမည်ကုန် ဟူ၍ရင်း ဆိုရန် မတတ်ကောင်း၊ ဥပမာ မင်း၏ စစ်သည်တို့ မည်သည် ရှိကုန်၏၊ ရံခါမင်းသည် အခါကို သိ၍ - "သင်တို့ ယခုအခါ စစ်မထိုးကြကုန်လင့်၊ စစ်ထိုးအံ့သောအခါ မဖြစ်သေး၊ ဤမည်သော အခါ၌သာလျှင် စစ်ထိုးကြကုန်လော့"-ဟုဆိုရာ၏၊ ထိုစစ်သည်တို့သည် ထိုအခါ၌ စစ်မထိုးကုန်လျက် လှည့်လည် ကုန်ရာ၏၊ ဤသို့ဖြစ်လတ် သော်လည်း ထို စစ် သည် တို့ အား စစ်ထိုးနိုင်စွမ်းသော သတ္တိမည်သည် မရှိဟုရင်း, သူ တို့ သည် စစ်သည်တို့ မမည်ကုန်ဟုရင်း ဆိုခြင်းငှာ မတတ်ကောင်း၊ ဤသို့ မှတ်အပ်၏။

ဤ သမနန္တရ ပစ္စည်း၌ အချို့သူတို့ ဤသို့ ဆိုကုန်ရာ၏၊ ဤပစ္စည်း၌ "ထို ရှေ့နောက်ဖြစ်သော စိတ် စေတသိက် ကလာပ် တို့သည် နာမ်တရားဟူသော အဖြစ်ဖြင့် သဏ္ဌာန် မရှိသော တရားမျိုး ဖြစ်သောကြောင့် အလယ်၌ ပိုင်းခြားတတ်သော တရားဟု ဆိုအပ်သော တစုံတခုသော ကောင်းကင် အပေါက်၏ မရှိခြင်းကြောင့် အချင်းခပ်သိမ်း ကင်းကုန်သည်သာလျှင် ဖြစ်ကုန်၏"ဟု သင်တို့ ဆိုအပ်၏၊ ဤသို့ ဆိုသည် ဖြစ်လတ်သော် ရှေးဖြစ်သော အာရမ္မဏ ပစ္စည်း၌ စည်သံ, တယောသံ ဥပမာ တို့ဖြင့် စိတ်တို့၏ ခဏ-ခဏ ဖြစ်ပေါ်ခြင်းကိုရင်း, ချုပ်ခြင်းကိုရင်း ဆိုခဲ့၏၊ ထိုစိတ်တို့ ခဏ-ခဏ ဖြစ်ပေါ်ခြင်း ချုပ်ခြင်းကို အကျွန်ုပ်တို့ အသို့ ယုံကြည် ရပါမည်နည်း ဟု ဆိုကုန်ရာ၏၊

လောကဥ္စ အချင်းချင်း ဆန့်ကျင်ကုန်သော အထူးထူးသော စိတ်တို့၏ တခဏမျှ၌လည်း ရှေးနောက် ပြန်လှန်၍ ဖြစ်ခြင်း၏ ထင်ရှားခြင်းကြောင့် စိတ်တို့၏ ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းကို သင်တို့ ယုံကြည်အပ်၏၊ ဤအကြောင်းကို ရှေးက 'စိတ္တယမိုက် ဒီပနီ' ၌ အကျယ်အားဖြင့် ဆိုအပ်ခဲ့ပြီးသည် သာလျှင်တည်း၊ ဤသည့်လျှင် စကားတရပ် အပြီး သတ်တည်း။

* * *

## ၆-သဟဇာတ ပစ္စယော

ပစ္စည်း, ပစ္စယုပ္ပန် တရား ဝေဖန်ခြင်းကို ဆိုအပ်၏၊ အတူတကွ ဖြစ်ကုန်သော စိတ်,စေတသိက်ဖြစ်ကုန်သော နာမ်တရား အလုံးစုံ တို့သည် အချင်းချင်း သဟဇာတ ပစ္စည်း တရားတို့လည်း မည်ကုန်၏၊ သဟဇာတ ပစ္စယုပ္ပန် တရားတို့လည်း မည်ကုန်၏၊ ပဋိသန္ဓေ အခါ၌ဖြစ်သော နာမက္ခန္ဓာ လေးပါး, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးနှင့် တကွဖြစ်သော ဟဒယဝတ္ထုသည် အချင်းချင်း သဟဇာတ ပစ္စည်းတရားတို့လည်း မည်ကုန်၏၊ သဟဇာတ ပစ္စယုပ္ပန် တရားတို့လည်း မည်ကုန်၏၊ အလုံးစုံသော မဟာဘုတ် လေးပါးသည်လည်း အချင်းချင်း သဟဇာတ ပစ္စည်းတရားတို့လည်း မည်ကုန်၏၊ သဟဇာတ ပစ္စယုပ္ပန်တရား တို့လည်း မည်ကုန်၏၊ ပဉ္စဝေါကာရ ပဋိသန္ဓေစိတ် ဆဲ့ငါးပါး၏ ဥပါဒ် ခဏ၌ ဖြစ်ကုန်သော ကမ္မဇရုပ်, ပဝတ္တိအခါ၌ ထိုထို ရုပ်ကို ဖြစ်စေတတ်သောစိတ်၏ ဥပါဒ်ခဏ၌ ထိုထိုရုပ်ကို ဖြစ်စေတတ်သော စိတ်ကြောင့် ဖြစ်ကုန်သော အလုံးစုံသော စိတ္တဇ ရုပ်တို့သည် သဟဇာတ်ဖြစ်သော စိတ်၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏၊ ခပ်သိမ်းကုန်သော ဥပါဒါရုပ် နှစ်ဆဲ့ လေးပါးတို့သည် သဟဇာတ်ဖြစ်သော မဟာဘုတ်တို့၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။

အဘယ်သို့သော အနက်သဘောကြောင့် သဟဇာတ မည်သနည်း၊ အဘယ်သို့သော အနက်သဘောကြောင့် ပစ္စည်း မည်သနည်း။

တကွဖြစ်ခြင်း, တကွဖြစ်စေခြင်းဟူသော အနက်သဘော ကြောင့် သဟဇာတ မည်၏၊ ကျေးဇူးပြုတတ်သော အနက် သဘောကြောင့် ပစ္စည်းမည်၏၊ ထိုစကားရပ်၌ တကွဖြစ်ခြင်း ဖြစ်စေခြင်း ဟူသော ပုဒ်၏ အနက်ကို ဤသို့ သိအပ်၏၊ အကြင် ပစ္စည်းတရားတို့ ဖြစ်သည်ရှိသော် မိမိ၏ ပစ္စယုပ္ပန်တရားတို့နှင့် တကွသာလျှင် မိမိလည်းဖြစ်၏၊ ပေါ်ပေါက်၏၊ မိမိ၏ ပစ္စယုပ္ပန် တရားတို့ကိုလည်း မိမိနှင့် အတူတကွ သာလျှင် ဖြစ်စေ၏၊ ပေါ်ပေါက်စေ၏။

ဥပမာသော်ကား နေမည်သည် ဥဒည်းတောင်မှ ထွက်ပေါ် သည်ရှိသော် နေရှိန် နေရောင်တို့ကို မိမိနှင့် အတူတကွသာလျှင် ဖြစ်စေလျက် ထွက်ပေါ်၏၊ ဥပမာ တနည်းသော်ကား ဆီမီး မည်သည် ထွန်းတောက်သည်ရှိသော် မီးရှိန် မီးရောင်တို့ကို မိမိနှင့် အတူတကွသာလျှင် ဖြစ်စေလျက် ထွန်းတောက်၏၊ ဤ ဥပမာတို့ အတူသာလျှင် ဤ ပစ္စည်းတရားဖြစ်သည်ရှိသော် မိမိ၏ ပစ္စယုပ္ပန် တရားတို့ကို မိမိနှင့် တတူတကွသာလျှင် ဖြစ်စေ၏၊ ထိုဥပမာ၌ နေကဲ့သို့ တခု တခုသော နာမက္ခန္ဓာတရားကို မှတ်အပ်၏၊ နေရှိန်တို့ကဲ့သို့ ထိုခန္ဓာနှင့် သမ္ပယုတ်ဖြစ်သော တရားတို့ကို မှတ်အပ်ကုန်၏၊ နေရောင်ကဲ့သို့ သဟဇာတ် ဖြစ်ကုန်သော ရူပက္ခန္ဓာတရားတို့ကို မှတ်အပ်ကုန်၏၊ ထိုအတူ နေကဲ့သို့ တပါး တပါးသော မဟာဘုတ် ရုပ်တရားတို့ကို မှတ်အပ်ကုန်၏၊ နေပူရှိန်တို့ကဲ့သို့ သဟဇာတ်ဖြစ်သော မဟာဘုတ် တရားတို့ကို မှတ်အပ်ကုန်၏၊ နေရောင် အလင်းကဲ့သို့ သဟဇာတ် ဖြစ်ကုန်သော ဥပါဒါရုပ် တရားတို့ကို မှတ်အပ်ကုန်၏၊ ဤနည်းကို ဆီမီး ဥပမာ၌လည်း ဆောင်၍ သိအပ်၏။

## ၇-အညမည ပစ္စယော

သဟဇာတ ပစ္စည်း၌ ဝေဘန်အပ်ကုန်သော တရားတို့တွင် ပစ္စည်းတရားဟူ၍ ဆိုအပ်သော ပစ္စည်းတရား သည်သာလျှင် ဤအညမည ပစ္စည်း၌ ပစ္စည်းတရားလည်း ဖြစ်၏၊ ပစ္စယုပ္ပန် တရားလည်းဖြစ်၏၊ စိတ် စေတသိက် ဖြစ်ကုန်သော နာမက္ခန္ဓာ တရား အလုံးစုံတို့သည် အချင်းချင်း၏ ပစ္စည်းတရားတို့လည်း ဖြစ်ကုန်၏၊ အချင်းချင်း၏ ပစ္စယုပ္ပန်တရားတို့လည်း ဖြစ်ကုန်၏၊ တကွ ဖြစ်ကုန်သော မဟာဘုတ် လေးပါးတို့သည် အချင်းချင်း၏ ပစ္စည်းတရားတို့လည်း ဖြစ်ကုန်၏၊ အချင်းချင်း၏ ပစ္စယုပ္ပန် တရားတို့လည်း ဖြစ်ကုန်၏၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ပဋိသန္ဓေနှင့်တကွဖြစ်သော ဟဒယဝတ္ထုရုပ်သည် အချင်းချင်း၏ ပစ္စည်းတရားတို့လည်း ဖြစ်ကုန်၏၊ အချင်းချင်း၏ ပစ္စယုပ္ပန် တရားတို့လည်း ဖြစ်ကုန်၏၊ အညမည သဒ္ဒါ၏အနက်, ပစ္စယ သဒ္ဒါ၏ အနက်သည် သိလွယ်သည်သာလျှင်တည်း။

နည်းမှီးစရာ ဥပမာသော်ကား အချင်းချင်းမှီ၍ စိုက်ထောင်၍ ထားအပ်ကုန်သော တုတ်သုံးချောင်းတို့သည် အချင်းချင်း၏ မှီရာ တို့လည်း ဖြစ်ကုန်၏၊ အချင်းချင်းကို မှီကုန်သည်လည်း ဖြစ်ကုန်၏၊ ထိုတုတ်သုံးချောင်းတို့တွင် တချောင်း-တချောင်းသော တုတ်သည် မလဲမယိုင် မြဲခိုင် စိုက်ထောင်လျက် တည်သည်ရှိသော် အလုံးစုံသော တုတ်တို့သည် မလဲမယိုင် မြဲခိုင် စိုက်ထောင် တည်ကုန်၏၊ တချောင်း-တချောင်းသောတုတ် လဲသည်ရှိသော် အလုံးစုံသော တုတ်တို့ လဲကြရကုန်၏၊ ဤ ဥပမာ အတူ အညမည တရားတို့ကိုလည်း မှတ်အပ်ကုန်၏။

ဤအရာ၌ အချို့သောသူတို့ ဆိုအပ်ကုန်ရာ၏၊ စိတ် စေတသိက် ဖြစ်ကုန်သော တရားအားလုံးတို့သည် စိတ် အထောက်အပံ့ကို မရပါမူ ဖြစ်ရန် မတတ်နိုင်ဟု ဆိုရန် သင့်တန်စေ၊ အဘယ်ကြောင့်နည်းဟူမူ တွေ့ထိခြင်း အစရှိကုန်သော စေတသိက် ကိစ္စတို့၏ အာရုံကို သိခြင်း ကိစ္စလျှင် ရှေ့သွားရှိသည်၏ အဖြစ်ကြောင့်တည်း၊ မှန်၏၊ 'မနော ပုဗ္ဗင်္ဂမာ' ဟူ၍ မြတ်စွာဘုရား ဟောသောကြောင့် သင့်တန်စေ၊ စိတ်ကိုကား စေတသိက် အထောက်အပံ့ကို မရသော် ဖြစ်ရန် မတတ်နိုင် ဟူ၍ ဆိုရန် မသင့် ဟူ၍ ဆိုကုန်ရာ၏။

အဖြေကို ဤသို့ဆိုအပ်၏၊ စေတသိက် တရားတို့မည်သည် စိတ်၏ တကွဖြစ်ဘက် အပေါင်းအဖော်တို့ ဖြစ်ကုန်သောကြောင့် ထိုစေတသိက် တရားတို့နှင့် ကင်း၍ စိတ်သည်လည်း ဖြစ်ရန် မစွမ်းနိုင်သည်သာတည်း၊ မဟာဘုတ် •လေးပါးတို့၌လည်း ဤနည်းကိုသာလျှင် မှတ်အပ်၏၊ ဥပါဒါ ရုပ်တို့သည်ကား မဟာဘုတ်တို့၏ အကျိုးဆက်မျှ ဖြစ်သောကြောင့် တကွဖြစ်ဖက် အပေါင်းအဖော်တို့ မဖြစ်ကုန်ဟု မှတ်အပ်ကုန်၏၊ စေဒနာ ဦးအံ့၊ အာဟာရရုပ်, ဇီဝိတရုပ်သည် အာဟာရပစ္စည်း, ဣန္ဒြိယ ပစ္စည်း သီးသန့် ဖြစ်ကောင်းသောကြောင့် တကွဖြစ်ဖက် အပေါင်းအဖော်ဖြစ်သည် မဟုတ်ပါလော ဟူသတည်း၊ အဖြေကို ဤသို့ ဆိုအပ်၏၊ ဋီကာ၌သာလျှင် တကွဖြစ်ဖက် အပေါင်းအဖော် ဖြစ်၏၊ ဥပါဒ်ခဏ၌ မဖြစ်၊ ဤအညမည ပစ္စည်းကား ဥပါဒ်ခဏ၌ တကွဖြစ်ဖက် အပေါင်းအဖော်ကို အလိုရှိအပ်၏။

* * *

## ၈-နိဿယ ပစ္စယော

နိဿယ ပစ္စည်းသည် သဟဇာတ နိဿယ, ဝတ္ထု ပုရေဇာတ နိဿယ, ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ဟူ၍ သုံးပါးအပြား ရှိ၏။

ထိုသုံးပါးတို့တွင် သဟဇာတ နိဿယ ပစ္စည်းသည် အဘယ်နည်း။

အလုံးစုံသော သဟဇာတ ပစ္စည်းသည် သဟဇာတ နိဿယ ပစ္စည်းတည်း၊ ထိုကြောင့် ထိုပစ္စည်း၌ ပစ္စည်းတရား, ပစ္စယုပ္ပန် တရား ဝေဘန်ခြင်းကို သဟဇာတ ပစ္စည်း၌ ဆိုအပ်ပြီးသော နည်းဖြင့် သိအပ်၏။

ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်းကား အဘယ်နည်း။

စက္ခုဝတ္ထု, သောတဝတ္ထု, ဃာန ဝတ္ထု, ဇိဝှာဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု ဟူ၍ ဝတ္ထုရုပ် ခြောက်ပါး ရှိကုန်၏၊ ဤဝတ္ထုရုပ် ခြောက်ပါးတို့သည် ပဝတ္တိအခါ ဝိညာဏဓာတ် ခုနစ်ပါးတို့အား ဝတ္ထု ပုရေဇာတ နိဿယသတ္တိဖြင့် ကျေးဇူး ပြု၏။

ဝတ္ထုရုပ်သည်ပင်လျှင် ရှေးဦးစွာ ဖြစ်သည်ဖြစ်၍ ဝိညာဏ ဓာတ်၏ မှီရာဖြစ်၏၊ ထိုဝတ္ထု ပုရေဇာတ ဟူသော ပုဒ်၌ အနက်ကို ဤသို့ သိအပ်၏၊ စိတ် စေတသိက်တို့၏ မှီရာဟူသော အကြောင်းကြောင့် ဝတ္ထုမည်၏၊ ပုရေဇာတ ဟူသည်ကား မိမိ-မိမိ၏ ပစ္စယုပ္ပန်ဖြစ်သော တရား၏ ဖြစ်သော ခဏမှ ရှေးဖြစ်သော ခဏ၌ ဖြစ်သည်တည်း။

ထိုစကား၌ ပဋိသန္ဓေစိတ်သည် ထိုပဋိသန္ဓေခဏ၌ ပဋိသန္ဓေ စိတ်မဖြစ်မီ ရှေး၌ဖြစ်သော ဟဒယ ဝတ္ထုရုပ်၏ မရှိခြင်း ကြောင့် မိမိဟုဆိုအပ်သော ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော ဟဒယ ဝတ္ထုရုပ်ကိုသာလျှင် မှီ၍ဖြစ်၏၊ ပဌမ ဘဝင်စိတ်သည် ကား ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်သော ဟဒယ ဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏၊ ဒုတိယ ဘဝင်စိတ်သည် ပဌမ ဘဝင်စိတ်နှင့် အတူ တကွဖြစ်သော ဟဒယ ဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏၊ ဤအတူ တတိယ ဘဝင်စိတ်သည် ဒုတိယ ဘဝင်စိတ်နှင့် အတူတကွ ဖြစ်သော ဟဒယ ဝတ္ထုရုပ်ကို အမှီပြု၍ ဖြစ်၏၊ ဤသို့ အစ ရှိသည်ဖြင့် မရဏာသန္န ကာလတိုင်အောင် မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးတို့၏ ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်းကို သိအပ်၏။

ဥပမာ တယောသံတို့မည်သည် တယောကြိုးတို့၌ တယော ထိုးတံတို့ဖြင့် ထိုးသော အဟုန်ကြောင့်သာလျှင် ဖြစ်ကုန်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်၊ ထိုဥပမာ အတူ ပဉ္စဝိညာဏ်တို့မည်သည် ဝတ္ထုရုပ် ငါးပါးဟု ဆိုအပ်ကုန်သော အာရုံငါးပါးတို့၏ ထင်ခြင်းသို့ရောက်သော အဟုန်ကြောင့်သာ လျှင် ဖြစ်ကုန်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်။

ထင်ခြင်းသို့ ရောက်ခြင်းသည်လည်း ထိုဒွါရ အာရုံတို့၏ ဌီသို့ ရောက်သော အခါ၌သာလျှင် ဖြစ်၏၊ ထင်ခြင်းသို့ ရောက်ခြင်းတည်း ဟူသော အကြောင်းကြောင့်သာလျှင် ဘဝင် နှစ်ကြိမ် လှုပ်၏၊ ဘဝင်လှုပ်ခြင်းတည်း ဟူသော အကြောင်း ကြောင့်လည်း ပဉ္စဒွါရ၌ ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း

စိတ်သည် ဖြစ်၏၊ အာဝဇ္ဇန်း ဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့်လည်း စက္ခုဝိညာဉ် အစရှိသော ဝိညာဉ် ငါးပါးတို့ အာရုံအားလျော်စွာ အသီးသီး ဖြစ်ကုန်၏၊ ထိုကြောင့် စက္ခု အစရှိသော ဝတ္ထုငါးပါးတို့သည် စက္ခု ဝိညာဉ်စသည် မဖြစ်မီ ရှေးဖြစ်သော အတိတ် ဘဝင်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ကုန်သည် ဖြစ်၍သာလျှင် ပဉ္စဝိညာဏဓာတ်တို့ အား ဝတ္ထု ပုရေဇာတ နိဿယ သတ္တိဖြင့် ကျေးဇူး ပြုတတ် ကုန်၏။

မရဏာသန္န အခါ၌ကား ခပ်သိမ်းကုန်သော ဝတ္ထုရုပ် ခြောက်ပါးတို့သည် စုတိစိတ်မှ ရှေး၌ တဆဲ့ခုနစ်ချက်မြောက် ဖြစ်သော ဘဝင်စိတ်၏ ဥပါဒ် ခဏ၌သာလျှင် ဖြစ်ကုန်၏၊ ထို ဘဝင်စိတ်၏ ဥပါဒ်ခဏမှ နောက်၌ မဖြစ်ကုန်၊ ထိုကြောင့် မရဏာသန္နအခါ၌ ဘဝင်စိတ်များ, ခပ်သိမ်းသော ဆဋ္ဌာရိက ဝီထိစိတ်များနှင့် စုတိစိတ်သည် မိမိတို့ မဖြစ်မီ ရှေးအခါ၌ ဖြစ်ကုန်သော ထို ၁၇-ချက်မြောက် စိတ်နှင့်အတူ ဥပါဒ်သည် သာလျှင် ဖြစ်ကုန်သော မိမိ-မိမိတို့၏ ဝတ္ထုတို့ကိုမှီ၍ ဖြစ်ကုန်၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်း တည်း။

ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်းသည်ကား အဘယ် နည်း။

မိမိ၏ အဇ္ဈတ္တဖြစ်သော ဝတ္ထုရုပ်ကို အာရုံပြု၍ ဟဒယ ဝတ္ထုရုပ်ကို မှီ၍- "ငါ၏ မနောဝိညာဉ်စိတ် ဖြစ်၏၊ ဤငါ၏ မနောဝိညာဉ်စိတ်မှီရာ ဟဒယ ဝတ္ထုရုပ်သည် ငါ၏ ဥစ္စာတည်း၊

ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ အတ္တတည်း” ဤသို့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းမှတ်ယူသည်၏ အစွမ်းဖြင့်၎င်း, “ဤဟဒယ ဝတ္ထုရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနတ္တ”၊ ဤသို့ လက္ခဏာရေးသို့ တင်၍ သုံးသပ်သည်၏ အစွမ်းဖြင့်၎င်း— အာဝဇ္ဇန်းစိတ် အစရှိကုန်သော မနောဒွါရိက ဝီထိစိတ်တို့ ဖြစ်ကုန်သောအခါ၌ ထိုထို ဝတ္ထုရုပ်တို့သည် အသီးအသီး ထိုမနောဒွါရိက စိတ်တို့၏ မှီရာဝတ္ထုလည်း ဖြစ်၏၊ ထို ဝီထိ စိတ်တို့၏ အာရုံလည်း ဖြစ်၏၊ ထို့ကြောင့် ထိုထို ဟဒယ ဝတ္ထု ရုပ်သည် ထိုထိုအာရုံပြုသော စိတ္တုပ္ပါဒ်အား ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏၊ ဤဆိုအပ်ခဲ့ပြီး သည်ကား ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်းတည်း၊ ဤသို့ နိဿယ ပစ္စည်းသည် သုံးပါး အပြားရှိ၏။

ဤနိဿယ ပစ္စည်း၌ သုတ္တန္တနည်း နိဿယ ပစ္စည်းကိုလည်း ဆိုအပ်၏၊ ဤလူ, တိရစ္ဆာန်, သစ်ပင် စသည်တို့သည် မြေကြီး၌ တည်ကုန်၏၊ မြေကြီးသည်လည်း အောက်လေ အစုကြီး၌ တည်၏၊ လေအစုကြီးသည်လည်း အောက် အဇဋာကာသ ဟင်းလင်း ပြင်၌ တည်၏၊ လူတို့သည် အိမ်တို့၌, ရဟန်းတို့သည် ကျောင်း တို့၌, နတ်တို့သည် နတ်ဗိမာန်တို့၌– ဤသို့ အစရှိသဖြင့် အလုံး စုံသော လောက၏ ဖြစ်ခြင်းကို သိ၍ နိဿယပစ္စည်းကို သိအပ်၏။

လူ, တိရစ္ဆာန်, သစ်ပင်, တော, တောင်တို့သည် နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်, မဟာပထဝီ မြေကြီးသည် နိဿယပစ္စည်း ဖြစ်၏၊ မြေကြီးသည် နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်, ရေအစုသည်

နိဿယ ပစ္စည်း ဖြစ်၏၊ ရေအစုသည် နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်, လေအစုသည် နိဿယ ပစ္စည်းဖြစ်၏၊ လေအစုသည် နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်, အောက်ကောင်းကင်သည် နိဿယ ပစ္စည်းဖြစ်၏၊ လူတို့သည် နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်၊ အိမ်တို့သည် နိဿယ ပစ္စည်း ဖြစ်ကုန်၏၊ ရဟန်းတို့သည် နိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်, ကျောင်းတို့သည် နိဿယ ပစ္စည်းဖြစ်ကုန်၏၊ ဤသို့ စသည်ဖြင့် ယူရမည်။

* * *

## ၉–ဥပနိဿယ ပစ္စယော

ဥပနိဿယ ပစ္စည်းသည် အာရမ္မဏူပ နိဿယ, အနန္တရူပ နိဿယ, ပကတူပ နိဿယ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတွင် အာရမ္မဏူပ နိဿယ ပစ္စည်းသည် အာရမ္မဏာ ဓိပတိ ပစ္စည်းနှင့် တူ၏၊ အနန္တရူပ နိဿယ ပစ္စည်းသည် အနန္တရ ပစ္စည်းနှင့် တူ၏။

ပကတူပ နိဿယ ပစ္စည်းသည် အဘယ်နည်း။

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌ ဖြစ်ကုန်သော အဇ္ဈတ္တ-ဗဟိဒ္ဓ သန္တာန် နှစ်ပါး၌ ဖြစ်ကုန်သော အလုံးစုံသော စိတ် စေတသိက် ရုပ်တရား, နိဗ္ဗာန်, ပညတ်သည် ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်သော ခပ်သိမ်းသော စိတ် စေတသိက် တရားတို့အား ထိုက်သင့်သည် အားလျော်စွာ ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။

ထိုပကတူပ နိဿယ ပစ္စည်း၌ အတိတ်က ပရိနိဗ္ဗာန် စံတော်မူပြီးသော ငါတို့၏ ဗုဒ္ဓ, ဓမ္မ, အရိယ သာဝက သံဃာ, သမ္မုတိ သံဃာ အဆက်ဆက်သည် နောက်သားဖြစ်ကုန်သော ငါတို့အား ကုသိုလ်တရား ပွားခြင်းငှာ ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုအတူ လောက၌ အတိတ်က ကွယ်လွန်ကုန်ပြီးသော အမိ အဘ, ဆရာသမား, ပညာရှိ ရဟန်း-ပုဏ္ဏား, ထင်ရှားကျော်စောကုန်သော အထူးထူးသော တိတ္ထိဆရာများ, တန်ခိုးအာနုဘော် ရှိကုန်သော ရှေးမင်းတို့သည် နောက်၌ ဖြစ်ကုန်သော လူအပေါင်းတို့အား ကုသိုလ်, အကုသိုလ်, ချမ်းသာ, ဆင်းရဲဖြစ်ခြင်းငှာ ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုစကား

မှန်၏၊ ထိုရှေး၌ ဖြစ်ကြသော မိဘ ဆရာ စသူတို့သည် နောက်၌ ဖြစ်ကုန်သော လူအပေါင်းတို့၏ အကျိုးငှာ အထူးထူးအပြားပြား ကုန်သော သူတော်တရား စကား ပညတ်များ, အထူးထူး အပြားပြား ကုန်သော လောက အဆောက် အဦများကို ရှေး အခါ၌ ထားခဲ့ကြကုန်၏၊ နောက်လာ နောက်သားတို့သည် လည်း ထိုရှေးလူတို့ ထားခဲ့ကုန်သော ဒါန သီလ စသော တရား, လောက ကျင့်ဝတ်တရား, အမျိုးအနွယ်တို့၌ ကျင့်အပ်သော ဝတ်တရား,အထူးထူးသော အယူဝါဒ, အထူးထူးသော အလုပ် အကိုင် အတတ်ပညာ အရာဌာနမျိုး, တည်ထောင် ပြုလုပ်၍ ထားခဲ့တိုင်းသော ရွာ နိဂုံး မြို့ လယ်ယာ တဖက်ဆီးကန် လေး ထောင့်ကန်,တွင်း,လိုဏ်,အိမ်,ရထား, လှည်း, လှေ, သင်းဘော, သမ္ဗာန်,ရွှေ, ငွေ, ပတ္တမြား, ပုလဲ စသည်တို့၌ အမွေခံ အဖြစ်ကို ကျင့်ကြကုန်သည်ဖြစ်၍ လောက၌ ကြီးပွားကုန်၏။

နောင်အခါ မေတ္တယျ အမည်ရှိသော ဗုဒ္ဓ, သူ၏ ဓမ္မ, သံဃာသည် ယခုခေတ် သမယ ပစ္စုပ္ပန်ကာလ၌ ထင်ရှားရှိကုန် သော များစွာသော လူတို့အား ပါရမီ ကုသိုလ် ပွားခြင်းငှာ ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုအတူ ဤပစ္စုပ္ပန် ဘဝ၌ရင်း, နောက်နောက်သော ကာလ၌ရင်း ရလတ္တံ့ကုန်သော အစိုးရသောအရာ ဥစ္စာ စပါး ပေါများ ပြည့်စုံခြင်း စည်းစိမ် တို့သည် ရှေးအခါ ဘဝ အတိတ်ကာလတို့၌ တည်ခဲ့ကုန်သော များစွာသော သူတို့အား အထူးထူးသော လုံ့လ ပယောဂ သင်္ခါရတို့ကို ပြုလုပ် ဆည်းပူးခဲ့ကြခြင်းငှာ ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။

အနာဂတ် ဘဝ၌လည်း ခံစားရလတ္တံ့ ကုန်သော ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ, မဂ်ဖိုလ် နိဗ္ဗာန်၏ ပြည့်စုံခြင်းတို့သည် ယခု ပစ္စုပ္ပန်ဘဝ၌ တည်ကုန်သော များစွာသော လူတို့အား ဒါန သီလ စသော ကုသိုလ်ကောင်းမှု ပြုလုပ် ဆည်းပူးကြခြင်းငှာ ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ဥပမာ လောက၌ ဆောင်းအခါ စပါးအသီး အနှံ တို့ကို ရကုန်လတ္တံ့ဟု မြော်လင့်ကုန်၍ မိုးအခါ၌ လယ်ထွန်ခြင်းအမှု စပါးစိုက်ပျိုးခြင်း အမှုတို့ကို အားထုတ် ပြုလုပ်ကြကုန်၏၊ ငါတို့ ပြုလုပ်ဆောင်ရွက်ကြသော အမှုကိစ္စ ပြည့်စုံသော် ထိုထို အလို ရှိအပ်သော ဉစ္စာကို ငါတို့ရကြလိမ့်မည်ဟု မြော်လင့်ကုန်၍ ရှေးအဘို့၌ ထိုထိုကိုယ်ဖြင့် ပြုလုပ် အားထုတ် အပ်သောအမှု, ထိုထို စိတ်ကူးဉာဏ်ဖြင့် ပြုလုပ်အပ်သော အမှုကို အားထုတ် ပြုလုပ်ကြကုန်၏၊ ထိုဥပမာ၌ စပါးသီးနှံကိုရခြင်း, ထိုထို အလို ရှိအပ်သော ဉစ္စာကို ရခြင်းသည် ထိုအမှု ကိစ္စ အလုပ်အကိုင်တို့ကို အားထုတ် ပြုလုပ်ခြင်းအား အနာဂတ်မျိုးဖြစ်သော ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။

ထိုထို အမှုကိစ္စ အလုပ်အကိုင် တို့ကို အားထုတ် ပြုလုပ်ခြင်း သည်လည်း စပါးသီးနှံကိုရခြင်း, ထိုထို အလိုရှိအပ်သော ဉစ္စာ ကို ရခြင်းအား အတိတ်မျိုးဖြစ်သော ပကတူပနိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤအတူသာလျှင် နောက် ဖြစ်သော အနာဂတ်ကာလ၌ အထူးထူးသော အလုပ်အကိုင်၏ အကျိုး စီးပွားတို့ကို မြော်လင့် တောင့်တ ကုန်လျက် များစွာသော လူတို့သည် ရှေးဖြစ်သော ပစ္စုပ္ပန် ကာလ၌ အထူးထူးသော ကောင်းမှုတို့ကို အားထုတ် ပြုလုပ်ကြကုန်၏။

ထိုစကားရပ်၌ ကောင်းမှု၏ အကျိုးတို့သည် ကောင်းမှု ကုသိုလ်တို့အား အနာဂတ်မျိုးဖြစ်သော ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ကုသိုလ်ကောင်းမှုတို့သည် ကောင်းမှု၏အကျိုးတို့အား အတိတ်မျိုးဖြစ်သော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုကြောင့် အနာဂတ်မျိုးဖြစ်သော ပကတူပနိဿယ ပစ္စည်းသည်လည်း အတိတ်မျိုးဖြစ်သော ပကတူပနိဿယပစ္စည်းကဲ့သို့ အလွန် ကျယ်ဝန်း ကြီးမားသော ပစ္စည်းဖြစ်၏။

ပစ္စုပ္ပန်ဖြစ်ကုန်သော ဗုဒ္ဓ အစရှိကုန်သော ပစ္စည်းတရားတို့သည် ပစ္စုပ္ပန် ဖြစ်ကုန်သော နတ်ဗြဟ္မာတို့အား, ပစ္စုပ္ပန်ဖြစ်ကုန်သော အမိအဖတို့သည် ပစ္စုပ္ပန်ဖြစ်ကုန်သော သားသမီးအစရှိသည်တို့အား ပစ္စုပ္ပန်မျိုးဖြစ်သော ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်မည်၏၊ ထိုပစ္စုပ္ပန် ပကတူပနိဿယ ပစ္စည်းသည် အလွန်ပေါ်လွင် ထင်ရှားသည်သာတည်း။

အဇ္ဈတ္တဖြစ်ကုန်သော ပကတူပနိဿယ ပစ္စည်းတရားမျိုးသည်ကား ဗုဒ္ဓအစရှိကုန်သော သက်ရှိ သဝိညာဏက သတ္တဝါတို့၏ သန္တာန်တို့၌ ဖြစ်ကုန်သော ပစ္စည်းတို့ဖြစ်ကုန်၏၊ ဗဟိဒ္ဓဖြစ်သော ပကတူပနိဿယ ပစ္စည်းမျိုးမည်သည်ကား သတ္တဝါတို့၏တည်ရာဖြစ်၍ဖြစ်ကုန်သော မြေတောင် မြစ် သမုဒြာစသည်တို့သည်ရင်း, ထိုထို သတ္တဝါတို့အား ကျေးဇူး များကုန်သော တော သစ်ပင် မြက် ကောက်ပဲ အစရှိသည်တို့သည်ရင်း, လ နေ ဂြိုဟ် နက္ခတ် အစရှိသည်တို့သည်ရင်း, မိုး ရေ မီး လေ အချမ်း အပူ အစရှိသည်တို့သည်ရင်း အားလုံးလည်း

ဖြစ်ကုန်သော ထိုဆိုအပ်ခဲ့ပြီးသော ပစ္စည်းတရားတို့သည် သတ္တဝါတို့အား ကုသိုလ်–အကုသိုလ် တရားပွားခြင်း, ချမ်းသာ–ဆင်းရဲ တရားပွားခြင်းငှာ အားကြီးသော အကြောင်း ပကတူပနိဿယ ပစ္စည်းတို့ ဖြစ်ကုန်၏။

မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှာ ကျင့်ဆဲ အားထုတ်ဆဲ ဖြစ်ကုန်သော ဤသူတော်ကောင်းတို့သည်– "ငါတို့ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင် ပရိနိဗ္ဗာန် ပြုကုန်အံ့"-ဟု နှလုံးသွင်း ကုန်၍ ဗောဓိ ပက္ခိယတရား ၃၇- ပါးတို့ကိုမူလည်း ပွားစေကုန်၏၊–"ငါတို့သည် နှောင်ပွင့်လတ္တံ့သော ဗုဒ္ဓ လက်ထက်တော်၌ ပရိနိဗ္ဗာန် ပြုကုန်အံ့"-ဟု နှလုံးသွင်းကုန်၍ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုရင်း ဖြည့်စေကြကုန်၏၊ ထိုစကား၌ နိဗ္ဗာန်တရားသည် ထိုဗောဓိပက္ခိယ, ပါရမီတရားတို့၏ ဖြစ်ခြင်းငှာ အားကြီးသော အကြောင်းပစ္စည်း ဖြစ်၏။

လောက၌ အထူးထူးသော ဝေါဟာရ ဖြစ်ကုန်သော အမည် ပညတ်တို့သည်ရင်း, ဗုဒ္ဓသာသနာ၌ သုံးပုံ ပိဋကတ် ပရိယတ်တရား ဖြစ်ကုန်သော အမည် ပညတ်တို့သည်ရင်း ထိုထို အနက်တို့ကို သိခြင်းအကျိုးငှာ အားကြီးသော အကြောင်း ပကတူပနိဿယ ပစ္စည်းဖြစ်၏။

ထိုပကတူပ နိဿယ ပစ္စည်း၌ မှတ်ဖွယ်စိုးစဉ်း စကားကြွင်းကို ဆိုဦးအံ့၊ အကြောင်းတရားတို့သည် ပြုပြင်အပ်သောကြောင့် သင်္ခတတရား မည်ကုန်သော စိတ် စေတသိက် ရုပ်တရားတို့သည်ကား အကြောင်းပစ္စည်း တရားရှိသော် ဖြစ်ကုန်၏၊ မရှိသော် မဖြစ်ကုန်၊ ဖြစ်ပေါ်ပြီး၍လည်း တည်တံ့ခြင်းအကြောင်း ပစ္စည်းတရားရှိသော် တည်ကုန်၏၊ မရှိသော် မတည်ကုန်၊ ထိုကြောင့်

ထိုသင်္ခတတရားတို့၏ ဖြစ်ခြင်း, တည်ခြင်းငှာ အကြောင်းတရားမည်သည်ကို အလိုရှိအပ်၏၊ နိဗ္ဗာန်နှင့် ပညတ်ကား အကြောင်းတရားတို့သည် မပြုပြင်အပ်သောကြောင့် အသင်္ခတ တရားမည်ကုန်၏၊ ဇာတိကင်းသောတရား, ဥပါဒ်ခြင်း ကင်းသောတရား, မြဲသောတရား, မရွေ့ရှားသော တရားတို့ ဖြစ်ကုန်၏၊ ထိုကြောင့် ထိုနိဗ္ဗာန် ပညတ်တရားတို့၏ ဖြစ်ပွား ပေါ်ပေါက်ခြင်း, တည်တံ့ခြင်းငှာအကြောင်း တရားမည်သည် မရှိဟု မှတ်အပ်၏။

ကုသိုလ်တရားသည် ကုသိုလ်တရားအား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ သဒ္ဓါတရားကို အမှီပြု၍ အလှူ လှူ၏၊ သီလကို ကောင်းစွာခံယူ ဆောက်တည်၏၊ ဤသို့ အစရှိသည်ဖြင့် ပဋ္ဌာန်းပါဠိတော်၌ ကောင်းစွာ ထင်ရှား၏၊ ထိုအတူ ရာဂကို အမှီပြု၍ သတ္တဝါကို သတ်၏၊ အရှင်မပေးသော ဥစ္စာကို ခိုးယူ၏၊ ဤသို့ အစရှိသည်ဖြင့်၎င်း, လျောက်ပတ်သော ဥတု ဘောဇဉ် အာဟာရကို အမှီပြု၍ ကိုယ်၌ဖြစ်သော ချမ်းသာကို ခံစား၏၊ ဤသို့ အစရှိသည်ဖြင့်၎င်း အလွန်ပေါ်လွင် ထင်ရှား၏၊ အကုသိုလ်တရားသည် အကုသိုလ်တရားအား, အဗျာကတတရားသည် အဗျာကတ တရားအား ဥပနိဿယ သတ္တိဖြင့်ကျေးဇူးပြုခြင်းသည်လည်း အလွန် ပေါ်လွင် ထင်ရှား၏။

အဘို့တပါးကို ဆိုဦးအံ့၊ ကုသိုလ်တရားသည် အကုသိုလ်တရားအားလည်း အားကြီးသော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ အလှူ ပေးလှူပြီး၍ ထိုသို့ပေးလှူရခြင်းကြောင့် မိမိကိုယ်ကို ချီးမြှောက်၏၊ သူတပါးကို ကဲ့ရဲ့ရှုတ်ချ၏၊ ထိုအတူ သီလ, သမာဓိ, ပညာနှင့် ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကို ချီးမြှောက်၏၊ သူတပါးကို ကဲ့ရဲ့ရှုတ်ချ၏။

ကုသိုလ်တရားသည် အဗျာကတ တရားအား အားကြီးသော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဘုံလေးပါး၌ ဖြစ်သော ခပ်သိမ်းကုန်သော ကုသိုလ်ကံ, ကံ၏အခြံအရံဖြစ်သော ကုသိုလ်တို့သည် ကာလတပါး၌ ဘုံလေးပါး၌ ဖြစ်ကုန်သော ဝိပါက် အဗျာကတ တရားတို့အား အားကြီးသောအကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဒါနပါရမီကို ဖြည့်ကုန်သော သူတို့သည် ဖြည့်သော အခါကာလ၌ များစွာသော ကိုယ်ဆင်းရဲကို ခံစားကြရကုန်၏၊ ထိုအတူ သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီကို ဖြည့်ကုန်သော သူတို့သည် ဖြည့်သော အခါကာလ၌ များစွာသော ကာယိက ဒုက္ခကို ခံစားကြရကုန်၏၊ စျာန်ကို ပွားရာ, မဂ်ကို ပွားရာတို့၌လည်း ဤနည်းလျှင် နည်းရှိ၏။

အကုသိုလ်တရားသည် ကုသိုလ်တရားအားလည်း အားကြီးသောအကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤလောက၌ အချို့သောသူသည် မကောင်းမှုကို ပြုပြီး၍ နောက်ကာလ၌ နှလုံးသာယာခြင်းမရှိ ဖြစ်၍ ထိုမကောင်းမှုကို ပယ်ခြင်းငှာ ဒါန, သီလ, စျာန်, မဂ် ကုသိုလ်တို့ကို ပြည့်စုံစေ၏၊ ပြုခဲ့ဘူးသော ထိုမကောင်းမှု အကုသိုလ်ကံသည် ထိုကုသိုလ်စသည်တို့အား အားကြီးသောအကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။

အကုသိုလ်တရားသည် အဗျာကတ တရားအားလည်း အားကြီးသော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဤလောက၌ များစွာကုန်သော လူတို့သည် ဒုစရိုက်မှုကို ပြုကုန်

ပြီးလျှင် အပါယ်လေးပါးတို့၌ ကျကုန်၍ အပါယ်ဆင်းရဲကို ခံစားကြရကုန်၏၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌လည်း အချို့သော သူတို့သည် မိမိ့ သူတပါး၏ မကောင်းမှု ဒုစရိုက် ဟူသော အကြောင်းကြောင့် များစွာသော ဆင်းရဲကို ခံစား ကြရကုန်၏၊ အချို့သော သူတို့သည် မကောင်းမှု ဒုစရိုက်ကံဖြင့် ဥစ္စာကို ရကုန်၍ ချမ်းသာကို ခံစားကြရကုန်၏၊ များစွာသော လူတို့သည် ရာဂလျှင် အကြောင်းရင်းရှိသော များစွာသော ဆင်းရဲကို ခံစားကြရကုန်၏၊ ဒေါသ, မောဟ, ဒိဋ္ဌိ, မာနလျှင် အကြောင်းရင်းရှိသော ဤသို့စသည်ဖြင့် အကျယ်ကို မှတ်အပ်၏။

အဗျာကတ တရားသည် ကုသိုလ်တရားအားလည်း အား ကြီးသော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ဥစ္စာ၏ ပြည့်စုံခြင်းကြောင့် အလှူလှူ၏၊ သီလကို ဖြည့်၏၊ ပညာကို ဖြည့်၏၊ ဘာဝနာအားလျော်သော ကျောင်း, လှိုဏ်, ဂူ, သစ်ပင်, တော, တောင်, ဆွမ်းခံကျက်စားရာရွာ, လျော်ကပ် ပတ်သော ဥတု, အာဟာရကိုရ၍ ထိုထိုသမထ ဝိပဿနာကို ပွားစေ၏။

အဗျာကတသည် အကုသိုလ် တရားအားလည်း အားကြီး သော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ လောက၌ စက္ခု၏ ပြည့်စုံခြင်းကို အမှီပြု၍ မြင်ခြင်းလျှင် အကြောင်းရင်း ရှိကုန်သော များစွာသော အကုသိုလ် တရားတို့ ဖြစ်ကုန်၏၊ နား၏ ပြည့်စုံခြင်း အစရှိသည်တို့၌လည်း ဤစက္ခု၌ ဆိုအပ်သော နည်းကို မှတ်အပ်၏၊ ထိုအတူ လက်-ခြေ၏ ပြည့်စုံ

ခြင်း, ဓားလက်နက်၏ ပြည့်စုံခြင်းကို အမှီပြု၍ စသည်ဖြင့်လည်း ဆိုအပ်၏၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဥပနိဿယပစ္စည်းသည် သုံးပါး အပြားရှိ၏။

ဤအရာ၌ သုတ္တန် ဥပနိဿယ ပစ္စည်းကိုလည်း ဆိုအပ်၏ မိတ်ဆွေကောင်း, မိတ်ဆွေယုတ်, ရွာ, တောကို အမှီပြု၍ အစရှိသည်ဖြင့် များစွာသော အရာဌာနတို့၌ လာ၏၊ စင်စစ်သော်ကား နိယာမတရား ငါးပါးတို့သည် သတ္တလောက, သင်္ခါရလောက, ဩကာသ လောကဟု ဆိုအပ်ကုန်သော လောကသုံးပါးတို့၏ မပြတ်မစဲ တသဲသဲ ဖြစ်ခြင်းငှာ အားကြီးသော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဤအနက် အဓိပ္ပာယ်ကိုလည်း 'နိယာမ ဒီပနီကျမ်း' ၌ ငါတို့ အကျယ်အားဖြင့် ပြအပ်ပြီ။

အဘယ်သို့သော အနက်သဘောကြောင့် အာရမ္မဏူပနိဿယ ပစ္စည်း မည်သနည်း။

အဓိပတိဖြစ်၍ ဖြစ်သော အာရုံတရားသည်သာလျှင် အာရုံပြုခြင်းရှိသော အရမ္မဏိက တရားတို့၏ အားကြီးသော မှီရာအကြောင်းဖြစ်သော အနက်ကြောင့် အရမ္မဏူပနိဿယ မည်၏။

အဘယ်သို့သော အနက်သဘောကြောင့် အနန္တရူပ နိဿယမည်သနည်း။

ရှေးဖြစ်သော အခြားမရှိသော စိတ်သည်သာလျှင် နောက်ဖြစ်သော အခြားမရှိသော စိတ်၏ ဖြစ်ခြင်းမှာ အားကြီးသော မှီရာဟူသော အနက်ကြောင့် အနန္တရူပ နိဿယမည်၏၊ ရှေးဖြစ်သော စိတ်ကို အမိ, နောက်ဖြစ်သောစိတ်ကို သား ကဲ့သို့ မှတ်အပ်၏၊ အမိသည် မိမိ၏ အခြားမဲ့၌ သား ဖြစ်ခြင်းငှာ

အားကြီးသော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု သကဲ့သို့ ထိုအတူ ရှေးစိတ် နောက်စိတ်တို့၏ ဖြစ်ခြင်း၌ အား ကြီးသော အကြောင်း ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏ဟု မှတ်အပ်၏။

အဘယ်သို့သော အနက်သဘောကြောင့် ပကတူပ နိဿယ ပစ္စည်း မည်သနည်း။

ပြကတေ့ သဘောအားဖြင့်ပင်လျှင် လောက၌ ပညာရှိ တို့၏ ထင်ရှားသော မှီရာ အားကြီးသော အကြောင်းသည် ပကတူပ နိဿယ မည်၏။

ဆက်၍ ဆိုဦးအံ့၊ ဤဥပနိဿယ ပစ္စည်း၌ အနန္တရူပ နိဿယ ပစ္စည်း၏ သတ္တိသည် အခြားမဲ့သော စိတ်၌သာလျှင် ကျရောက် ပျံ့နှံ့၏၊ ပကတူပနိဿယ ပစ္စည်း၏ သတ္တိသည်ကား အဝေး၌လည်း ပျံ့နှံ့သည် သာလျှင်တည်း၊ ထိုစကား မှန်၏၊ ဤဘဝ၌ ရှေးရှေးသော နေ့, လ, နှစ်တို့၌ မြင်ဘူး, ကြားဘူး, နမ်းဘူး, လျက်ဘူး, တွေ့ထိဘူး, သိဘူးကုန်သော အာရုံတို့သည် နောက်ကာလ၌ ထိုသို့ သဘောရှိသော အကြောင်းရှိသော် အနှစ်တရာ ကြာသော အခါ၌လည်း မနောဒွါရ၌ ထင်ခြင်းသို့ ရောက်ကုန်၏၊ “ငါသည် ဤမည်သော ရူပါရုံ သဒ္ဒါရုံ စသည် ကို ရှေးအခါ၌ မြင်ဘူး ကြားဘူး၏”၊ ဤသို့ စသည်ဖြင့် သတ္တဝါတို့သည် အောက်မေ့ မှတ်မိကြကုန်၏ ဥပပါတ် ပဋိသန္ဓေနေသော သတ္တဝါတို့သည်ကား ရှေးအတိတ် ဘဝကို လည်း အောက်မေ့ မှတ်မိကြကုန်၏၊ ထိုအတူ လူဘုံတွင်လည်း

အချို့သော သူတို့သည် ရှေးအတိတ် ဘဝကို မှတ်မိတတ်သော သညာကိုရကြကုန်၏၊ ထိုအတူ ရှေးအခါ၌ အရာ အထောင် မက မြင်ဘူး ကြားဘူးအပ်သည် အစရှိကုန်သော ရူပါရုံစသော ဝတ္ထုတို့တွင် နောက်ကာလ တခုသော အာရုံဝတ္ထုကို မြင်၍ ၎င်း, ကြား၍၎င်း ထိုခဏ၌သာလျှင် ထိုအာရုံတို့သည် များသော်လည်း မနှောဝိညာဉ် အစဉ်ကို နှိုးလျက်ဖြစ်၏။

* * *

## ၁၀—ပုရေဇာတ ပစ္စယော

ပုရေဇာတ ပစ္စည်းသည် ဝတ္ထု ပုရေဇာတ, အာရမ္မဏ ပုရေဇာတ, ဝတ္ထာရမ္မဏ ပုရေဇာတ ဟူ၍ သုံးပါး အပြားရှိ၏။

ထိုပုရေဇာတ ပစ္စည်းသုံးပါး၌ ဝတ္ထု ပုရေဇာတနှင့် ဝတ္ထာရမ္မဏ ပုရေဇာတကို ရှေး နိဿယ ပစ္စည်း၌ နိဿယ ဟူသော အမည်ဖြင့် ဆိုအပ်ပြီးသည်သာလျှင်တည်း။

အာရမ္မဏ ပုရေဇာတ မည်သည်ကား ပစ္စုပ္ပန် ဖြစ်ကုန်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ပါးကို ဖြစ်ကုန်၏၊ ထိုရုပ်တို့တွင်လည်း ပစ္စုပ္ပန် ဖြစ်ကုန်သော ရူပါရုံ သဒ္ဒါရုံ အစရှိကုန်သော ပဉ္စာရုံတို့သည် ပဉ္စဝိညာဉ် ဝီထိစိတ် ငါးပါးတို့အား မြဲသောအားဖြင့် အာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဥပမာ တယောသံတို့ မည်သည်ကား တယောကြိုးတို့၌ တယောထိုးတံဖြင့် ထိုးခတ်ခြင်းတည်းဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်ကုန်၏၊ ဤဆိုခဲ့တိုင်းသာ ဖြစ်သည်ရှိသော် ထိုတယောသံတို့သည် အသံမပေါ်ပေါက်မီ ရှေးဦးစွာ ဖြစ်နှင့်ရှိနှင့်ကုန်သော တယောကြိုး တယောထိုးသံတို့နှင့် ကင်း၍ ဖြစ်ပေါ်လာခြင်းငှာ မတတ်နိုင်ကုန်၊ ဤအတူသာလျှင် ပဉ္စဝိညာဉ် ဝီထိစိတ်တို့သည်လည်း ဝတ္ထု ဒွာရ ငါးပါးတို့၌ အာရုံ ငါးပါးတို့၏ ရောက်ခြင်းတည်းဟူသော အကြောင်းကြောင့်သာလျှင် ဖြစ်ကုန်၏၊ ထင်ခြင်းသို့ ရောက်ခြင်းသည်လည်း ထိုဝတ္ထု အာရုံ နှစ်ပါးတို့၏ ဌီခဏသို့ ရောက်သော အခါ၌သာလျှင် ဖြစ်၏၊ ထိုသို့ ထင်ခြင်းသို့ ရောက်သောအခါ၌ ထိုအာရုံ ငါးပါးတို့သည် ထိုဝတ္ထု ငါးပါးတို့၌သာလျှင် သက်သက် ထင်

ခြင်းသို့ ရောက်ကုန်သည် မဟုတ်သေး၊ စင်စစ်သော်ကား ဘဝင် ဟုဆိုအပ်သော မနောဒွာရ၌လည်း ထင်ခြင်းသို့ ရောက်ကုန် သေးသည် သာလျှင်တည်း၊ ထိုမနောဒွါရ၌ ထင်ခြင်းသို့ ရောက် သည်၏ အဖြစ်ကြောင့်သာလျှင် ထိုဘဝင်သည်လည်း နှစ်ကြိမ် လှုပ်၍ ပြတ်လေ၏၊ ဘဝင်ပြတ်သော်လည်း ထိုပဉ္စဒွါရ ဝီထိ စိတ်တို့ ဖြစ်ကုန်၏။

ဤဆိုခဲ့တိုင်းသာ ဖြစ်သည်ရှိသော် ထိုပဉ္စဒွါရ ဝီထိစိတ်တို့ သည် မိမိတို့ မဖြစ်မီ ရှေးအတိတဘဝင် တချက်လွန် စသည်နှင့် ပြိုင်၍ ဖြစ်နှင့်ကုန်ပြီးသော ဝတ္ထု ဒွါရ အာရုံတို့နှင့် ကင်း၍ ဖြစ်ခြင်းငှာ မတတ်နိုင်သလော။

အလုံးစုံလည်း ဖြစ်ကုန်သော ထိုနိပ္ဖန္နရုပ် တဆဲ့ရှစ်ပါးတို့ သည် ချုပ်ကုန်သည်ဖြစ်၍ အတိတ်တို့လည်း ဖြစ်ကုန်၏၊ ဖြစ်ကုန် ဆဲတို့ ဖြစ်ကုန်၍ ပစ္စုပ္ပန်တို့လည်း ဖြစ်ကုန်၏၊ နိပ္ဖန္နရုပ် အလုံးစုံ တို့သည် မနောဝိညာဉ် ဝီထိ စိတ်တို့၏ အာရုံတို့ ဖြစ်ကုန်၏၊ ထိုရုပ်တို့တွင် ပစ္စုပ္ပန်ရုပ်တို့သည်သာလျှင် ထိုပဉ္စဒွါရ ဝီထိစိတ် တို့အား အာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ အဝေး၌ရှင်း, ဖုံးလွှမ်းသောအရပ် ၌ာန၌ရှင်း တည်သော ထိုထို အာရုံဝတ္ထုကို မနောဒွါရ ဝီထိ စိတ်ဖြင့်သာလျှင် အာရုံပြုသော အခါ၌ ထိုထို အဝေး, မျက်ကွယ်၌ တည်သော အာရုံဝတ္ထု သည် အကယ်၍ ထိုထိုအရပ်၌ ထင်ရှားရှိငြားအံ့၊ ပစ္စုပ္ပန် အာရုံ ဖြစ်၏။

## ၁၁—ပစ္ဆာဇာတ ပစ္စယော

နောက် နောက်ဖြစ်သော ထင်ရှားဖြစ်ဆဲသော စိတ်သည် ရှေး၌ဖြစ်နှင့်သော ဌီခဏသို့ ရောက်၍ ထင်ရှားတည်ရှိသော ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်သော ရုပ်အပေါင်းအား ကြီးပွား စည်ပင်စေခြင်းငှာ ပစ္ဆာဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ထိုသတ္တိဖြင့် ကျေးဇူးပြုပုံ အခြင်းအရာသည် အဘယ်ကဲ့သို့နည်း။

နောက်နောက်သော နှစ်တို့၌ နှစ်စဉ် ရွာသွန်းကုန်သော မိုးရေတို့သည် ရှေးရှေးသော နှစ်တို့၌ ပေါက်ရောက်ကုန်သော သစ်ပင်ငယ်တို့အား ကြီးပွား စည်ပင်စေခြင်းငှာ နောက်မှဖြစ်၍ ကျေးဇူးပြုကုန်၏၊ ဤသို့ မှတ်အပ်၏။

ထိုပစ္ဆာဇာတ ပစ္စည်း၌ နောက်နောက်ဖြစ်သော စိတ်ဟူသည်ကား ပဋိသန္ဓေနောင် ရှေးဦးစွာဖြစ်သော ပဌမ ဘဝင်မှ အစပြု၍ စုတိ စိတ်တိုင်အောင် အလုံးစုံသော စိတ်ကို ဆိုအပ်၏၊ ရှေးဦးစွာ ဖြစ်နှင့်သော ရုပ်ဟူသည်ကား ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော ကမ္မဇရုပ် အပေါင်းကို အစပြု၍ အဇ္ဈတ္တသန္တာန်၌ အကျုံးဝင်သော ခပ်သိမ်းသော စတု သမုဋ္ဌာနိကရုပ်အပေါင်းကို ဆိုအပ်၏။

ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်သော ကမ္မဇ ရုပ်အပေါင်းအား ပဌမ ဘဝင် အစရှိကုန်သော ဘဝင်စိတ် တဆဲ့ငါးချက်တို့သည် ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ပဋိသန္ဓေစိတ်သည်ကား ထိုကမ္မဇကာယနှင့် အတူတကွ ဖြစ်သောကြောင့်

ပစ္ဆာဇာတ ပစ္စည်း မဖြစ်၊ တဆဲ့ခြောက်ချက်မြောက် ဖြစ်သော ဘဝင်စိတ်သည်ကား ထိုပဋိသန္ဓေ စိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇကာယ၏ ပျက်စီးသော ဘင်ခဏာ၌ ဖြစ်သောကြောင့် ပစ္ဆာဇာတ ပစ္စည်းမဖြစ်၊ ထိုကြောင့် တဆဲ့ငါးချက်သော ဘဝင် စိတ်တို့ဟူ၍ ငါတို့ ဆိုအပ်၏။

ပဋိသန္ဓေစိတ်၏ ဌီခဏာ၌ကား ကမ္မဇနှင့် ဥတုဇ ဟူ၍ ရုပ်ကလာပ် နှစ်မျိုးတို့ ဖြစ်ကုန်၏၊ ထိုအတူ ဘင်ခဏာ၌လည်း ဖြစ်ကုန်၏၊ ပဌမ ဘဝင်၏ ဥပါဒ် ခဏာ၌ကား ကမ္မဇ, ဥတုဇ, စိတ္တဇ ဟူ၍ ရုပ်ကလာပ်သုံးမျိုးတို့ ဖြစ်ကုန်၏၊

ဗဟိဒ္ဓ အာဟာရ၌ တည်သော ဩဇာ၏ ပျံ့နှံ့ခြင်းကို ရ၍ အဇ္ဈတ္တ သန္တာန်ဟု ဆိုအပ်သော ရုပ်ကလာပ် သုံးမျိုး၌ တည်သော ဩဇာသည် အာဟာရဇ ကလာပ်ကို ဖြစ်စေသောအခါမှ စ၍ အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်သော ရုပ်ကလာပ် လေးမျိုးတို့သည် ဆီမီးလျှံကဲ့သို့ ဖြစ်ကုန်၏၊ ထို စတုသမုဋ္ဌာနိက ရုပ်ကလာပ်တို့သည် ဥပါဒ်ခဏာကို လွန်၍ ဌီအဖြစ်ဖြင့် ထင်ရှား ရှိကုန်သမျှ စိတ်တဆဲ့ငါးချက်တို့သည် ထိုစတုသမုဋ္ဌာနိက ရုပ်ကလာပ်တို့အား ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုကုန်သည် သာလျှင်တည်း။

ကြီးပွားစည်ပင်ခြင်းငှာ ဟူသည်ကား စတုသမုဋ္ဌာနိက ရုပ်ကလာပ် အစဉ်၏ အဆင့်ဆင့် ကြီးပွားခြင်း, ပြန့်ပြော စည်ပင်ခြင်းငှာ ဟူ၏၊ ထိုစကားမှန်၏၊ ရှေးရှေးဖြစ်သော ရုပ်

ကလာပ် လေးမျိုးတို့သည် ပဏ္ဍာဇာတ ပစ္စည်းကို အဖန်တလဲလဲ အကယ်၍ ရကုန်သည် ဖြစ်အံ့၊ ဤသို့ရသော် ထိုစတုသမုဋ္ဌာနိက ရုပ်ကလာပ်တို့သည် ချုပ်ကုန်သော်လည်း နောက်ကာလ၌ ရုပ်ကလာပ် အစဉ်အဆက်တို့အား ကြီးပွားစည်ပင် ပြန့်ပြော စေခြင်းငှာ အားကြီးသော အကြောင်းဖြစ်၍ ချုပ်ကုန်၏ဟု မှတ်အပ်၏။

*　　*　　*

## ၁၂—အာသေဝန ပစ္စယော

အကုသိုလ်စိတ် တဆဲ့နှစ်ပါး, လောကီ ကုသိုလ်စိတ် တဆဲ့ ခုနစ်ပါး, အာဝဇ္ဇန်းဒွေး ကြဉ်အပ်သော ကိရိယာစိတ် တဆဲ့ ရှစ်ပါးဟူသော လောကီဇောစိတ် လေးဆဲ့ခုနစ်ပါးတို့သည် အာသေဝန ပစ္စည်းတရားမည်၏၊ ထိုလောကီဇော ၄၇-ပါးတို့ တွင် အခြားမရှိ တစပ်တည်းဖြစ်သော ဇောအစဉ်သို့ရောက်သော ရှေးရှေးဖြစ်သော ဇောစိတ်သည် အာသေဝန ပစ္စည်းတရား မည်၏၊ မဂ်စိတ်လေးပါးတို့နှင့်တကွ နောက်နောက်ဖြစ်သော ဇောစိတ်သည် အာသေဝန ပစ္စည်း၏ ပစ္စယုပ္ပန် တရားမည်၏။

အဘယ်သို့သော အနက်သဘောကြောင့် အာသေဝန မည် သနည်း။

အဆင့်ဆင့်-အထပ်ထပ် လေ့လာသည်၏ အစွမ်းဖြင့် ကြီးပွား ခြင်း, အားအစွမ်း၏ ကြီးပွားခြင်းငှာ အထုံဝါသနာကို ယူစေ ခြင်းတည်းဟူသော အနက်ကြောင့် အာသေဝန မည်၏။

ထိုစကား၌ လေ့လာသည်၏ အဖြစ်ဟူသည်ကား အဖန် တလဲလဲ ရွာဖတ် သရဇ္ဈာယ်အပ်သော ပါဠိပါဠိကို လွယ်ကူ သဖြင့် ဖြစ်စေခြင်းကဲ့သို့ ဇောဌာန ကိစ္စဟု ဆိုအပ်သော ဌာန ကိစ္စအထူး၌ နောက်နောက်သော စိတ်ကို လွယ်ကူသဖြင့် ဖြစ်စေ ခြင်းတည်း။

အထုံဝါသနာကို ယူစေခြင်းမည်သည်ကား ပိုးချည် အဝတ် အထည်ကို အဖန်တလဲလဲ အမွှေးအကြိုင်ဖြင့် ထုံခြင်းကဲ့သို့ စိတ် အစဉ်၌ အဖန်တလဲလဲ တပ်နှစ်သက်ခြင်း လောဘ, ပြစ်မှားခြင်း ဒေါသ, မတပ် မနှစ်သက်ခြင်း အလောဘ, မပြစ်မှားခြင်း

အဒေါသ အစရှိသည်ဖြင့် ထုံခြင်းတည်း၊ ရှေးဖြစ်သော ဇော စိတ် ချုပ်သော်လည်း ထိုဇော၏ ဇောအဟုန်သတ္တိသည် မချုပ်၊ နောက်ဖြစ်သော စိတ်အစဉ်ကို နှံ့လျက်ဖြစ်သည်သာတည်း၊ ထိုကြောင့် နောက်နောက်ဖြစ်သော ဇောစိတ် ဖြစ်သည်ရှိသော် ထိုရှေးဇော၏ အဟုန် ချီးပင့်အပ်သည်ဖြစ်၍ အားရှိသည်ထက် အားရှိ၍ ဖြစ်၏၊ ဤသို့ ရှေးစိတ်သည် မိမိ၏ ထုံခြင်းကို နောက်စိတ်ကို ယူစေ၏၊ နောက်စိတ်သည်လည်း ရှေးစိတ်၏ ထုံခြင်းကိုယူ၍ ဖြစ်၏၊ ဤသို့ဖြစ်သော်လည်း ထို အာသေဝန ပစ္စည်း သတ္တိအဟုန်သည် နိယာမသဘောအားဖြင့် စိတ် အကြိမ် ခုနစ်ပါးတို့ဖြင့် ကုန်ဆုံးခြင်းသို့ ရောက်၏၊ (ကာမဇောကို ရည်သည်၊ ဈာန်ဇောမှာကား ခုနစ်ကြိမ်မက များလှသော ဘာဝနာအယဉ် ဆုံးသည်တိုင်အောင် ဖြစ်၏၊) ထိုခုနစ်ကြိမ် သော ဇောဝါရမှ နောက်၌ တဒါရုံ ဝိပါက်စိတ်သည် မူလည်း ဖြစ်၏၊ ဘဝင် စိတ် ဝါရသည်မူလည်း ဖြစ်၏။

ဤအရာ၌ သုတ္တန် အာသေဝန ပစ္စည်းကိုလည်း ဆိုအပ်၏၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယ သမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ တရားကိုပွားစေ၏၊ ဤသို့ အစရှိသည်ဖြင့် များစွာသော အရာဌာနတို့၌ ဟောတော်မူ အပ်၏၊ ထိုပါဠိရပ်တို့၌ ပွားစေ၏ဟူသော ပုဒ်၏ အနက်ကို သိအပ်၏၊ ခုနစ်ရက်, တလ, ခုနစ်လ, တနှစ်, ခုနစ်နှစ်တို့ပတ်လုံး ပွားစေ၏၊ ဤသို့ သဘောရှိသော အနက်ကို မှတ်အပ်၏။

ရှေးရှေး ဘဝဟောင်းတို့၌ အဖန်တလဲလဲ မှီဝဲထုံအပ်ကုန်သော ပွားစေအပ်ကုန်သော အကြိမ်များစွာ လေ့လာအပ်ကုန်သော ကုသိုလ်, အကုသိုလ် တရားတို့သည် နောက်နောက်ဖြစ်ပွား

များစွာသော ဘဝသစ်တို့၌ အားကြီးသည်ထက် အားကြီးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ ဖြစ်ခြင်းငှာ အာသေဝန ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ကာလတပါး, ဘဝတပါး၌ ထိုသို့သဘောရှိသော ကုသိုလ်, အကုသိုလ်တရားတို့၏ ဖြစ်ခြင်းငှာ ကျေးဇူးပြုသော ပစ္စည်းသည် ဥပနိဿယ ပစ္စည်းမည်၏၊ ထိုကုသိုလ်, အကုသိုလ်တို့၏သာလျှင် အားရှိသည်ထက် အားရှိသည်၏ အဖြစ် အလို့ငှာ ကျေးဇူးပြုသော ပစ္စည်းသည် အာသေဝန ပစ္စည်းမည်၏။

လောက၌လည်း ကြီးကျယ်ကုန်သော စိတ်, နှုတ်, ကိုယ်ဖြင့် ပွားများအားထုတ်အပ်သော အမှု, အင်္ဂါကြီးငယ်ဖြင့် ပွားများအားထုတ်အပ်သော အမှု, အမှုကြီးငယ် အသွယ်သွယ်သော အတတ်ပညာ အရာဌာနတို့၌ အဖန်တလဲလဲ မှီဝဲထုံအပ်ကုန်သော ပွားများအပ်ကုန်သော အကြိမ်များစွာ လေ့လာအပ်ကုန်သော အမှုကိစ္စတို့၏ ထင်ရှား ပေါ်ထွက်သော အကျိုးကျေးဇူးတို့မည်သည် မျက်မြင်အားဖြင့် ထင်ရှားရှိကုန်သည်သာလျှင်တည်း။

ခဏသုံးပါးနှင့်ယှဉ်သော ခပ်သိမ်းကုန်သော တရားတို့၏ အလယ်၌ ဤသို့ သဘောရှိသော အာသေဝန ပစ္စည်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ယောကျ်ားတို့၏ အား အစွမ်းတို့ အဆင့်ဆင့် ပွားသည်၏ အစွမ်းဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး ဖြစ်စေအပ်ကုန်သော ယောကျ်ားတို့ ပြုအပ်ကုန်သော အမှုတို့သည် ဖြောင့်ဖြောင့် စင်းစင်း ပြီးဆုံးခြင်းသို့ ရောက်ကြကုန်၏၊ သဗ္ဗညု ဗုဒ္ဓ အဖြစ်သို့ပင် ရောက်ကြလေကုန်၏။

* * *

## ၁၃—ကမ္မ ပစ္စယော

ကမ္မ ပစ္စည်းသည် သဟဇာတကမ္မနှင့် နာနာက္ခဏိက ကမ္မ ဟူ၍ နှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ခဏငယ် သုံးပါးအပေါင်းနှင့် ပြည့်စုံကုန်သော ကုသိုလ်, အကုသိုလ်, အဗျာကတ စေတနာ အလုံးစုံသည် သဟဇာတ ကမ္မပစ္စည်းမည်၏၊ စေတနာနှင့် အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သော စိတ် စေတသိက် တရားအလုံးစုံ, ပဋိသန္ဓေစိတ်နှင့် တကွ ဖြစ်ကုန်သော ကမ္မဇရုပ်တရားများ, ပဝတ္တိအခါ စိတ္တဇရုပ် အလုံးစုံတို့သည် ထိုသဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

အတိတ် ဖြစ်ကုန်သော ကုသိုလ်, အကုသိုလ် စေတနာတို့သည် နာနာက္ခဏိက ကမ္မပစ္စည်းမည်၏၊ လောကီ ဝိပါက် စိတ် စေတသိက် တရား သုံးဆဲ့နှစ်ပါးနှင့် အလုံးစုံသော ကမ္မဇရုပ်တရားတို့သည် ထို နာနာက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန် တရားတို့မည်ကုန်၏။

အဘယ်သို့သော အနက်သဘောကြောင့် ကမ္မ မည်သနည်း။

ကိရိယာ အထူးဟူသော အနက်ကြောင့် ကမ္မမည်၏၊ မှန်၏၊ စေတနာ စေတသိက်သည် ခပ်သိမ်းသော အမှုတို့၌ အကြီးအမှူး ဖြစ်သည်၏ အဖြစ်ကြောင့် ကိရိယာ အထူးဖြစ်၏၊ ထိုစေတနာသည် ခပ်သိမ်းကုန်သော ကာယကံ, ဝစီကံ, မနောကံမှုတို့ ရှေးရှု ထင်လတ်ကုန်သော် ထိုထို အမှု၏ ပြီးခြင်းအကျိုးငှာ သမ္ပယုတ် တရားတို့ကို စေ့ဆော် ပြုပြင် စီရင်၏၊ အတူတကွ ထစေ၏၊ ထိုကြောင့် ခပ်သိမ်းသော အမှုကိစ္စတို့၌ အကြီးအမှူး ဖြစ်၏၊ ဤသို့ ကိရိယာ အထူးဟူသော အနက်ကြောင့် ကမ္မ မည်၏။

တနည်းသော်ကား ဤစေတနာဖြင့် ပြုကြောင်းဖြစ်သော သတ္တိကြောင့် ကမ္မ မည်၏။

အဘယ် ကိစ္စကို ပြုကြကုန်သနည်း။

ကိုယ်, နှုတ်, စိတ်ဖြင့် ပြုအပ်သော အမှုကိစ္စကို ပြုကြကုန်၏၊ ထိုတွင်ကား၊ ကိုယ်ဖြင့် ပြုအပ်သော အမှု ကိစ္စတို့ မည်သည်ကား သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, ရှေ့သို့တက်ခြင်း, နောက်သို့ ဆုတ်ခြင်း, ယုတ်သော အပိုင်းအခြားအားဖြင့် မျက်လွှာတို့၏ ဖွင့်ခြင်း, ပိတ်ခြင်းတို့ ဖြစ်ကုန်၏၊ နှုတ်ဖြင့်ပြုအပ်သော အမှုကိစ္စ မည်သည်ကား စကားအသံကို ဖြစ်စေခြင်း ကိစ္စပင်တည်း၊ စိတ်ဖြင့် ပြုအပ်သော အမှုကိစ္စမည်သည်ကား ကောင်းစွာ ကြံခြင်း, မကောင်းသဖြင့် ကြံခြင်း, ယုတ်သော အပိုင်းအခြားအားဖြင့် ပဉ္စဝိညာဉ်တို့၏ ဒဿနကိစ္စ, သဝနကိစ္စ အစရှိသည်တို့ ဖြစ်ကုန်၏၊ အလုံးစုံသော ဤအမှုကိစ္စတို့ကို ဤစေတနာဖြင့် သတ္တဝါတို့ ပြုလုပ်ကြ၏၊ စီရင်ကြ၏၊ ထို့ကြောင့် ထိုစေတနာသည် ကမ္မ မည်၏။

မိမိ၏ ပစ္စယုပ္ပန် ဓမ္မနှင့် တကွဖြစ်သောကြောင့် သဟဇာတ မည်၏၊ ပစ္စယုပ္ပန် ဓမ္မနှင့် တကွလည်း ဖြစ်တတ်၏၊ ထို တကွ ဖြစ်သော တရားသည် ကမ္မလည်း မည်၏၊ ထိုနှစ်ပါးသော သတ္တိကြောင့် သဟဇာတ ကမ္မဖြစ်၍ ကျေးဇူးပြုတတ်၏၊ သဟဇာတ ကမ္မအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားဟု ဆိုလို၏။

စေတနာကံ၏ ဖြစ်ရာကာလသည် တပါး, အကျိုးဝိပါက်၏ ဖြစ်ရာကာလသည် တပါး၊ ဤသို့, စေတနာ ကံအား အသီး အသီးသော ဖြစ်ရာကာလ ရှိသောကြောင့် နာနာက္ခဏိက

မည်၏၊ အသီးအသီးသော ဖြစ်ရာကာလလည်း ဖြစ်၏၊ ယင်းသည် ကမ္မ မည်သည်လည်းဖြစ်၏၊ ထိုနှစ်ပါးသော သတ္တိကြောင့် နာနာက္ခဏိက ကမ္မ မည်၏၊ နာနာက္ခဏိက ကမ္မ ပစ္စည်း အဖြစ်ဖြင့် ကျေးဇူးပြုသည်ဟု ဆိုလို၏၊ အရိယမဂ် လေးပါးနှင့် ယှဉ်သော စေတနာသည် မိမိချုပ်သည်၏ အခြားမဲ့၌သာလျှင် အရိယဖိုလ် လေးပါးတည်းဟူသော ဝိပါက်အကျိုးကို ဖြစ်စေ၏၊ ယင်းစေတနာသည်လည်း နာနာက္ခဏိက ပစ္စည်းသာလျှင် ဖြစ်၏။

ဆက်၍ ဆိုဦးအံ့၊ ဤကမ္မပစ္စည်း၌ တခုသော ဒါနကုသိုလ် စေတနာသည် မိမိနှင့် တကွဖြစ်ကုန်သော စိတ် စေတသိက်, ကိုယ်နှုတ် အမူအရာဖြစ်ကုန်သော စိတ္တဇရုပ်တို့အား သဟဇာတ ကမ္မ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုစေတနာကံကြောင့် နောင်အခါ ကာလဘပါး၌ ဖြစ်မည့် ဝိပါက် နာမက္ခန္ဓာ လေးပါးနှင့် ကမ္မဇ ရူပက္ခန္ဓာအား နာနာက္ခဏိက ကမ္မပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏၊ ဤသို့ တခုတည်းသော ကမ္မပထသို့ ရောက်သော ကုသိုလ်, အကုသိုလ် တပါးပါးဖြစ်သော စေတနာသည် နှစ်ပါးသော အခိုက်အတန့်တို့၌ ပစ္စယုပ္ပန် နှစ်မျိုးတို့အား ပစ္စယသတ္တိ နှစ်ပါးဖြင့် ကျေးဇူးပြု၏ဟု မှတ်အပ်၏။

ဤ နာနာက္ခဏိက ကမ္မပစ္စည်း၌ ကံဟူသည်ကား ကိရိယာ အထူးတည်း၊ ယင်းသည်ကား စေတနာချုပ်သော်လည်း မချုပ် မူ၍ ထိုစိတ်အစဉ်ကို အစဉ်လိုက်၏၊ အကျိုးပေးခြင်းငှာ အခွင့်ရ သောအခါ ထိုကိရိယာ အထူးသည် စုတိစိတ်၏ အခြားမဲ့၌ တခုသော အတ္တဘောဖြစ်၍ အကျိုးပေး၏၊ ထင်ရှားဖြစ်၏၊

အကျိုးပေးခွင့် မရသော် ဘဝ အရာ, အထောင်, အသိန်းပတ်လုံး ထိုသတ္တဝါ၏ ခန္ဓာအစဉ်ကို အစဉ် လိုက်သည်သာတည်း၊ မဟဂ္ဂုတ် စေတနာ ကံသည်ကား ရအပ်သော အခွင့်ရှိသော် နှစ်ခုမြောက်သော ဘဝ၌ ဗြဟ္မာ့ဘုံ၌ ဗြဟ္မာ၏ အတ္တဘော ခန္ဓာကိုယ်ဖြစ်၍ ကောင်းစွာ ရင့်ကျက်ပြီးသော ကံဖြစ်သော ကြောင့် ဒုတိယ ဘဝ၌သာလျှင် ကုန်၏၊ ထိုမှ နောက်-နောက် ဘဝသို့မလိုက်။

*　　　*　　　*

## ၁၄-ဝိပါက ပစ္စယော

အကျိုး ဝိပါက်ဖြစ်ကုန်သော သမ္ပယောက လက္ခဏာ လေးပါးတို့နှင့် တကွ ဖြစ်တတ်ကုန်သော စိတ် စေတသိက်တရား သုံးဆဲ့ခြောက်ပါးတို့သည် ဝိပါက ပစ္စည်း မည်၏၊ ယင်းတရားတို့ သည်သာ အချင်းချင်း ပဋိသန္ဓေ ခဏ၌ ကမ္မဇရုပ်နှင့် ပဝတ္တိ အခါ ဝိပါက်စိတ်သည် ဖြစ်စေအပ်ကုန်သော စိတ္တဇရုပ်တို့သည် ဝိပါက ပစ္စည်း၏ ပစ္စယုပ္ပန်တရား မည်ကုန်၏။

အဘယ်သို့သော အနက်သဘောကြောင့် ဝိပါက်မည်သနည်း။

ရင့်ကျက်ခြင်းသို့ ရောက်ခြင်းဟူသော အနက်သဘောကြောင့် ဝိပါက်မည်၏၊ ရင့်ကျက်ခြင်း မည်သည်ကား သိမ်မွေ့နုနယ် ငယ်ရွယ်သည်၏ အဖြစ်ကို လွန်၍ ရင့်ကျက် မှည့်ရှမ်းသည်၏ အဖြစ်သို့ ရောက်ခြင်းတည်း။

အဘယ်မည်သော တရား၏ ရင့်ကျက် မှည့်ရှမ်းသည့် အဖြစ်နည်း။

နာနာက္ခဏိက ကမ္မ ပစ္စည်းဟု ဆိုအပ်သော အတိတ် စေတနာ ကံ၏ သိမ်မွေ့နုနယ် ငယ်ရွယ်သည့်အဖြစ်မှ ရင့်ကျက်မှည့်ရှမ်းသည့် အဖြစ်တည်း။

ထိုစကား၌ အနက်ကို ဤသို့ သိအပ်၏၊ တခုသော စေတနာ ကံ၏ အခိုက်အတံ့ လေးပါးတို့ ဖြစ်ကုန်၏၊ စေတနာ အခိုက် အတံ့, ကံ အခိုက်အတံ့, နိမိတ် အခိုက်အတံ့, ဝိပါက် အခိုက် အတံ့ဟူသော လေးပါးသော အခိုက်အတံ့တို့တည်း။

ထိုလေးပါးတို့တွင် ထိုနာနာက္ခဏိက စေတနာသည် ချုပ်သွားသော်လည်း ထိုစေတနာ၏ ကိရိယာ အထူးသည် မချုပ်၊ ထိုသတ္တဝါ၏ စိတ်အစဉ်သို့ အစဉ်လိုက်သည်သာလျှင်တည်း၊ ယင်းသည် ကမ္မ အခိုက်အတံ့မည်၏။

နိမိတ် အခိုက်အတံ့ ဟူသည်ကား ထိုကံသည် ရင့်ကျက် အကျိုးပေးခြင်းငှာ အခွင့်ရသောအခါ သေခါနီးကာလ၌ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ရှေးရှုထင်လာ၏၊ ထိုအခါ သူသည် အလှူ လှူသကဲ့သို့ရင်း, သီလစောင့်သကဲ့ရင်း, အသက်သတ်ခြင်း အမှု ပြုနေသကဲ့ရင်း ဖြစ်၏။

ကမ္မနိမိတ်သည်မူလည်း ရှေးရှုထင်လာ၏၊ ရှေးအခါ၌ ထိုကံ၏ အဆောက်အဦဖြစ်သော လှူဘွယ်ဝတ္ထု အစရှိသော အာရုံသည်ရင်း, ဓားလက်နက် အစရှိသော အာရုံသည်ရင်း, အမှတ်မရှိ တပါးပါးသော အာရုံသည်ရင်း ထိုအခါ သူ၏ လက်တွင်းသို့ ရောက်လာဘိသကဲ့သို့ဖြင်၏။

ဂတိ နိမိတ်သည်မူလည်း ရှေးရှုထင်လာ၏၊ နတ်ဗိမာန် အစရှိသော အာရုံသည်ရင်း, ငရဲမီးလျှံ အစရှိသော အာရုံသည်ရင်း, ဖြစ်မည့်ဆဲဆဲ ဘဝ၌ ရမည့်အာရုံသည်ရင်း, ခံစားရမည့် အာရုံသည်ရင်း ထိုအခါ ထင်ရှားဖြစ်ပေါ်လာ၏၊ ဤသည်ကား နိမိတ် အခိုက်အတံ့ မည်၏။

ဝိပါက် အခိုက်အတံ့သည်ကား ထိုပုဂ္ဂိုလ်သည် ထိုသို့သော အခြင်းအရာအားဖြင့် ရှေးရှုထင်လာသော ထိုကံကိုရင်း, ထိုကမ္မ နိမိတ်ကိုရင်း, ထိုဂတိ နိမိတ်ကိုရင်း တခုခုသော အာရုံကို

မလွှတ်မူ၍ အကယ်၍ သေပြောအံ့ ထိုအခါ ထိုကံသည် ထိုဘဝ၌ ရင့်ကျက်၏၊ အကျိုးပေး၏၊ ထိုကံသည် ထိုဘဝ၌ တခုသော အတ္တဘောခန္ဓာကိုယ်ဖြစ်၍ ထင်ရှားဖြစ်၏။

စေတနာ အခိုက်အတံ့ကို မဆိုရသေးရကား ယင်းကို အဘယ်သို့မှတ်ရအံ့နည်းဟူမူ ဒုစရိုက်, သုစရိုက် တခုခုကို ပြုဆဲခဏ၌ ဖြစ်ပေါ်သော စေတနာ၏ ခဏတ္တယသည် စေတနာ အခိုက်အတံ့ပင်တည်း။

ထိုလေးပါးသော အခိုက်အတံ့တို့တွင် ရှေးအခိုက်အတံ့ သုံးပါးတို့၌ ထိုကံသည် သိမ်မွေ့ယ်ရွယ် နုနယ်စွာဖြစ်၏၊ နောက်ဆုံးဖြစ်သော ဝိပါက်အခိုက်အတံ့သို့ရောက်၍ ရင့်ကျက်မှည့်ရှမ်း၏၊ ထိုအခါ စိတ် စေတသိက် တရားအပေါင်းသည် ဝိပါက်မည်၏။

ထိုဝိပါက ပစ္စည်း၌ သရက်သီးတို့ မည်သည်ကား မှည့်ရင့်ခြင်းသို့ ရောက်သောအခါ အချင်းခပ်သိမ်း နူးညံ့ပြော့ပြောင်းသောသဘောရှိသကဲ့သို့ ဤအတူသာလျှင် ဝိပါက်တရားတို့ မည်သည် လုံ့လဥဿာဟ ကြောင့်ကြဗျာပါရ ကင်းကုန်သည် ဖြစ်၍ အချင်းခပ်သိမ်း ငြိမ်သက်သိမ်မွေ့သော သဘောရှိကုန်၏၊ ထိုဝိပါက်တရားတို့၏ ငြိမ်သက်သိမ်မွေ့သော သဘောရှိသည်၏ အဖြစ်ကြောင့်သာလျှင် ညဉ့်အခါ အိပ်ပျော်နေသူအား ရှေးအနန္တရဘဝ သေခါနီး အခါကာလ၌ ယူခဲ့တိုင်းသော ကံ အစရှိသော နိမိတ် အာရုံကို အာရုံပြု၍ ဘဝင်အလျဉ်

ဖြစ်သော်လည်း ထိုဘဝင်အလျဉ်၏ ထိုက်အစရှိသော အာရုံကို အာရုံပြု၍ “ငါ၏ ရှေးအနန္တရဘဝ၌ ဤမည်သော အာရုံကို မြင်အပ်၏”-ဟု ဤသို့ တစုံတခုသော သိသော ဝိထိစိတ်၏ ဖြစ်ခြင်းငှာ အကြောင်းမဖြစ်၊ ထိုပုဂ္ဂိုလ်သည် အိပ်ပျော်သော အခါ၌၎င်း, ထသောအခါ၌၎င်း ရှေးဘဝ၌ မြီးမြီးသော ထိုအာရုံကို မသိချေ၊ ဤသို့ လုံ့လအားထုတ် ကြောင့်ကြဗျာပါရကင်းသည့်အဖြစ်, ငြိမ်သက်သိမ်မွေ့သော သဘောရှိသည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အဖြစ်သည် ဝိပါက ပစ္စည်း၏ သတ္တိမည်၏၊ ဤသို့မှတ်အပ်၏။

## ၁၅-အာဟာရ ပစ္စယော

အာဟာရ ပစ္စည်းသည် ရုပ် အာဟာရ ပစ္စည်းနှင့် နာမ် အာဟာရ ပစ္စည်းဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ရုပ်အာဟာရ ပစ္စည်းမည်သည် ကဗဠီကာရ အာဟာရဟု ဆိုအပ်သော ဩဇာရုပ်ကို ဆိုအပ်၏၊ ယင်းသည်လည်း အဇ္ဈတ္တဩဇာနှင့် ဗဟိဒ္ဓဩဇာ ဟူ၍ နှစ်ပါး အပြားရှိ၏၊ ကဗဠီကာရ အာဟာရလျှင် အစာရှိကုန်သော သတ္တဝါတို့၏ စတုသမုဋ္ဌာနိက ရုပ်တရား အလုံးစုံတို့သည် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

နာမ် အာဟာရသည်ကား ဖဿာဟာရ, မနောသဉ္စေတနာ ဟာရနှင့် ဝိညာဏာဟာရ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုနာမ် တရား သုံးပါးတို့သည် သဟဇာတ်ဖြစ်ကုန်သော နာမ်ရုပ်တရား တို့အား အာဟာရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ သဟဇာတ် ဖြစ်သော နာမ်ရုပ် တရားတို့သည်လည်း ထိုနာမ် အာဟာရတရား သုံးပါးတို့၏ ပစ္စယုပ္ပန်တရားဖြစ်ကုန်၏။

အဘယ်သို့သော အနက် သဘောကြောင့် အာဟာရ မည် သနည်း။

ပြင်းစွာ ဖြစ်စေခြင်း ထောက်ပံ့ခြင်းဟူသော အကြောင်း ကြောင့် အာဟာရ မည်၏၊ ပြင်းစွာ ဖြစ်စေခြင်း ထောက်ပံ့ခြင်း အနက်ဟူသည်လည်း ပြင်းစွာ ဖြစ်စေခြင်း ဟူသော အနက် ကြောင့် ကြာမြင့်စွာသော ကာလပတ်လုံး တည်ခြင်း ကြီးပွား ခြင်း, စည်ပင် ပြန့်ပြောခြင်း, ထောက်ပံ့ခြင်း ဟူသော အနက်

ကြောင့် ဤသို့ဆိုလိုသည် ဖြစ်၏၊ ဖြစ်စေခြင်း ကိစ္စနှင့်ယှဉ်သော အာဟာရသည်လည်း ထောက်ပံ့ခြင်း ကိစ္စလျှင် ပြဓာန်းခြင်း ရှိ၏ဟု မှတ်အပ်၏။

ထိုအာဟာရ ပစ္စည်း၌ အနက်ကို ဤသို့ သိအပ်၏၊ ရုပ်အာဟာရ နှစ်ပါးသည် အဇ္ဈတ္တ သန္တာန်၌ အကြောင်းတရား လေးပါးသည် ဖြစ်စေအပ်သော ရုပ်အပေါင်းကို ပွားစေလျက် ပြင်းစွာ စောင့်ရှောက် ထောက်ပံ့ စေတတ်၏၊ မြဲမြံစွာ ဖြစ်စေ၏၊ ရှည်မြင့်စွာသော ကာလသို့ ရောက်စေတတ်၏၊ ထိုထို အာယုကပ် အသက်အပိုင်း အခြား၏ အဆုံးသို့ ရောက်စေတတ်၏၊ ထိုကြောင့် အာဟာရ မည်၏။

ဖဿာ ဟာရသည် အာရုံတရားတို့၏ ဣဋ္ဌ အနိဋ္ဌ ရသကို သုတ်ယူလျက် သမ္ပယုတ် တရားတို့သို့ လွန်စွာ ပို့ဆောင်တတ်၏၊ မနောသဉ္စေတနာဟာရသည် ကာယကံ ဝစီကံ မနောကံတို့၌ လုံ့လကို ဖြစ်စေလျက် သမ္ပယုတ် တရားတို့ကို ပြင်းစွာ ဆောင်တတ်၏၊ ဝိညာဏာဟာရသည် အာရုံကို သိခြင်းဟူသော အနက်ဖြင့် ရှေ့သွားဖြစ်၍ ပြဋ္ဌာန်းခြင်း ကိစ္စကို ရွက်ဆောင်လျက် သမ္ပယုတ် တရားတို့ကို ပြင်းစွာ ဆောင်တတ်၏၊ မြဲမြံစွာ ဖြစ်စေတတ်၏၊ ရှည်မြင့်စွာသော အခွန့်သို့ ရောက်စေတတ်၏၊ ထိုကြောင့် အာဟာရမည်၏၊ သမ္ပယုတ်တရားတို့ကို ပြင်းစွာ ဆောင်သော် သဟဇာတ ဖြစ်သော ရုပ်တရားတို့ကိုလည်း ပြင်းစွာဆောင်သည် သာလျှင်တည်း။

ဤအာဟာရ ပစ္စည်းအရာ၌ သုတ္တန်နည်းကိုလည်း ဆိုအပ်၏၊ ဥက်တို့မည်သည်ကား မျက်စိတို့ဖြင့် တူရူအရပ် အထောင့်အရပ်ကို ပိုင်းခြားမှတ်သား ထင်ရှားစေလျက် အတောင်တို့ဖြင့် သစ်

တပင်မှ တပင်သို့ တောတတောမှ တတောသို့ ကောင်းကင် ခရီးဖြင့် ပျံ၍ နှုတ်သီးတို့ဖြင့် သစ်သီးကြီးငယ်တို့ကို ထိုးဆိတ် စားသောက်၍ အသက်ထက်ဆုံး ကိုယ်ကိုမျှတစေ၏၊ ထိုအတူ ဤသတ္တဝါတို့သည် ဝိညာဉ်ခြောက်ပါးတို့ဖြင့် အာရုံခြောက်ပါး တို့ကို ဇောအစဉ်တွင် ထင်ထင်ရှားရှား မှတ်သားပိုင်းခြားလျက် မနောသဉ္စေတနာ အာဟာရ ခြောက်ပါးတို့ဖြင့် အာရုံတည်း ဟူသော မီရာဝတ္ထုကို ရခြင်းအကျိုးငှာ လုံ့လပြု၍ ဖဿာဟာရ ခြောက်ပါးတို့ဖြင့် အာရုံတို့၌ ရသထင်ရှားဖြစ်သည်ကို ပြု၍ သုခ ဒုက္ခ ဝေဒနာကို ခံစားကြကုန်၏။

တနည်းကား ဝိညာဉ် ခြောက်ပါးတို့ဖြင့် အာရုံ ခြောက်ပါး တို့ကို ထင်ရှားစေလျက် နာမ်ရုပ်နှစ်ပါး၏ ပြည့်စုံခြင်းကို ပြီးစေ ကုန်၏၊ ဖဿတို့ဖြင့် အာရုံတို့၌ ရသ ထင်ရှားဖြစ်သည်ကို ပြု၍ အာရုံ၏ အရသာ ခံစားတတ်သော ဝေဒနာကို ပြည့်စုံစေလျက် တဏှာ၏ ပြန့်ပြောခြင်းသို့ ရောက်ကုန်၏၊ စေတနာတို့ဖြင့် တဏှာလျှင် အကြောင်းရင်းရှိကုန်သော အထူးထူးသော ကံတို့ကို ပွားစေလျက် တဘဝမှ တဘဝသို့ ပြောင်းရွှေ့ ကျင်လည်ကြ ရကုန်၏၊ ကြီးစွာဆောင်တတ်သော သတ္တိကို သိအပ်၏။

*　　　*　　　*

## ၁၆—ဈာန်ပစ္စယော

ဈာန်ပစ္စည်းသည် သဟဇာတိန္ဒြိယ, ပုရေဇာတိန္ဒြိယနှင့် ရူပဇီဝိတိန္ဒြိယ ဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးသော ဈာန်ပစ္စည်းတို့တွင် နာမ်ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ-ဟူသော နာမ်ဈာန်တရား တဆယ့်ငါးပါးတို့သည် သဟဇာတိန္ဒြိယ ပစ္စည်း မည်၏၊ ထိုပစ္စည်းတရားတို့နှင့် တကွဖြစ်ကုန်သော စိတ် စေတသိက် ရုပ်တရားတို့သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ ဟူသော ရုပ်ဈာန်ငါးပါးတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်း မည်၏၊ ပဉ္စဝိညာဉ် စိတ်စေတသိက် တရားတို့သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။

တခုသော ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြိယ ပစ္စည်းမည်၏၊ ခပ်သိမ်းကုန်သော ရုပ်ဇီဝိတိန္ဒြေသည် ကြဉ်အပ်ကုန်သော ကမ္မဇ ရုပ်တို့သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

အဘယ်သို့သော အနက်သဘောကြောင့် ဈာန်ဒြိယ မည် သနည်း။

အစိုးရခြင်းတည်းဟူသော အနက်ကြောင့် ဈာန်ဒြိယမည်၏။

အဘယ်တရား၌ အစိုးရသနည်း။

မိမိ-မိမိ၏ ပစ္စယုပ္ပန် တရားတို့၌ အစိုးရသည်တည်း။

အဘယ်-အဘယ် အမှုကိစ္စ၌ အစိုးရသနည်း။

မိမိ-မိမိတို့၏ အမှုကိစ္စ၌ အစိုးရသည်တည်း၊ နာမ်ဇီဝိတိန္ဒြေသည် သမ္ပယုတ်တရားတို့၏ အသက်ရှင်မှုကိစ္စ၌ အစိုးရ၏၊ အသက်ရှင်မှုကိစ္စ ဟူသည်ကား အသက် ပွားများခြင်းအမှု၌ သန္တတိ ၌၏ ကြာမြင့်စွာသော ကာလပတ်လုံး တည်ခြင်းအမှု၌ ဖြစ်၏၊ ဤသည်ကား အနက်တည်း၊ မနိန္ဒြေသည် အာရုံကို ယူခြင်းအမှု၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏၊ ကြွင်းသော ဣန္ဒြေတို့၏ အနက်သဘောကို ရှေး 'ဣန္ဒြိယ ယမက ဒီပနီ' ကျမ်း၌ ဆိုအပ်ပြီးသည်သာလျှင်တည်း။

ဣတ္ထိန္ဒြိယ ပုရိသိန္ဒြိယ ရုပ်တရား နှစ်ပါးတို့သည် ဣန္ဒြေ ဖြစ်ကုန်လျက်လည်း အဘယ်ကြောင့် ဣန္ဒြိယ ပစ္စည်း၌ အသိမ်း မယူအပ်သနည်းဟု ဆိုရာ၏၊ ပစ္စယသတ္တိ၏ မရှိခြင်းကြောင့် မယူအပ်။

ခွဲ၍ ဆိုဦးအံ့၊ ပစ္စယသတ္တိသည် ဇနနသတ္တိ, ဥပတ္ထမ္ဘန သတ္တိနှင့် အနုပါလန သတ္တိ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ပစ္စယုပ္ပန်တရား၏ ဖြစ်ခြင်းငှာ ကျေးဇူးပြုသော ပစ္စည်းမရှိသော် ပစ္စယုပ္ပန်တရား မဖြစ်၊ ထို ပစ္စယုပ္ပန်ဓမ္မ ဖြစ်ခြင်းငှာ ကျေးဇူးပြုတတ်သော ပစ္စည်း၏ ပစ္စယ သတ္တိသည် ဇနနသတ္တိ မည်၏၊ ဝါ-ပစ္စယုပ္ပန်ဓမ္မကို ဖြစ်စေတတ်သော သတ္တိ မည်၏၊ အနန္တရ ပစ္စည်းမျိုးကဲ့သို့တည်း။

ပစ္စယုပ္ပန် တရား၏ တည်ခြင်း ကြီးပွားစည်ပင်ခြင်းငှာ ကျေးဇူးပြုသော ပစ္စည်းမရှိသော် ပစ္စယုပ္ပန်တရားသည် မတည်၊ မကြီးပွား၊ မစည်ပင်၊ ထိုပစ္စယုပ္ပန်ဓမ္မ၏ တည်တံ့ကြီးပွားစည်ပင်ခြင်းငှာ ကျေးဇူးပြုတတ်သော ပစ္စည်း၏ ပစ္စယသတ္တိသည်

ဥပတ္ထမ္ဘန သတ္တိမည်၏၊ ၀ါ-ပစ္စယုပ္ပန် ဓမ္မကို ထောက်ပံ့တတ်သော သတ္တိမည်၏၊ ပစ္စာဇာတ ပစ္စည်းမျိုးကဲ့သို့တည်း။

ပစ္စယုပ္ပန်တရား၏ ဖြစ်ခြင်းငှာ ကျေးဇူးပြုတတ်သော ပစ္စည်းနှင့် ကင်း၍ ပစ္စယုပ္ပန်တရားသည် ကြာမြင့်စွာသော ကာလပတ်လုံး မဖြစ်၊ အစဉ်မပြတ် တစပ်တည်း ဖြစ်ခြင်းသည် ပြတ်၏၊ ထိုပစ္စယုပ္ပန် ဓမ္မ၏ အစဉ်မပြတ် တစပ်တည်းဖြစ်ခြင်းငှာ ကျေးဇူးပြုတတ်သော ပစ္စည်းတို့ ပစ္စယသတ္တိသည် အနုပါလန သတ္တိမည်၏၊ ၀ါ-ပစ္စယုပ္ပန်ဓမ္မ အစဉ်မပြတ်အောင် စောင့်ရှောက်တတ်သော သတ္တိမည်၏၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်းကဲ့သို့တည်း။

ဆက်၍ ဆိုဦးအံ့၊ ထိုဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတရား နှစ်ပါးတို့သည် ထိုပြဆိုခဲ့ပြီးသော ပစ္စယသတ္တိ သုံးမျိုးတို့တွင် တခုသော ကိစ္စမျှကိုလည်း မပြီးစေသောကြောင့် ထိုတရား နှစ်ပါးတို့ကို ဣန္ဒြိယ ပစ္စည်း၌ ပစ္စယဓမ္မ အသီးအခြား မယူအပ်ကုန်။

ဤသို့ဖြစ်သော် ထိုတရားနှစ်ပါးတို့ကို ဣန္ဒြေကိုဟူ၍ မဆိုကောင်းတော့ပြီဟု အကယ်၍ ဆိုငြားအံ့၊ မဆိုကောင်းသည် မဟုတ်ကုန်၊ အဘယ်ကြောင့်နည်း ဟူမူကား အစိုးရခြင်း ကိစ္စ ရှိသေးသောကြောင့်တည်း၊ ဤသို့ မှတ်အပ်၏။

ထိုရုပ်တို့၏ အစိုးရခြင်း ကိစ္စဟူသည် အဘယ်နည်း။

အသွင် အရိပ် နိမိတ် သဏ္ဌာန် ပုံဟန် အမူအရာတို့၌ အစိုးရသည်၏ အဖြစ်သည် ဣန္ဒြိယ ကိစ္စတည်း၊ ထိုစကား မှန်၏၊ ပဋိသန္ဓေ ခဏ၌ ဣတ္ထိန္ဒြေရုပ်ဖြစ်သူ၏ သန္တာန်၌ ကံအစရှိသော လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်ကုန်သော သန္တာန်ငါပါး ဘို့သည် မိန်းမ၏ အဖြစ် အလိုငှာ ညွတ်ကုန်၏၊ ယုံအတ္တဘော သည် စင်စစ် မိန်းမ၏ အသွင်အပြင် နိမိတ် သဏ္ဌာန် ပုံဟန်

အခြင်းအရာတို့နှင့် ယှဉ်၏၊ တပါးသော အခြင်းအရာဖြင့် မဖြစ်၊ ဣတ္ထိန္ဒြိယရုပ်သည် ထိုခန္ဓာ ငါးပါးတို့ကို ဖြစ်စေသည်လည်း မဟုတ်၊ တည်တံ့ကြီးပွား စည်ကားခြင်းငှာလည်း မထောက်ပံ့၊ အစဉ် မပျက်စေခြင်းငှာလည်း မစောင့်ရှောက်၊ စင်စစ်သော်ကား ထိုတရားတို့သည် မိမိ-မိမိ၏ အကြောင်းတို့ကြောင့် ဖြစ်ကုန်လျက် ဤသို့-ဤသို့သော အခြင်းအရာဖြင့်သာလျှင် ဖြစ်ကုန်လော့ဟု အာဏာထားဘိသကဲ့သို့ ထိုတရားတို့၌ မိမိ၏ တန်ခိုးသတ္တိကို ဖြစ်စေ၏၊ ထိုတရားတို့သည်လည်း ထိုသို့သော အခြင်းအရာဖြင့်သာလျှင် ဖြစ်ကုန်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်ဟု သိအပ်၏။

ဤဆိုအပ်ခဲ့ပြီးသည်ကား ဣတ္ထိန္ဒြိယရုပ်၏ မိန်းမ၏အသွင်အပြင် စသည်တို့၌ အစိုးရသည့် အဖြစ်တည်း၊ ပုရိသိန္ဒြေရုပ်၏ ယောကျ်ား အသွင်အပြင် စသည်တို့၌ အစိုးရသည့် အဖြစ်၌လည်း ဤနည်းလျှင် နည်းရှိ၏၊ ဤသို့ ထိုတရား နှစ်ပါးတို့သည် အသွင်အပြင် စသည်တို့၌ အစိုးရခြင်း ကိစ္စရှိသေးသည် အဖြစ်ကြောင့် ဣန္ဒြေတို့ မည်ကုန်၏ဟု မှတ်အပ်၏။

ဟဒယ ဝတ္ထုရုပ်သည်ကား ဝိညာဏဓာတ် နှစ်ပါးတို့၏ မှီရာ ဝတ္ထုကိစ္စကို ပြီးစေသော်လည်း ထိုဓာတ်တို့၌ အစိုးရခြင်း ကိစ္စကို မပြီးစေ၊ အဘယ်ကြောင့်နည်းဟူမူ စိတ်ကို ပွားစေအပ်ပြီးသော ပုဂ္ဂိုလ်၏ ဟဒယဝတ္ထုရုပ်သည် ကြည်လင်သည် ဖြစ်စေ, မကြည်လင်သည် ဖြစ်စေ မနောဝိညာဏဓာတ်တို့သည် ထိုသို့လိုက်၍ ဖြစ်ကုန်၏၊ ထိုကြောင့် ဣန္ဒြိယကိစ္စကို မပြီးစေနိုင်၊ ထိုကြောင့် ဟဒယဝတ္ထုရုပ်သည် ပဉ္စပသာဒ ဝတ္ထုရုပ်ကဲ့သို့ ပုရေဇာတိန္ဒြိယ ဖစ္စည်း သီးခြားမဖြစ်ဟု မှတ်အပ်၏။

## ၁၇–ဈာန ပစ္စယော

ဈာန်အင်္ဂါ ခုနစ်ပါးတို့သည် ဈာနပစ္စည်းမည်၏၊ အဘယ် ခုနစ်ပါးတို့နည်း ဟူမူ ဝိတက်, ဝိစာရ, ပီတိ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဧကဂ္ဂတာ- ဤခုနစ်ပါးတို့တည်း၊ ထိုခုနစ်ပါးတို့နှင့် တကွဖြစ်ကုန်လျက် ပဋ္ဌဝိညာဉ် ကြဉ်အပ်ကုန် သော စိတ် စေတသိက် ရုပ်တရားတို့သည် ထိုဈာန ပစ္စည်း၏ ပစ္စယုပ္ပန် တရားမည်ကုန်၏။

အဘယ်သို့သော အနက်သဘောကြောင့် ဈာန် မည်သနည်း။

အာရုံသို့ကပ်၍ ရှုခြင်းတည်းဟူသော အနက်ကြောင့် ဈာန် မည်၏၊ အာရုံသို့ကပ်၍ ရှုခြင်းဟူသည်လည်း စိတ်ဖြင့် အာရုံသို့ ကပ်၍ ရှုခြင်းဟူသော အနက်ကြောင့် ဈာန်မည်၏။

ဥပမာ လေးသမားသည် အဝေး၌ရပ်၍ ငယ်သော မှတ်တိုင် စက်ကွင်း၌ မြားကို ပစ်သွင်းလိုသည်ရှိသော် လက်တို့ဖြင့် မြားကို ဖြောင့်၏၊ မလှုပ်သည်ကို ပြု၏၊ မှတ်တိုင် စက်ကွင်းကိုလည်း ထင်ရှားသည်ကို ပြု၏၊ မျက်စိဖြင့် စူးစူးစိုက်စိုက်ကြည့်လျက် ပစ်သွင်း၏၊ ဤအတူသာလျှင် ဤဈာန် အင်္ဂါခုနစ်ပါးတို့ဖြင့် စိတ်ကို ဖြောင့်၏၊ မလှုပ်သည်ကို ပြု၏၊ အာရုံသို့လည်း ထင် သည်ကို ပြုလျက် ရှုသော ပုဂ္ဂိုလ်ကို ကပ်၍ရှု၏ဟူ၍ ဆိုအပ်၏။

ဤသို့ ကပ်၍ရှုပြီး အမှတ်မရှိသော ကာယကံ, ဝစီကံ, မနောကံ အမှုကို ပြုသည်ရှိသော် မချွတ် မတိမ်းစေသည်ဖြစ်၍ ပြု၏၊ ထိုစကား၌ ကာယကံ မှုသည်ကား ရှေ့သို့လှမ်းခြင်း နောက်သို့ဆုတ်ခြင်း စသည်ကို ဆိုအပ်၏၊ ဝစီကံမှု မည်သည် ကား အက္ခရာ ပုဒ် ဗျည်းတို့နှင့် ပြည့်စုံသော နှုတ်သံစကား

မြွက်ကြားခြင်းကို ဆိုအပ်၏၊ မနောကံမှု မည်သည်ကား ခပ်သိမ်းသော စိတ်ဖြင့် အာရုံထင်ရှားစေခြင်းကို ဆိုအပ်၏၊ ဒါနမှုကိုရင်း, သူ့အသက် သတ်ခြင်းအမှုကိုရင်း အမှုအား လျော့ကျပတ်ကုန်သော ဈာန်အင်္ဂါတို့နှင့်ကင်း၍ အားနည်းသော စိတ်ဖြင့် ပြုခြင်းငှာ မတတ်ကောင်း၊ ကြွင်းသောကုသိုလ် အကုသိုလ် ကံတို့၌ ဤနည်းကို သိအပ်၏။

ဤအနက်ကိုလည်း ဝိတက် အစရှိကုန်သော ဈာနင် တရားတို့၏ အသီးအသီးသော သဘောလက္ခဏာတို့ဖြင့် ပြအပ်၏၊ ဝိတက်သည် သမ္ပယုတ် တရားတို့ကို အာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာရှိ၏၊ ယင်းသည် စိတ်ကို အာရုံ၌ မြဲစွာ ယှဉ်စေ၏၊ ဝိစာရသည် အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်း လက္ခဏာ ရှိ၏၊ ယင်းသည် စိတ်ကို အာရုံ၌ မြဲစွာ ယှဉ်တွဲစေ၏၊ ပီတိသည် အာရုံကို ကောင်းစွာမြတ်နိုး ချစ်ခင်စေခြင်း လက္ခဏာရှိ၏၊ ယင်းသည် စိတ်ကို အာရုံ၌ မြတ်နိုးစုံမက် နှစ်သက်ခြင်းကို ပြုတတ်၏၊ ဝေဒနာ သုံးပါးတို့လည်း အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိ၏၊ ထိုသုံးပါးတို့သည်လည်း စိတ်ကို အာရုံ၌ ဣဋ္ဌာရုံ အနိဋ္ဌာရုံ မဇ္ဈတ္တာရုံ အရသာကို ခံစားခြင်း ကိစ္စဖြင့် မြဲစွာ ဖွဲ့တတ်ကုန်၏၊ ဧကဂ္ဂတာသည် ကောင်းစွာ ထားခြင်း လက္ခဏာရှိ၏၊ ယင်းသည်လည်း စိတ်ကို အာရုံ၌ မလှုပ်သည်ကို ပြု၍ ထားတတ်၏၊ ဤသို့ အသီး-အသီးသော လက္ခဏာသဘောကို ပိုင်းခြား မှတ်သားအပ်၏။

* * *

## ၁၈–မဂ္ဂ ပစ္စယော

မဂ္ဂ တဆဲ့နှစ်ပါးတို့သည် မဂ္ဂ ပစ္စည်းမည်၏၊ အဘယ်သည် တို့နည်းဟူမူ သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ, သမ္မာဝါစာ, သမ္မာ ကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာ သမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယမ, မိစ္ဆာသမာဓိ-ဤတဆဲ့နှစ်ပါးတို့တည်း၊ ကြွင်းသော မိစ္ဆာဝါစာ, မိစ္ဆာ ကမ္မန္တနှင့် မိစ္ဆာအာဇီဝ တရားသုံးပါးတို့သည် သီးခြား စေတသိက်တရားတို့ မဖြစ်ကုန်၊ မုသာဝါဒ အစရှိသည်၏ အစွမ်းဖြင့် ဖြစ်ကုန်သော အကုသိုလ် ခန္ဓာ လေးပါးတို့၏ အမည်တည်း၊ ထိုကြောင့် ထိုတရားသုံးပါးတို့ကို မဂ္ဂပစ္စည်း၌ သီးခြား မယူအပ်ကုန်၊ ခပ်သိမ်းကုန်သော စိတ် စေတသိက် တရား, သဟိတ်စိတ်နှင့် တကွဖြစ်ကုန်သော ရုပ်တရားတို့သည် ထိုမဂ္ဂ ပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

အဘယ်သို့သော အနက်သဘောကြောင့် မဂ္ဂမည်သနည်း။

သုဂတိဘဝ, ဒုဂ္ဂတိဘဝ, နိဗ္ဗာန်ဟုဆိုအပ်သော အရပ်ဒေသ တို့သို့ ရောက်စေတတ်သော အနက်ကြောင့် မဂ္ဂမည်၏၊ မှန်၏၊ သမ္မာဒိဋ္ဌိ အစရှိကုန်သော သမ္မာမဂ္ဂင် ရှစ်ပါးတို့သည် သုဂတိ အရပ်ဒေသ, နိဗ္ဗာန် အရပ်ဒေသသို့ ရောက်ခြင်းငှာ ဖြစ်ကုန်၏၊ မိစ္ဆာမဂ္ဂင် လေးပါးတို့သည် ဒုဂ္ဂတိ အရပ်ဒေသသို့ ရောက် ခြင်းငှာ ဖြစ်ကုန်၏၊ ဤသို့ သိအပ်၏။

ထိုအရာ၌ ဈာနပစ္စည်းသည် အာရုံ၌ စိတ်ကို ဖြောင့်စွာ ပြုတတ်၏၊ မြဲစွဲသည်ကို ပြုတတ်၏၊ အပ္ပနာသို့ ရောက်သည်ကို ပြုတတ်၏၊ အပ္ပနာသို့ ရောက်ခြင်းမည်သည်ကား ရေနက်၌

ထည့်အပ်သော ငါးကဲ့သို့ ကသိုဏ်း နိမိတ် အစရှိသော နိမိတ် အာရုံ၌ စူးဝင်သော စိတ်ကို ဆိုအပ်၏၊ မဂ္ဂပစ္စည်းသည် သံသရာ ခရီး၌ စေတနာကံ, နိဗ္ဗာန်ခရီး၌ ဘာဝနာကံကို ဖြောင့်စွာ ပြုတတ်၏၊ ကြီးပွားစည်ပင် ပြန့်ပြောခြင်းကို ပြုတတ်၏၊ ဘုံ အထူးသို့ ရောက်သည်ကို ပြုတတ်၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ဈာန ပစ္စည်း, မဂ္ဂ ပစ္စည်း နှစ်ပါးတို့၏ အထူးတည်း။

ထိုစကားရပ်၌ ကမ္မပထသို့ ရောက်ခြင်းမည်သည်ကား ပါဏာတိပါတ အစရှိကုန်သော ကုသိုလ် အကုသိုလ်ကံတို့၏ အင်္ဂါ ပြည့်စုံစေခြင်းငှာ ပဋိသန္ဓေ အကျိုးကို ဖြစ်စေရာ၌ စွမ်းနိုင်သည့် အဖြစ်ဟု ဆိုအပ်သော ကံအဖြစ်သို့ ရောက်သော စေတနာကံတည်း၊ ဘုံအထူးသို့ ရောက်ခြင်းမည်သည်ကား ဘာဝနာအစဉ်ဖြင့် ကာမဘုံမှစ၍ လောကုတ္တရာဘုံတိုင်အောင် တခုသော ဂူရိယာပုတ်၌လည်း အထက် အဆင့်ဆင့်ဖြစ်သော ဘုံသို့ ရောက်သော ဘာဝနာကံတည်း၊ ဤအနက်ကိုလည်း ဈာန ပစ္စည်း၌ ဆိုအပ်ပြီးသောနည်းဖြင့် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်တရားတို့၏ အသီး-အသီးသော သဘောလက္ခဏာ မှတ် ကြောင်းတို့ဖြင့် ပြအပ်၏။

*　*　*

## ၁၉—သမ္ပယုတ္တ ပစ္စယော

သမ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တ ပစ္စည်းဟူ၍ ဒုက်အစုံတခု, အတ္ထိ ပစ္စည်းနှင့် နတ္ထိပစ္စည်းဟူ၍ ဒုက်အစုံတခု, ဝိဂတ ပစ္စည်းနှင့် အဝိဂတ ပစ္စည်းဟူ၍ ဒုက်အစုံတခု- ဤပစ္စည်းအစုံ သုံးပါးတို့သည် အသီးအခြား ပစ္စည်းအထူးတို့ မဟုတ်ကုန်၊ ရှေး၌ လာကုန်သော ပစ္စည်းတို့တွင် အချို့သော ပစ္စည်းတို့သည် မိမိ၏ ပစ္စယုပ္ပန် တရားတို့နှင့် ယှဉ်ကုန်သည်ဖြစ်၍ ပစ္စည်းအဖြစ်သို့ ရောက်ကုန်၏၊ အချို့သော ပစ္စည်းတို့သည် မယှဉ်ကုန်သည်ဖြစ်၍ ပစ္စည်းအဖြစ်သို့ ရောက်ကုန်၏၊ အချို့သော ပစ္စည်းတို့သည် ထင်ရှားရှိကုန်သည်ဖြစ်၍ ပစ္စည်းအဖြစ်သို့ ရောက်ကုန်၏၊ အချို့သော ပစ္စည်းတို့သည် ထင်ရှား မရှိကုန်သည်ဖြစ်၍ ပစ္စည်းအဖြစ်သို့ ရောက်ကုန်၏၊ အချို့သော ပစ္စည်းတို့သည် ကင်းကုန်သည်ဖြစ်၍၊ အချို့သော ပစ္စည်းတို့သည် မကင်းကုန်သည်ဖြစ်၍ ပစ္စည်းအဖြစ်သို့ ရောက်ကုန်၏၊ ဤသို့ ပြခြင်းငှာ ဤသုံးစုံသော ပစ္စည်းဒုက်တို့ကို မြတ်စွာဘုရား ဟောကြားအပ်ကုန်၏။

ဆက်၍ ဆိုဦးအံ့၊ ဤအရာ၌- "အတ္ထိတိခေါ ကစ္စာန အယမေကော အန္တော, နတ္ထီတိခေါ ဒုတိယော အန္တော"- ဟူ၍ ဤသို့သဘောရှိသော အရာတို့၌ သတ္ထိ သဒ္ဒာ, နတ္ထိ သဒ္ဒာ တို့သည် သဿတဝါဒ, ဥစ္ဆေဒဝါဒ ဟူသော အနက်တို့၌ ဖြစ်ကုန်၏၊ ထိုကြောင့် ဤသို့ သဘောရှိကုန်သော အနက်တို့ကို နစ်စေခြင်းအကျိုးငှာ တဖန် ဝိဂတ ဒုက်ကို ဟောတော်မူအပ်၏။

တကွဖြစ်တတ်ကုန်သော စိတ် စေတသိက် တရားအလုံးစုံတို့သည် အချင်းချင်း ပစ္စည်းတရားတို့သည်လည်း ဖြစ်ကုန်၏၊ ပစ္စယုပ္ပန် တရားတို့လည်း ဖြစ်ကုန်၏။

အဘယ်သို့သော အနက်သဘောကြောင့် သမ္ပယုတ္တ မည်သနည်း။

တကွဖြစ်တတ်သည်၏ အဖြစ်, တကွချုပ်တတ်သည်၏ အဖြစ်, မှီရာဝတ္ထု တူသည်၏ အဖြစ်, အာရုံတူသည်၏ အဖြစ်- ဤသမ္ပယောဂ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းစွာ အညီအညွတ် ယှဉ်ခြင်း, တပေါင်းတည်းအဖြစ်သို့ ရောက်ခြင်း၊ ဤသို့သော အနက်ကြောင့် သမ္ပယုတ္တ မည်၏။

ထိုစကား၌ တပေါင်းတည်း၏အဖြစ် ဟူသောပုဒ်၏ အနက်ကို ဤသို့ သိအပ်၏၊ စက္ခုဝိညာဉ် စိတ်သည် ဖဿ အစရှိကုန်သော စေတသိက် ခုနစ်ပါးတို့နှင့် တကွ တပေါင်းတလုံး တရုံးတစည်းတည်း အဖြစ်သို့ ရောက်၏၊ မြင်တတ်သော ဒဿန တရားဟူ၍ တခုသော အမည် ပညတ်သို့ ရောက်၏၊ တရားရှစ်ပါးတို့သည် အသီး-အသီး အမည် ပညတ် သပ်မှတ် ခေါ်ဝေါ်ခြင်းသို့ မရောက်ကုန်၊ ခွဲခြမ်းထုတ်ဖော်၍ သိခြင်းငှာ မတတ်နိုင်၊ ကြွင်းကုန်သော ခပ်သိမ်းသော စိတ္တုပ္ပါဒ်တို့၌ ဤနည်းကို မှတ်အပ်၏။

*　　*　　*

## ၂၀—ဝိပ္ပယုတ္တ ပစ္စယော

ဝိပ္ပယုတ္တ ပစ္စည်းသည် သဟဇာတ ဝိပ္ပယုတ္တ, ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ, ဝတ္ထာ ရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ, ပစ္ဆာဇာတ ဝိပ္ပယုတ္တ ဟူ၍ လေးပါး အပြားရှိ၏။

ထိုလေးပါးတို့တွင် သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်းမည်သည် ကား သဟဇာတ ပစ္စည်း, ပစ္စယုပ္ပန် နှစ်ပါးဖြစ်ကုန်သော နာမ်ရုပ်တရားတို့တွင် နာမ်တရားသည်မူလည်း ရုပ်တရားအား, ရုပ်တရားသည်မူလည်း နာမ်တရားအား မယှဉ်သည်ဖြစ်၍ ကျေးဇူးပြု၏။

ထိုသဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း၌ နာမ်ဟူသည်ကား ပဝတ္တိ အခါ နာမ်ခန္ဓာ လေးပါးတည်း၊ ရုပ်အားဟူသည်ကား စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတည်း၊ ရုပ်သည်ဟူသည်ကား ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထု ရုပ်တရားတည်း၊ နာမ်တရားအား ဟူသည်ကား ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးတည်း၊ ကြွင်းသော ဝိပ္ပယုတ္တ ပစ္စည်းတို့ကို ရှေး၌ ဝေန်ဘာအပ်ကုန်သည် သာလျှင်တည်း။

## ၂၁—အတ္ထိ ပစ္စယော

အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ ပစ္စည်း, ဝတ္ထု ပုရေဇာတတ္ထိ ပစ္စည်း, အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း, ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း, ပစ္ဆာဇာတတ္ထိ ပစ္စည်း, ရူပါဟာရတ္ထိ ပစ္စည်း, ရူပဇီဝိတိန္ဒြိယတ္ထိ ပစ္စည်း- ဟူ၍ ခုနစ်ပါး အပြား ရှိ၏။

ထိုခုနစ်ပါးတို့တွင် သဟဇာတ ပစ္စည်း သက်သက်သည်သာ လျှင် သဟဇာတတ္ထိ ပစ္စည်းမည်၏၊ ကြွင်းသော အတ္ထိပစ္စည်း ခြောက်ပါးတို့၌ ဤနည်းကို မှတ်အပ်၏၊ ပစ္စယဓမ္မ, ပစ္စယုပ္ပန္န ဓမ္မ ဝေဘန်ခြင်းကိုလည်း အောက်၌ ထိုထို ဆိုင်ရာ-ဆိုင်ရာ ပစ္စည်း၌ ဆိုအပ်ပြီးသည် သာလျှင်တည်း။

အဘယ်သို့သော အနက်သဘောကြောင့် အတ္ထိပစ္စည်း မည်သနည်း။

မိမိသည် ခဏိက ပစ္စုပ္ပန်၏ အဖြစ်ဟု ဆိုအပ်သော ထင်ရှားရှိသည်၏ အဖြစ်ဖြင့် ပစ္စုပ္ပန်ဖြစ်သော ပစ္စယုပ္ပန်တရား အား ကျေးဇူးပြုတတ်သော ပစ္စည်းသည် အတ္ထိပစ္စည်း မည်၏၊ ဤသို့ သိအပ်၏။

*     *     *

## ၂၂—နတ္ထိ ပစ္စယော
## ၂၃—ဝိဂတ ပစ္စယော
## ၂၄—အဝိဂတ ပစ္စယော

အလုံးစုံသော အနန္တရ ပစ္စည်းသည် နတ္ထိပစ္စည်းမည်၏၊ ထိုအတူ ဝိဂတပစ္စည်းလည်း မည်၏၊ အဝိဂတ ပစ္စည်းသည်လည်း အတ္ထိပစ္စည်းနှင့် အလုံးစုံတူ၏၊ အတ္ထိဟူသော သဒ္ဒါ, အဝိဂတဟူသော သဒ္ဒါသည် အနက် တရားကိုယ်အားဖြင့် တူသည်သာလျှင်တည်း၊ ထိုအတူ နတ္ထိဟူသော သဒ္ဒါ, အဝိဂတဟူသော သဒ္ဒါသည် အနက် တရားကိုယ်အားဖြင့် တူသည်သာလျှင်တည်း။

## ပစ္စယ သဘာဂေါ

သဘောတူ ပစ္စည်း ပေါင်းတွဲနည်း ပစ္စယသဘာဂကို ဆိုအပ်၏၊ သဟဇာတ ပစ္စည်းမျိုးတို့သည် တဆဲ့ငါးမျိုး ရှိကုန်၏၊ အဘယ်သည်တို့နည်း၊ မဟာသဟဇာတကြီး လေးမျိုး, မဇ္ဈိမ သဟဇာတအလတ် လေးမျိုး, ခုဒ္ဒက သဟဇာတအငယ် ခုနစ်မျိုး၊ ဤတဆဲ့ငါးမျိုးတို့တည်း။

ထိုတဆဲ့ငါးမျိုးသော သဟဇာတ ပစ္စည်းတို့တွင် မဟာ သဟဇာတကြီး လေးမျိုးတို့ မည်သည်ကား သက်သက်သော သဟဇာတပစ္စည်း, သဟဇာတ နိဿယ ပစ္စည်း, သဟဇာတတ္ထိ ပစ္စည်း, သဟဇာတ အဝိဂတ ပစ္စည်းတို့ ဖြစ်ကုန်၏။

မဇ္ဈိမ သဟဇာတအလတ် လေးမျိုးတို့မည်သည်ကား အညမည ပစ္စည်း, ဝိပါက ပစ္စည်း, သမ္ပယုတ္တ ပစ္စည်း' သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်းတို့ ဖြစ်ကုန်၏။

ခုဒ္ဒက သဟဇာတအငယ် ခုနစ်မျိုးတို့မည်သည်ကား ဟေတု ပစ္စည်း, သဟဇာတာဓိပတိ ပစ္စည်း, သဟဇာတကမ္မ ပစ္စည်း, သဟဇာတာဟာရ ပစ္စည်း, သဟဇာတိန္ဒြိယ ပစ္စည်း, ဈာန ပစ္စည်း, မဂ္ဂ ပစ္စည်းတို့ ဖြစ်ကုန်၏။

ရုပ်အာဟာရမျိုးတို့သည် ရူပါဟာရ ပစ္စည်း, ရူပါဟာရတ္ထိ ပစ္စည်း, ရူပါဟာရ ဝိဂတ ပစ္စည်းဟူ၍ သုံးပါးတို့ ဖြစ်ကုန်၏။

ရူပဇီဝိတိန္ဒြေမျိုးတို့သည် ရုပ်ဇီဝိတိန္ဒြိယ ပစ္စည်း, ရုပ်ဇီဝိ တိန္ဒြိယတ္ထိ ပစ္စည်း, ရုပ် ဇီဝိတိန္ဒြိယ အဝိဂတ ပစ္စည်းဟူ၍ သုံးမျိုးတို့ ဖြစ်ကုန်၏။

ပုရေဇာတ ပစ္စည်းတို့သည် ဝတ္ထု ပုရေဇာတ ခြောက်မျိုး, အာရမ္မဏ ပုရေဇာတ ခြောက်မျိုး, ဝတ္ထာရမ္မဏ ပုရေဇာတ ငါးမျိုး-ဤတဆဲ့ ခုနစ်မျိုးတို့တည်း။

ထိုတွင် ဝတ္ထု ပုရေဇာတ ခြောက်မျိုးတို့သည်ကား ဝတ္ထု ပုရေဇာတ ပစ္စည်း, ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်း, ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း, ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း, ဝတ္ထု ပုရေဇာတတ္ထိ ပစ္စည်း, ဝတ္ထု ပုရေဇာတ အဝိဂတ ပစ္စည်းတို့ ဖြစ်ကုန်၏။

အာရမ္မဏ ပုရေဇာတ ခြောက်မျိုးတို့မည်သည်ကား အာရမ္မဏ ပုရေဇာတပစ္စည်း, အချို့သော အာရမ္မဏ ပစ္စည်း, အချို့သော အာရမ္မဏာ ဓိပတိပစ္စည်း, အချို့သော အာရမ္မဏူပ နိဿယ ပစ္စည်း, အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း, အာရမ္မဏ ပုရေဇာတ အဝိဂတ ပစ္စည်းတို့ ဖြစ်ကုန်၏။

အချို့သော အာရမ္မဏပစ္စည်း အစရှိသော စကားတို့၌ အချို့ သဒ္ဒါတို့ဖြင့် ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသကို ယူအပ်၏။

ဝတ္ထာရမ္မဏ ပုရေဇာတ ငါးမျိုးတို့မည်သည်ကား ဝတ္ထာ ရမ္မဏ ပုရေဇာတ ပစ္စည်း, ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ ပစ္စည်း, ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း, ဝတ္ထာ ရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း, ဝတ္ထာရမ္မဏ ပုရေဇာတ အဝိဂတ ပစ္စည်းတို့ ဖြစ်ကုန်၏။

ပစ္ဆာဇာတ မျိုးတို့သည် ပစ္ဆာဇာတ ပစ္စည်းသက်သက်, ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း, ပစ္ဆာဇာတတ္ထိ ပစ္စည်း, ပစ္ဆာဇာတ အဝိဂတ ပစ္စည်း-ဤသို့ လေးမျိုးတို့ ဖြစ်ကုန်၏။

အနန္တရ မျိုးတို့သည် အနန္တရပစ္စည်း, သမနန္တရ ပစ္စည်း, အနန္တရူပနိဿယ ပစ္စည်း, အာသေဝန ပစ္စည်း, အနန္တရ ကမ္မပစ္စည်း, နတ္ထိပစ္စည်း, အဝိဂတ ပစ္စည်း-ဤသို့ ခုနစ်မျိုးတို့ ဖြစ်ကုန်၏၊ ဤ၌လည်း အနန္တရ ကမ္မ ပစ္စည်း မည်သည်ကား အရိယမဂ် လေးပါးနှင့် ယှဉ်သော စေတနာတည်း၊ ယင်းသည် မိမိ၏ အခြားမဲ့၌ အရိယဖိုလ်လေးပါးကို ဖြစ်စေ၏။

မရော မရှက် သက်သက်သော ပစ္စည်းတို့သည် ကြွင်းသော အာရမ္မဏ ပစ္စည်း, ကြွင်းသော အာရမ္မဏာ ဓိပတိ ပစ္စည်း, ကြွင်းသော အာရမ္မဏူပ နိဿယပစ္စည်း, အလုံးစုံသော ပကတူပ နိဿယ ပစ္စည်း, ကြွင်းသော နာနာက္ခဏိက ကမ္မပစ္စည်း-ဤ ငါးမျိုးတို့တည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ပဋ္ဌာန်း ပစ္စည်းတို့သည် အကျယ်အားဖြင့် ငါးဆဲ့လေးပါး အပြားရှိကုန်၏ဟု မှတ်အပ်၏။

ထိုတွင် ခပ်သိမ်းသော သဟဇာတမျိုး, ခပ်သိမ်းသော ပစ္ဆာဇာတမျိုး, ရူပါဟာရမျိုး, ရူပဇီဝိတိန္ဒြိယမျိုးတို့သည် ပစ္စုပ္ပန်တို့ မည်ကုန်၏၊ ခပ်သိမ်းကုန်သော အနန္တရမျိုး,ခပ်သိမ်းကုန်သော နာနာက္ခဏိက ကမ္မမျိုးတို့သည် အတိတ်ပစ္စည်းမျိုးတို့ မည်ကုန်၏၊ အာရမ္မဏပစ္စည်း, ပကတူပ နိဿယ ပစ္စည်းတို့သည် ကာလသုံးပါးနှင့် ယှဉ်သော ပစ္စည်းမျိုးတို့လည်း ဖြစ်ကုန်၏၊ နိဗ္ဗာန် ပညတ်တို့၏ အစွမ်းဖြင့် ကာလသုံးပါးမှ လွတ်သော ပစ္စည်းတို့လည်း ဖြစ်ကုန်၏။

နိဗ္ဗာန်, ပညတ်-ဤတရားနှစ်ပါးတို့သည် အပ္ပစ္စယ,အသင်္ခတ တရားတို့ မည်ကုန်၏၊ အဘယ်ကြောင့်နည်း ဟူမူကား ဥပါဒ် အားဖြင့် ထင်ရှား ဖြစ်ပေါ်တတ်သော တရားမျိုး မဟုတ်သော

ကြောင့်တည်း၊ မှန်၏၊ ထင်ရှား ဖြစ်ပေါ်ခြင်း ဇာတိမည်သည် ရှိ၏၊ ဥပါဒ်ခြင်း မည်သည်ရှိ၏၊ ထိုတရားတို့သည် အကြောင်း တရားတို့နှင့် တကွ ဖြစ်တတ်သော သပ္ပစ္စယတရားတို့ မည်ကုန်၏၊ ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်းတရားတို့ ပြုပြင်အပ်သော သင်္ခတတရားတို့ မည်ကုန်၏၊ အကြောင်းတရား ကို စွဲ၍ ဖြစ်တတ်သော ပဋိစ္စသမုပ္ပန္န တရားတို့ မည်ကုန်၏၊ ဤနိဗ္ဗာန် ပညတ် တရားနှစ်ပါးတို့သည်ကား ဇာတိကင်းသော အဇာတိက တရားမျိုးဖြစ်သောကြောင့်၎င်း, ဥပါဒ်ကင်းသော အနုပ္ပါဒ တရားမျိုးဖြစ်သောကြောင့်၎င်း, ဇာတိဖြစ်ပေါ်ခြင်း ၌ အကြောင်းကင်းသည်၏ အဖြစ်ကြောင့်၎င်း အပ္ပစ္စယတရား အသင်္ခတ တရားတို့ မည်ကုန်၏။

သပ္ပစ္စယ ဖြစ်ကုန်သော သင်္ခတတရားတို့၌လည်း နိစ္စော-မြဲသော, ဓုဝ-ခိုင်ခန့်သော, သဿတော-အခါခပ်သိမ်း တည်သော, အဝိပရိဏာ မဓမ္မ-ဖောက်ပြန် ပျက်စီးခြင်း မရှိသော တရားတခုမျှ မရှိ၊ စင်စစ်သော်ကား ထိုအလုံးစုံသော တရားတို့သည် ကုန်ခန်းပျက်စီးတတ်သော အနက်ကြောင့် မမြဲသော အနိစ္စတရားတို့သာလျှင် ဖြစ်ကုန်၏၊ အဘယ်ကြောင့်နည်း ဟူမူကား မိမိကိုယ်တိုင်လည်း အကြောင်းတရားနှင့် စပ်၍ ဖြစ်ခြင်း သဘော ရှိသောကြောင့်၎င်း, အကြောင်း တရားတို့၏လည်း မြဲသော သဘော မရှိသည်၏ အဖြစ်ကြောင့်၎င်း အနိစ္စတရားတို့ သာလျှင် ဖြစ်ကုန်၏။

နိဗ္ဗာန်နှင့် ပညတ်သည် အကြောင်း ပစ္စည်းတရားတို့ ဖြစ်ကုန်သည် မဟုတ်လော၊ ထိုတရားတို့သည်ကား နိစ္စ, ဓုဝ မဟုတ်လော။

ပစ္စည်းတရား ဟုတ်သည် မှန်၏၊ သို့မှန်သော်လည်း သက်သက်သော နိဗ္ဗာန်, ပညတ်တည်းဟူသော အကြောင်း ကြောင့် ဖြစ်သော တရားမည်သည် မရှိ၊ များစွာသော အကြောင်းတို့ကြောင့် သာလျှင် ဖြစ်၏၊ ထိုအကြောင်းတို့ သည်လည်း အနိစ္စ, အဓုဝ တရားတို့သာ ဖြစ်ကုန်၏။

အနိစ္စတရားတို့သည် အခါခပ်သိမ်း သတ္တဝါတို့ကို သုံးပါး အပြားရှိသော ဒုက္ခ ဘေးရန် ဒဏ်အပေါင်းတို့ဖြင့် နှိပ်စက် ညှဉ်းဆဲကုန်၏၊ ထိုကြောင့် ထို အနိစ္စတရားတို့သည် ကြောက် အပ်သော ဘေးဟူသော အနက်ကြောင့် ဒုက္ခတရားတို့သာ ဖြစ်ကုန်၏၊ ထိုစကား၌ သုံးပါး အပြားရှိသော ဒုက္ခ ဘေးရန် ဒဏ်တို့ မည်သည်ကား ကာယိကဒုက္ခ, စေတသိကဒုက္ခတို့၏ ဆင်းရဲ ကေန် အမှန် ဒုက္ခ၏ အဖြစ်ဟု ဆိုအပ်သော ဒုက္ခ ဒုက္ခသည်၎င်း၊ သင်္ခါရ တရားတို့၏ အမြဲမပြတ် ပူပြင်အပ်သည့် အဖြစ်ဟု ဆိုအပ်သော သင်္ခါရ ဒုက္ခသည်၎င်း၊ သုခ စသည် မြဲမတည်သဖြင့် ကစဉ့်ကရဲ ဖောက်လွှဲ ဖောက်ပြန် ဖြစ်တတ် ဟန်ကြောင့် အမှန် ဆင်းရဲသည်၏ အဖြစ်ဟု ဆိုအပ်သော ဝိပရိဏာမ ဒုက္ခသည်၎င်း ဖြစ်ကုန်၏။

ခပ်သိမ်းသော သင်္ခါရ တရားတို့သည် အနိစ္စ တရားတို့သာ ဖြစ်ကုန်၏၊ တခုတည်းသော ဣရိယာပုထ်၌လည်း အဖန်တလဲလဲ ပြိုကွဲ ပျက်စီးကြကုန်၏၊ ထိုတရားတို့သည် အသို့လျှင် အသက် ထက်ဆုံး နိစ္စဟု ယူမှတ်တတ်ကုန်သော ပုဂ္ဂိုလ် သတ္တဝါတို့၏ အတ္တ, အနှစ်သာရ ဖြစ်နိုင်ရာကုန်အံ့နည်း၊ ဒုက္ခသာလျှင် ဖြစ်ကုန်သော ထိုတရားတို့သည် အသို့လျှင် ဒုက္ခဖြင့် စက်ဆုပ် ရွံရှာကုန်သော သုခကို အလိုရှိကုန်သော သတ္တဝါတို့၏ အတ္တ,

သာရမည်သည် ဖြစ်နိုင်ကုန်အံ့နည်း၊ ထိုကြောင့် ထိုတရား တို့သည် အနှစ်မရှိခြင်းဟူသော အနက်ကြောင့် အနတ္တတို့ သာလျှင် ဖြစ်ကုန်၏။

စင်စစ်သော်ကား နှစ်ဆဲ့လေးပါး အပြားရှိသော ဤ ပဋ္ဌာန်း ပစ္စည်း ဒေသနာတော်ဖြင့် ဤ ဆိုလတ္တံ့သော အနက်ကိုပြ၏၊ သင်္ခတ တရား အလုံးစုံတို့သည် အကြောင်း ပစ္စည်းနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်၏၊ သတ္တဝါတို့၏ အလိုနှင့်စပ်၍ ဖြစ်ခြင်း မရှိကုန်၊ အကြောင်းပစ္စည်းနှင့်စပ်၍ ဖြစ်ကုန်သော ထိုတရား တို့၌လည်း တရားတခုမျှလည်း အနည်းငယ်သော အကြောင်း ပစ္စည်းကြောင့် မဖြစ်၊ စင်စစ် များစွာသော အကြောင်း ပစ္စည်းတို့ကြောင့်သာ ဖြစ်၏၊ ဤသို့သော အနက်ကို ပြသော ကြောင့် ဤဒေသနာသည် တရားတို့၏ အနတ္တ လက္ခဏာကို ပြရာ၌ အထွတ်အထိပ်သို့ ရောက်၏ဟု သိအပ်၏။

## ပစ္စယ သင်္ဂဟ နယော

ပစ္စယ သင်္ဂဟ နည်းကို ဆိုအပ်၏၊ ပစ္စယုပ္ပန် တရားတခု၌ များစွာသော ပစ္စည်းတို့၏ ပါဝင် ပေါင်းဆုံခြင်းသည် ပစ္စယ သင်္ဂဟ မည်၏၊ သပ္ပစ္စယတရား, သခ်တတရား, ပဋိစ္စသမုပ္ပန္န ဟု ဆိုအပ်ကုန်သော ခပ်သိမ်းသော ထိုတရားတို့သည် ဥပါဒ်ခဏ, ဌီခဏ၌ ဆိုခဲ့ပြီးသော ပစ္စည်းတရား နှစ်ဆဲ့လေးပါးတို့နှင့် တကွ ဖြစ်တတ်သည်၏ အဖြစ်ကြောင့် သပ္ပစ္စယမည်ကုန်၏၊ အကြောင်း ပစ္စည်းနှင့် တကွဖြစ်တတ်သည်၏ အဖြစ်ကြောင့်သာလျှင် သခ်တ မည်ကုန်၏၊ အကြောင်း တရားတို့သည် ပေါင်း၍ ပြုပြင် အပ်သည်၏ အဖြစ်ကြောင့် ပဋိစ္စသမုပ္ပန္န မည်ကုန်၏။

ထိုတရားတို့သည် အဘယ်သည်တို့နည်း။

စိတ်တရား့နှစ်ဆဲ့ဘပါး, စေတသိက် ငါးဆဲ့နှစ်ပါး, ရုပ်နှစ်ဆဲ့ ရှစ်ပါးတို့ ဖြစ်ကုန်၏။

ထို စိတ် စေတသိက် ရုပ်တရားတို့တွင် စိတ် ၁၂၁-ပါး တို့သည် ဓာတ်၏ အစွမ်းဖြင့် စက္ခု ဝိညာဏဓာတ်, သောတ ဝိညာဏဓာတ်, ဃာန ဝိညာဏဓာတ်, ဇိဝှာ ဝိညာဏဓာတ်, ကာယ ဝိညာဏဓာတ်, မနောဓာတ်, မနော ဝိညာဏဓာတ်- ဤသို့ အပြားအားဖြင့် ခုနစ်ပါး ဖြစ်ကုန်၏။

ထို ဝိညာဏဓာတ် ခုနစ်ပါးတို့၌ စက္ခုဝိညာဉ် စိတ် နှစ်ခု အပေါင်းသည် စက္ခုဝိညာဏ ဓာတ်မည်၏၊ သောတဝိညာဉ် စိတ် နှစ်ခု အပေါင်းသည် သောတ ဝိညာဏဓာတ် မည်၏၊ ဃာန ဝိညာဉ် စိတ် နှစ်ခုအပေါင်းသည် ဃာန ဝိညာဏဓာတ်

မည်၏၊ ဇိဝှာဝိညာဉ် စိတ်နှစ်ခုအပေါင်းသည် ဇိဝှာ ဝိညာဏဓာတ် မည်၏၊ ကာယဝိညာဉ် စိတ်နှစ်ခု အပေါင်းသည် ကာယဝိညာဏ ဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့်သမ္ပဋိစ္ဆိုင်းစိတ်နှစ်ခုအပေါင်း သည် မနောဓာတ် မည်၏၊ ကြွင်းသော စိတ် ၁၀၈-ပါး တို့သည် မနောဝိညာဏ ဓာတ်မည်၏။

စေတသိက် ၅၂-ပါးတို့ သည်လည်း အစုရာသီ၏ အစွမ်းဖြင့် လေးပါး အပြားရှိကုန်၏၊ ခပ်သိမ်းသော စိတ်တို့နှင့်ယှဉ်သော သဗ္ဗစိတ္တိက စေတသိက် ခုနစ်ပါး, ပြိုးပြွမ်းယှဉ်သော ပကိဏ္ဏက စေတသိက် ခြောက်ပါး, ညစ်ညမ်း ယုတ်မာသော ပါပ စေတသိက် တဆဲ့လေးပါး, ကောင်းသော ကလျာဏ စေတသိက် နှစ်ဆဲ့ငါးပါး ဟူ၍ အစု၏ အစွမ်းဖြင့် လေးပါးရှိကုန်၏။

နှစ်ဆဲ့လေးပါးသော ပစ္စည်းတို့၌လည်း အာရမ္မဏ,အနန္တရ, သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, ကမ္မ, အာဟာရ, ဣန္ဒြိယ,သမ္ပယုတ္တ, အတ္ထိ, နတ္ထိ, ဝိဂတ, အဝိဂတ-ဤတဆဲ့ငါး ပစ္စည်းတို့သည် ခပ်သိမ်းသော စိတ္တုပ္ပါဒ်နှင့် ဆက်ဆံကုန်၏၊ မှန်၏၊ တစုံတခုသော စိတ်-စေတသိက်သည် အာရမ္မဏပစ္စည်း ဝါ-အာရုံတပါးနှင့် ကင်း၍ ဖြစ်ခြင်းမည်သည် မရှိ၊ ထိုအတူ အနန္တရ အစရှိသော ပစ္စည်းတို့နှင့်လည်း ကင်း၍ ဖြစ်ခြင်း မည်သည် မရှိ၊ ရှစ်ပါးသော ပစ္စည်းတို့သည် အချို့ ကုန်သော စိတ္တုပ္ပါဒ်တို့အား ဆက်ဆံသော ပစ္စည်းတို့ဖြစ်ကုန်၏၊ အဘယ် ရှစ်ပါးတို့နည်း ဟူမူ ဟေတု, အဓိပတိ, ပုရေဇာတ, အာသေဝန,ဝိပါက, ဈာန, မဂ္ဂ, ဝိပ္ပယုတ္တတို့ ဖြစ်ကုန်၏။

ထိုတွင် ဟေတု ပစ္စည်းသည် သဟိတ် စိတ္တုပ္ပါဒ်တို့အား သာလျှင် ဆက်ဆံ၏၊ အဓိပတိ ပစ္စည်းသည်လည်း သာဓိပတိဇော

တို့အားသာလျှင် ဆက်ဆံ၏၊ ပုရေဇာတ ပစ္စည်းသည်လည်း အချို့သော စိတ္တုပ္ပာဒ်တို့အားသာလျှင် ဆက်ဆံ၏၊ အာသေဝန ပစ္စည်းသည်လည်း ကုသိုလ်, အကုသိုလ်, ကိရိယာဇောတို့အား သာလျှင် ဆက်ဆံ၏၊ ဝိပါက ပစ္စည်းသည်လည်း ဝိပါက် စိတ္တုပ္ပာဒ်တို့အားသာလျှင် ဆက်ဆံ၏၊ ဈာန ပစ္စည်းသည်လည်း မနောဓာတ်, မနောဝိညာဏဓာတ် စိတ္တုပ္ပာဒ်တို့ အားသာလျှင် ဆက်ဆံ၏၊ မဂ္ဂပစ္စည်းသည်လည်း သဟိတ် စိတ္တုပ္ပာဒ်တို့ အား သာလျှင် ဆက်ဆံ၏၊ ဝိပ္ပယုတ္တ ပစ္စည်းသည်လည်း အရူပဘုံ၌ ဖြစ်ကုန်သော စိတ္တုပ္ပာဒ်တို့အား မဖြစ်၊ တခုတည်းသော ပစ္ဆာ ဇာတ ပစ္စည်းသည် ရုပ်တရားတို့အားသာလျှင် သီးခြားဖြစ်သော ပစ္စည်းဖြစ်၏။

ထိုပစ္စယ ဃဋ္ဋနာနည်း၌ ဤဆိုလတ္တံ့သည်ကား ဖွင့်ပြခြင်း တည်း၊ သဗ္ဗစိတ္တိက မည်သော စေတသိက် ခုနစ်ပါးတို့ အမည် ကား ဖဿ,ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရတို့ ဖြစ်ကုန်၏၊ ထိုအရာ၌ စိတ်သည် အဓိပတိ ပစ္စည်း, အာဟာရပစ္စည်း, ဣန္ဒြိယ ပစ္စည်းလည်း ဖြစ်၏၊ ဖဿ စေတသိက်သည် အာဟာရ ပစ္စည်းဖြစ်၏၊ ဝေဒနာ စေတသိက် သည် ဣန္ဒြိယပစ္စည်း, ဈာနပစ္စည်းလည်း ဖြစ်၏၊ စေတနာ စေတသိက်သည် ကမ္မပစ္စည်း, အာဟာရ ပစ္စည်းလည်း ဖြစ်၏၊ ဧကဂ္ဂတာ စေတသိက်သည် ဣန္ဒြိယ,ဈာန မဂ္ဂ ပစ္စည်းလည်း ဖြစ်၏၊ ဇီဝိတိန္ဒြေ စေတသိက်သည် ဣန္ဒြိယ ပစ္စည်းဖြစ်၏၊ ကြွင်းသော သညာ, မနသိကာရ စေတသိက် နှစ်ပါးတို့သည် ပစ္စည်းအထူးတို့ မဖြစ်ကုန်။

စက္ခုဝိညာဉ်စိတ်၌ သဗ္ဗစိတ္တိက စေတသိက် ခုနစ်ပါးတို့ကို ရအပ်ကုန်၏၊ စက္ခုဝိညာဉ် စိတ်နှင့်တကွ နာမ်တရား ရှစ်ပါးတို့ ဖြစ်ကုန်၏၊ ခပ်သိမ်းကုန်သော ထိုနာမ်တရား ရှစ်ပါးတို့သည် ခုနစ်ပါးသော ပစ္စည်းတို့ဖြင့် အချင်းချင်း ကျေးဇူးပြုကုန်၏၊ အဘယ်ပစ္စည်းတို့နည်းဟူမူ မဟာသဟဇာတကြီး လေးမျိုးနှင့် ဝိပ္ပယုတ္တပစ္စည်း ကြဉ်အပ်ကုန်သော မဇ္ဈိမ သဟဇာတ အလတ် သုံးပါးတို့တည်း၊ ထိုတရား ရှစ်ပါးတို့၌သာလျှင် စက္ခုဝိညာဉ် စိတ်သည် ကြွင်းသောတရား ခုနစ်ပါးတို့အား အာဟာရ, ဣန္ဒြိယ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ဖဿစေတသိက်သည် အာဟာရ ပစ္စယ သတ္တိဖြင့်, ဝေဒနာ စေတသိက်သည် ဣန္ဒြိယ ပစ္စယသတ္တိဖြင့်, စေတနာ စေတသိက် သည် ကမ္မ-အာဟာရ ပစ္စယသတ္တိဖြင့်, ဧကဂ္ဂတာ စေတသိက်သည် ဣန္ဒြိယ ပစ္စယ သတ္တိဖြင့်, ဇီဝိတိန္ဒြေ စေတသိက်သည် ကြွင်းသော တရား ခုနစ်ပါးတို့အား ဣန္ဒြိယ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

စက္ခု ဝတ္ထုရုပ်သည်ကား ထိုနာမ်တရား ရှစ်ပါးတို့အား ဝတ္ထု ပုရေဇာတ ပစ္စည်း ရခြောက်မျိုးတို့ဖြင့် ကျေးဇူးပြု၏၊ ထိုစက္ခု ဝတ္ထုရုပ်၌ ထင်ခြင်းသို့ရောက်ကုန်သော ပစ္စုပ္ပန် ရူပါရုံ တို့သည် ထိုနာမ်တရား ရှစ်ပါးတို့အား အာရမ္မဏ ပုရေဇာတ လေးပါးတို့ဖြင့် ကျေးဇူးပြု၏။

စက္ခု ဝိညာဉ်စိတ် မဖြစ်မီ အခြားမဲ့၌ ချုပ်လေပြီးသော ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည်လည်း ထိုနာမ်တရား ရှစ်ပါးတို့အား အနန္တရ ငါးပါးတို့ဖြင့် ကျေးဇူးပြု၏။

ရှေး၌ ပြုခဲ့ဘူးသော ကုသိုလ်ကံ-အကုသိုလ်ကံသည် ကုသလ-အကုသလ ဝိပါက် ဖြစ်ကုန်သော ထိုစက္ခုဝိညာဉ် စိတ္တုပ္ပါဒ်တို့အား နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။

ကံ၏အပေါင်းအဖော် ဖြစ်ကုန်သော ရှေးဘဝက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည်၎င်း၊ ဤပစ္စက္ခဘဝ၌ နေရာ အာဝါသ, ပုဂ္ဂိုလ်, ဥတု, ဘောဇဉ် အစရှိသည်တို့သည်၎င်း ထိုစက္ခုဝိညာဏ စိတ္တုပ္ပါဒ် ရှစ်ပါးတို့အား ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဤစက္ခု ဝိညာဉ်စိတ်၌ ဟေတု, အဓိပတိ, ပစ္ဆာဇာတ, အာသေဝန, ဈာန, မဂ္ဂ ဟူသော ပစ္စည်းခြောက်ပါးတို့ကို မရအပ်ကုန်၊ ပစ္စည်း ၁၈-ပါးတို့ကို ရအပ်ကုန်၏။

ဤစက္ခု ဝိညာဉ်စိတ်၌ မရအပ်, ရအပ်ကုန်သကဲ့သို့ ထိုအတူသောတဝိညာဉ်စိတ် စသည်တို့၌လည်း ပစ္စည်း ၆-ပါးတို့ကို မရအပ်ကုန်၊ ပစ္စည်း ၁၈-ပါးတို့ကို ရအပ်ကုန်၏၊ ဤသို့ သိအပ်၏။

ပကိဏ္ဏက စေတသိက် ခြောက်ပါးတို့ မည်သည်ကား ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒတို့ ဖြစ်ကုန်၏။

ထိုတွင် ဝိတက်စေတသိက်သည် ဈာနပစ္စည်း, မဂ္ဂပစ္စည်း ဖြစ်၏၊ ဝိစာရစေတသိက်သည် ဈာနပစ္စည်းဖြစ်၏၊ ဝီရိယစေတသိက်သည် အဓိပတိမျိုးနှင့် ဣန္ဒြိယ, မဂ္ဂ ပစ္စည်းဖြစ်၏၊ ပီတိစေတသိက်သည် ဈာန ပစ္စည်းဖြစ်၏၊ ဆန္ဒ စေတသိက်သည် အဓိပတိ ပစ္စည်းမျိုးဖြစ်၏၊ အဓိမောက္ခ စေတသိက်သည် ပစ္စည်း အလူး မဖြစ်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်, သမ္ပဋိစ္ဆိုင်း စိတ်နှစ်ခု, ဥပေက္ခာသန္တီရဏ စိတ်နှစ်ခု- ဤစိတ်ငါးပါးတို့၌ သဗ္ဗစိတ္တိက စေတသိက် ခုနစ်ပါး, ပကိဏ္ဏကစေတသိက်တို့၌ ဝိတက်, ဝိစာရ, အဓိမောက္ခ ဤစေတသိက် သုံးပါးတို့ကို ရအပ်ကုန်၏၊ စိတ်နှင့် တကွ အသီး-အသီး နာမ်တရား တဆဲ့တပါးတို့ ဖြစ်ကုန်၏၊ ဤစိတ်တို့၌ ဈာန် ကိစ္စကို ရအပ်၏၊ ဝေဒနာ, ဧကဂ္ဂတာ, ဝိတက်, ဝိစာရ စေတသိက်တို့သည် ဈာနပစ္စယသတ္တိကို ပြီးစေကုန်၏၊ ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည်ကား ကိရိယာစိတ်ဖြစ်၏၊ ဝိပါကပစ္စည်းမရှိ၊ နာနာက္ခဏိက ကမ္မပစ္စည်းသည်လည်း ဥပနိဿယ ပစ္စည်းအရာ၌ ဘည်၏၊ ဝိပါက ပစ္စည်းနှင့်တကွ ပစ္စည်း ၆-ပါးတို့ကို မရအပ်ကုန်၊ ဈာနပစ္စည်းနှင့် တကွ ပစ္စည်း ၁၈-ပါးတို့ကို ရအပ်ကုန်၏၊ ကြွင်းသော ဝိပါက်စိတ် လေးပါးတို့၌ ပစ္စည်း ၅-ပါးတို့ မရအပ်ကုန်၊ ဝိပါက ပစ္စည်းနှင့်တကွ ပစ္စည်း ၁၉-ပါး တို့ကို ရအပ်ကုန်၏။

သောမနဿသန္တီရဏစိတ်၌ ပီတိနှင့်တကွ စေတသိက် တဆဲ့ ဘပါးတို့ ယှဉ်ကုန်၏၊ မနောဒွါရာဝဇ္ဇန်းစိတ်၌လည်း ဝီရိယနှင့် တကွ စေတသိက် တဆဲ့တပါးတို့ ယှဉ်ကုန်၏၊ ဤသို့စိတ်နှင့် တကွ နာမ်တရား တဆဲ့နှစ်ပါးတို့ ဖြစ်ကုန်၏။

ဟသိတုပ္ပါဒ်စိတ်၌ကား ပီတိ, ဝီရိယနှင့် တကွ စေတသိက် တဆဲ့နှစ်ပါးတို့ ယှဉ်ကုန်၏၊ စိတ်နှင့်တကွ နာမ်တရား တဆဲ့သုံးပါးတို့ ဖြစ်ကုန်၏၊ ထိုတွင် သောမနဿသန္တီရဏ စိတ်၌ ဈာနင်တို့တွင် ပီတိ မျှလွန်၏၊ ရှေးက ဥပေက္ခာသန္တီရဏ စိတ် နှစ်ခုကဲ့သို့ ပစ္စည်း ၅-ပါးတို့ မရအပ်ကုန်၊ ပစ္စည်း ၁၉-ပါးတို့ ရအပ်ကုန်၏။

မနောဒွါရာဝဇ္ဇန်းစိတ်၌လည်း ဝီရိယ စေတသိက်မျှ လွန်၏၊ ယင်းသည်လည်း ဣန္ဒြေ, ဈာန် ကိစ္စတို့ကို ပြီးစေ၏၊ ကိရိယာ စိတ်ဖြစ်သည်၏ အဖြစ်ကြောင့် ဝိပါက ပစ္စည်းမရှိ၊ ရှေးက ပဉ္စဒွါရာဝဇ္ဇန်း စိတ်ကဲ့သို့ ဝိပါက ပစ္စည်းနှင့်တကွ ပစ္စည်း ၆-ပါးတို့ မရအပ်ကုန်၊ ဈာန ပစ္စည်းနှင့် တကွ ပစ္စည်း ၁၈-ပါး တို့ကို ရအပ်ကုန်၏။

ဟသိတုပ္ပါဒ်စိတ်၌လည်း ကိရိယာစိတ်ဖြစ်သည်၏ အဖြစ် ကြောင့် ဝိပါက ပစ္စည်းမရှိ၊ ဇောစိတ်ဖြစ်သည်၏ အဖြစ် ကြောင့်ကား အာသေဝန ပစ္စည်းရှိ၏၊ ဝိပါက ပစ္စည်းနှင့်တကွ ပစ္စည်း ၅-ပါး တို့ကို မရအပ်ကုန်၊ အာသေဝန ပစ္စည်းနှင့် တကွ ပစ္စည်း ၁၉-ပါး တို့ကို ရအပ်ကုန်၏။

အကုသိုလ် စိတ်တို့သည် ၁၂-ပါးတို့ဖြစ်ကုန်၏၊ အဘယ် သည်တို့နည်း ဟူမူကား မောဟ မူလရှိသော စိတ် နှစ်ပါး, လောဘ မူလရှိသော စိတ်ရှစ်ပါး, ဒေါသ မူလရှိသော စိတ်နှစ် ပါးတို့ ဖြစ်ကုန်၏။

ပါပ စေတသိက် တဆဲ့လေးပါးတို့ မည်သည်ကား မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ,- (ဤစေတသိက် လေးခု အပေါင်းသည် မောဟ စတုက္ကမည်၏၊) လောဘ, ဒိဋ္ဌိ, မာန- (ဤစေတသိက် သုံးခုအပေါင်းသည် လောဘတိက် မည်၏၊) ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ- (ဤ စေတသိက် လေးပါး အပေါင်းသည် ဒေါသ စတုက္က မည်၏၊) ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ- (ဤစေတသိက် သုံးပါးအပေါင်းသည် တိကသီး မည်၏၊)တို့ ဖြစ်ကုန်၏။

ထိုအကုသိုလ် စေတသိက်တို့တွင် လောဘ,ဒေါသ,မောဟ-ဤသုံးပါးသော မူလတရားတို့သည် ဟေတု ပစ္စည်း ဖြစ်ကုန်၏၊ ဒိဋ္ဌိ စေတသိက်သည် မဂ္ဂ ပစ္စည်းဖြစ်၏၊ ကြွင်းသောစေတသိက် ဆယ်ပါးတို့သည် ပစ္စည်း အထူးတို့ မဖြစ်ကုန်။

ထိုအကုသိုလ် စေတသိက် ၁၂-ပါးတို့တွင် မောဟမူလ ရှိသော စိတ်နှစ်ပါးတို့ကား ဝိစိကိစ္ဆာသမ္ပယုတ်နှင့် ဥဒ္ဓစ္စသမ္ပယုတ် စိတ်တို့ ဖြစ်ကုန်၏၊ ထိုတွင် ဝိစိကိစ္ဆာ သမ္ပယုတ် စိတ်၌ စေတသိက် ၁၅-ပါးတို့ ဖြစ်ကုန်၏၊ အဘယ်သည်တို့နည်းဟူမူ သဗ္ဗစိတ္တိက စေတသိက် ၇-ပါး, ဝိတက်,ဝိစာရ,ဝီရိယ ဟူသော ပကိဏ္ဏက စေတသိက် ၃-ပါး, ပါပစေတသိက်၌ မောဟစတုက္က, ဝိစိကိစ္ဆာတို့ ဖြစ်ကုန်၏၊ ဝိစိကိစ္ဆာ သမ္ပယုတ်နှင့်တကွ နာမ် တရား ၁၆-ပါးတို့ ဖြစ်ကုန်၏၊ ဤစိတ်၌ ဟေတု, မဂ္ဂ ပစ္စည်း တို့ကို ရအပ်ကုန်၏၊ ထိုတွင် မောဟသည် ဟေတုပစ္စည်းဖြစ်၏၊ ဝိတက်နှင့် ဝီရိယသည် မဂ္ဂ ပစ္စည်း ဖြစ်၏၊ ဧကဂ္ဂတာသည်ကား ဝိစိကိစ္ဆာ ဖျက်ဆီးအပ်သည်၏ အဖြစ်ကြောင့် ဤစိတ်၌ ဣန္ဒြိယ ကိစ္စ, မဂ္ဂကိစ္စကို မပြီးစေ၊ ဈာန ကိစ္စမျှကိုသာ ပြီးစေ၏၊ အဓိပတိ, ပစ္ဆာဇာတ, ဝိပါက-ဤ ပစ္စည်း သုံးပါးတို့ကို မရ အပ်ကုန်၊ ကြွင်းသော ၂၁-ပစ္စည်းတို့ကို ရအပ်ကုန်၏။

ဥဒ္ဓစ္စ သမ္ပယုတ် စိတ်၌လည်း ဝိစိကိစ္ဆာကိုပယ်၍ အဓိမောက္ခ နှင့် တကွ စေတသိက် ၁၅-ပါးတို့သာလျှင် ဖြစ်ကုန်၏၊ နာမ် တရား ၁၆-ပါးတို့သာ ဖြစ်ကုန်၏၊ ဤ ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ဧကဂ္ဂတာသည် ဣန္ဒြိယ,ဈာန,မဂ္ဂ ကိစ္စကို ပြီးစေ၏၊ ပစ္စည်း သုံးပါးတို့ကို မရအပ်ကုန်၊ ပစ္စည်း ၂၁-ပါးတို့ကို ရအပ် ကုန်၏။

လောဘမူလရှိသော စိတ်ရှစ်ပါးတို့၌ကား သဗ္ဗစိတ္တိက စေတသိက် ၇-ပါး, ပကိဏ္ဏက စေတသိက် ၆-ပါး, ပါပ စေတသိက်တို့၌ မောဟ စတုက္က, လောဘတိက်, ထိန-မိဒ္ဓ ၂-ပါး ဤစေတသိက် ၂၂-ပါးတို့ ဖြစ်ကုန်၏၊ ထိုတွင် လောဘ,မောဟ မူလ နှစ်ပါးတို့သည် ဟေတု ပစ္စည်း ဖြစ်၏၊ ဆန္ဒ,စိတ်,ဝီရိယ- ဤနာမ်တရား သုံးပါးတို့သည် အဓိပတိမျိုး ဖြစ်ကုန်၍ တခါ တရံ အဓိပတိ ကိစ္စကို ပြီးစေကုန်၏၊ ဤ လောဘမူစိတ်၌ အာရမ္မဏာ ဓိပတိ ပစ္စည်းကို ရအပ်၏၊ စေတနာသည် ကမ္မ ပစ္စည်းဖြစ်၏၊ ဖဿ,စေတနာ,ဝိညာဉ်ဟု ဆိုအပ်သော နာမ် အာဟာရ သုံးပါးတို့သည် အာဟာရ ပစ္စည်းဖြစ်၏၊ စိတ်, ဝေဒနာ, ဇီဝိတိန္ဒြေ, ဝီရိယ— ဤ ဣန္ဒြေတရား ငါးပါးတို့သည် ဣန္ဒြိယ ပစ္စည်း ဖြစ်၏၊ ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ—ဤဈာနင်တရား ငါးပါးတို့တည် ဈာန ပစ္စည်း ဖြစ်၏၊ ဝိတက်, ဧကဂ္ဂတာ,ဒိဋ္ဌိ, ဝီရိယ—ဤမဂ္ဂင်တရား လေးပါးတို့သည် မဂ္ဂ ပစ္စည်း ဖြစ်၏၊ ပစ္ဆာဇာတ, ဝိပါက- ပစ္စည်းနှစ်ပါးတို့ကို မရအပ်ကုန်၊ ကြွင်းသော ၂၂-ပစ္စည်းတို့ကို ရအပ်ကုန်၏။

ဒေါသ မူလရှိသော စိတ်နှစ်ပါးတို့၌ ပီတိနှင့် လောဘတိက်ကို ပယ်၍ ဒေါသ စတုက္ကနှင့်တကွ စေတသိက် ၂၂-ပါးတို့သာလျှင် ဖြစ်ကုန်၏၊ ဒေါသ, မောဟ-ဤသို့ မူလ နှစ်ပါးတို့တည်း၊ အဓိပတိမျိုးတို့သည် သုံးပါးတို့တည်း၊ အာဟာရထိုက်သော တရားတို့သည် သုံးပါးတို့တည်း၊ ဣန္ဒြေထိုက်သော တရားတို့သည် ငါးပါးတို့တည်း၊ ဈာနင်ထိုက်သော တရားတို့သည် လေးပါး

တို့တည်း၊ မဂ္ဂင်ထိုက်သော တရားတို့သည် သုံးပါးတို့တည်း၊ ဤ ဒေါသမူလ စိတ္တုပ္ပါဒ်၌လည်း ပစ္စည်းနှစ်ပါးတို့ကို မရအပ်ကုန်၊ ပစ္စည်း ၂၂-ပါးတို့ကို ရအပ်ကုန်၏။

သောဘဏ စိတ် ၉၁-ပါးတို့ မည်သည်ကား ကာမသောဘဏစိတ် ၂၄-ပါး, ရူပစိတ် ၁၅-ပါး, အရူပစိတ် ၁၂-ပါး, လောကုတ္တရစိတ် ၄၀-တို့ ဖြစ်ကုန်၏၊ ထိုတွင် ကာမသောဘဏ စိတ် ၂၄-တို့ မည်သည်ကား ကာမကုသိုလ် စိတ် ၈-ပါး, သောဘဏ ဝိပါက်စိတ် ၈-ပါး, ကာမသောဘဏ ကြိယာစိတ်၈-ပါးတို့ ဖြစ်ကုန်၏။

ကလျာဏ စေတသိက် ၂၅-ပါးတို့ မည်သည်ကား အလောဘ, အဒေါသ, အမောဟ ဟူသော ကလျာဏ မူလ သုံးပါး၊ သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, တတြမဇ္ဈတ္တတာ, ကာယ ပဿဒ္ဓိ, စိတ္တ ပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တ ပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ-ဟူသော ဝိရတီ သုံးပါး၊ ကရုဏာ, မုဒိတာ-ဟူသော အပ္ပမညာ နှစ်ပါးတို့ ဖြစ်ကုန်၏။

ထိုတွင် ကလျာဏ မူလ သုံးပါးတို့သည် ဟေတုပစ္စည်း ဖြစ်၏၊ အမောဟသည်ကား အဓိပတိ ပစ္စည်း၌ ဝီမံသာဓိပတိ မည်၏၊ ဣန္ဒြိယ ပစ္စည်း၌ ပညိန္ဒြေ မည်၏၊ မဂ္ဂ ပစ္စည်း၌ သမ္မာဒိဋ္ဌိ မဂ္ဂင်မည်၏၊ သဒ္ဓါသည် ဣန္ဒြိယပစ္စည်း၌ သဒ္ဓိန္ဒြေ မည်၏၊ သတိသည် ဣန္ဒြိယ ပစ္စည်း၌ သတိန္ဒြေ, မဂ္ဂပစ္စည်း၌ သမ္မာသတိမဂ္ဂင် မည်၏၊ ဝိရတီ သုံးပါးတို့သည် မဂ္ဂ ပစ္စည်း ဖြစ်၏၊ ကြွင်းသောတရား ၁၇-ပါးတို့သည် ပစ္စည်းအထူးတို့ မဖြစ်ကုန်။

ကာမကုသိုလ်စိတ် ရှစ်ပါးတို့၌ သဗ္ဗစိတ္တိက စေတသိက် ၇-ပါး, ပကိဏ္ဏ စေတသိက် ၆-ပါး, ကလျာဏ စေတသိက် ၂၅-ပါး-ဤသို့ စေတသိက် ၃၈-ပါးတို့ကို ရေတွက်အပ်ကုန်၏၊ ထိုတွင်-

ပီတိကို သောမနဿ လေးပါးနှင့် ယှဉ်သော စိတ်တို့၌သာလျှင် ရေတွက်အပ်၏။

အမောဟကို ဉာဏ သမ္ပယုတ်စိတ် လေးပါးတို့၌သာလျှင် ရေတွက်အပ်၏။

ဝိရတီ သုံးပါးတို့ကို သိက္ခာပုဒ်ကို စောင့်သုံး ဖြည့်ကျင့်သော အခါ၌သာ ရေတွက်အပ်၏။

အပ္ပမညာ နှစ်ပါးတို့ကို သတ္တဝါတို့၌ သနားကျင်နာ, ဝမ်းမြောက် ဝမ်းသာ ဖြစ်စေသော အခါတို့၌သာ ရေတွက်အပ်ကုန်၏။

ကာမ ကုသိုလ်စိတ် ရှစ်ပါးတို့၌လည်း နှစ်ပါး, သုံးပါးသော ကလျာဏ မူလတို့သည် ဟေတု ပစ္စည်းဖြစ်၏။

ဆန္ဒ, စိတ်, ဝီရိယ, ဝီမံသာ(ပညာ)- ဤသို့ အဓိပတိလေးမျိုးတို့၌ တပါး-တပါးသော အဓိပတိ တရားကိုယ်သာလျှင် ရံခါ အဓိပတိ ပစ္စည်း ဖြစ်၏။

စေတနာသည် ကမ္မပစ္စည်းဖြစ်၏။

အာဟာရ တရားကိုယ် သုံးပါးတို့သည် အာဟာရ ပစ္စည်း ဖြစ်၏။

စိတ်, ဝေဒနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, သဒ္ဓါ, သတိ, ဝီရိယ, ပညာ- ဤသို့ ဣန္ဒြေထိုက်သော တရားရှစ်ပါးတို့သည် ဣန္ဒြိယ ပစ္စည်းဖြစ်၏။

ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ- ဤသို့ ဈာနင်ဘရား ငါးပါးတို့သည် ဈာနပစ္စည်း ဖြစ်၏။

ပညာ, ဝိတက်၊ ဝိရတီ သုံးပါး၊ သတိ, ဝီရိယ, ဧကဂ္ဂတာ- ဤသို့ မဂ္ဂင်ထိုက်သော တရားရှစ်ပါးတို့သည် မဂ္ဂပစ္စည်းဖြစ်၏။

ဤကာမာဝစရ ကုသိုလ်စိတ် ရှစ်ပါးတို့၌လည်း ပစ္ဆာဇာတ, ဝိပါက ပစ္စည်းတို့ကို မရအပ်ကုန်၊ ကြွင်းသော ပစ္စည်း ၂၂-ပါးတို့ကို ရအပ်ကုန်၏။

ကာမသောဘဏ ကိရိယာစိတ် ရှစ်ပါးတို့၌ ဝိရတီ သုံးပါးတို့ကို မရအပ်ကုန်၊ ကုသိုလ်စိတ်တို့၌ကဲ့သို့ ပစ္စည်းနှစ်ပါးတို့ကို မရအပ်ကုန်၊ ပစ္စည်း ၂၂-ပါးတို့ကို ရအပ်ကုန်၏။

ကာမသောဘဏ ဝိပါက် စိတ် ရှစ်ပါးတို့၌ ဝိရတီ သုံးပါး, အပ္ပမညာ နှစ်ပါးတို့ကို မရအပ်ကုန်၊ အဓိပတိ, ပစ္ဆာဇာတ, အာသေဝန ပစ္စည်းသုံးပါးတို့ကို မရအပ်ကုန်၊ ပစ္စည်း ၂၁-ပါးတို့ကို ရအပ်ကုန်၏။

အထက်ဖြစ်သော ရူပ, အရူပ, လောကုတ္တရာ စိတ်တို့၌လည်း ပစ္စည်း ၂၂-ပါး တို့ထက် လွန်သည် မရှိ၊ ထို့ကြောင့် ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်စိတ် လေးပါးတို့၌ကဲ့သို့ ဤစိတ်တို့၌ ပစ္စည်းပေါင်းခြင်းကို သိအပ်၏။

ဤသို့ဖြစ်လတ်သော် အဘယ်ကြောင့် ထိုစိတ်တို့သည် ကာမစိတ်ထက် အထူးသဖြင့် ကြီးမြတ်ကုန်သနည်း။

အာသေဝန သတ္တိ ကြီးသည်၏ အဖြစ်ကြောင့် ထိုစိတ်တို့သည် ကာမစိတ်ထက် အထူးသဖြင့် ကြီးမြတ်ကုန်၏၊ ထိုစိတ်တို့၌ အာသေဝနပစ္စည်း ကြီး၏၊ ထို့ကြောင့် ဣန္ဒြိယ, ဈာန, မဂ္ဂ, တပါးလည်းဖြစ်သော ထိုစိတ်တို့၏ ပစ္စည်းတို့သည်

ကြီးကုန်၏၊ ပစ္စည်းတို့၏ အဆင့်ဆင့် ကြီးသည်၏ အဖြစ်ကြောင့် ထိုစိတ်တို့သည် အဆင့်-ဆင့် ကာမစိတ်ထက် အထူးသဖြင့် ကြီးမြတ်ကုန်၏။

ရုပ်ကလပ်တို့၌ ပစ္စယ ဃဋ္ဋနာ နည်းကို ဆိုအပ်၏၊ ရုပ် ၂၈-ပါးတို့ မည်သည်ကား ပထဝီ, အပေါ, တေဇော, ဝါယော—ဤသို့ မဟာဘုတ် ၄-ပါး၊ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ—ဤသို့ ပသာဒရုပ် ၅-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ—ဤသို့ ဂေါစရရုပ် ၅-ပါး၊ ဤတွင် ဖောဋ္ဌဗ္ဗ သည် ပထဝီ ဖောဋ္ဌဗ္ဗ, တေဇော ဖောဋ္ဌဗ္ဗ, ဝါယော ဖောဋ္ဌဗ္ဗ-ဤသို့ သုံးပါး အပြားရှိ၏၊ -ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်-ဤသို့ ဘာဝရုပ် ၂-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ဟဒယရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ အာကာသဓာတ်ရုပ် ၁-ပါး၊ ကာယ ဝိညတ်, ဝစီဝိညတ်—ဤသို့ ဝိညတ်ရုပ် ၂-ပါး၊ လဟုတာ, မုဒုတာ, ကမ္မညတာ—ဤသို့ ဝိကာရရုပ် ၃-ပါး၊ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ—ဤသို့ လက္ခဏာရုပ် ၄-ပါးတို့ ဖြစ်ကုန်၏။

ထိုတွင် မဟာဘုတ် ၄-ပါး, ဇီဝိတ, အာဟာရ-ဤရုပ်တရား ခြောက်ပါးတို့သည် ရုပ်တရားတို့အား ကျေးဇူး ပြုတတ်၏၊ ထိုသို့ ပြုရာ၌ မဟာဘုတ် လေးပါးတို့သည် အချင်းချင်းအား သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ-ပစ္စည်းငါးပါး တို့ဖြင့် ကျေးဇူးပြုကုန်၏၊ သဟဇာတ်ဖြစ်သော ဥပါဒါရုပ်တို့ အား အညမည သတ္တိကို ကြဉ်သော ပစ္စည်း ၄-ပါးတို့ဖြင့်

ကျေးဇူးပြုကုန်၏၊ ဇီဝိတိန္ဒြေသည် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့အား ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏၊ အာဟာရရုပ်သည် သဟဇာတ် ဖြစ်ကုန်-မဖြစ်ကုန်သော အဇ္ဈတ္တရုပ်အားလုံးတို့အား အာဟာရ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ထို၌ ပသာဒရုပ် ၅-ပါး, ဂေါစရရုပ် ၇-ပါး, ဟဒယဝတ္ထုရုပ်—ဤရုပ်တရား ၁၃-ပါးတို့သည် နာမ်တရားတို့အား အထူးသဖြင့် ကျေးဇူးပြုကုန်၏၊ ထိုသို့ပြုရာ၌ ပသာဒရုပ် ၄ ါးပါးတို့သည် ဝိညာဏဓာတ် ၄ ါးပါးတို့အား အမိသည် သားတို့အား ကျေးဇူးပြုသကဲ့သို့ ဝတ္ထု ပုရေဇာတ, ဝတ္ထု ပုရေဇာတိန္ဒြိယ, ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဂေါစရရုပ် ခုနစ်ပါးတို့သည် ဝိညာဏဓာတ် ၄ ါးပါးတို့အား အဖသည် သားသမီးတို့အား ထောက်ပံ့ကုန်သကဲ့သို့ အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဟဒယ ဝတ္ထုရုပ်သည် မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးတို့အား သစ်ပင်သည် ရုက္ခဇိုဝ်းနတ်တို့အား ကျေးဇူးပြုသကဲ့ ထိုက်သည်အားလျော်စွာ ပဋိသန္ဓေခဏ၌ သဟဇာတ, ပဝတ္တိအခါ၌ ဝတ္ထု ပုရေဇာတ, ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ရုပ်ကလာပ် ၂၁-ပါးတို့ ဖြစ်ကုန်၏၊ ထို၌ ကြိုးတချောင်းဖြင့် ဖွဲ့အပ်သော ဆံတို့၏ ဆံစု ဆံစည်း, မြက်တို့၏ မြက်စု မြက်စည်းကဲ့သို့ ဇာတိရုပ် တခုဖြင့် ဖွဲ့အပ်သော ရုပ်တရားတို့၏ အပေါင်းအစုသည် ရုပ်ကလာပ်မည်၏။

ထို၌ မဟာဘုတ် ၄-ပါး, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ (အာဟာရ)—ဤရုပ်တရား ရှစ်ပါးတို့သည် တပါးသော သဒ္ဒမူလကလာပ် ဝါ—အလုံးစုံသော ကလာပ်တို့၏ အရင်းမည်၏၊ သဒ္ဒ မူလဋ္ဌက ဟူ၍လည်း ဆိုအပ်၏။

ကမ္မဇ ရုပ်ကလာပ်တို့ ကိုးပါး ဖြစ်ကုန်၏၊ အဘယ်သည်တို့နည်း ဟူမူကား—ဇီဝိတ နဝက, ဝတ္ထု ဒသက, ကာယဒသက, ဣတ္ထိဘာဝ ဒသက, ပုမ္ဘာဝ ဒသက, စက္ခု ဒသက, သောတ ဒသက, ဃာနဒသက, ဇိဝှါ ဒသက— ဤကိုးပါးတို့ပင်တည်း၊ ထိုတွင် သဒ္ဒမူလဋ္ဌက ကလာပ်သည်ပင်လျှင် ဇီဝိတရုပ်နှင့်တကွ ဇီဝိတနဝက ကလာပ်မည်၏၊ ယင်းသည်ပင်လျှင် ကမ္မဇ ကလာပ်တို့၌ မူလနဝက ဖြစ်၏၊ မူလနဝကသည်ပင်လျှင် အစဉ်အတိုင်း ဟဒယ ဝတ္ထုရုပ် အစရှိသော ရုပ်ရှစ်ပါးတို့နှင့်တကွ ဝတ္ထု ဒသက အစရှိသော ဒသကလာပ် ရှစ်ပါးတို့ဖြစ်၏။

ထိုတွင် ဇီဝိတ နဝက, ကာယ ဒသက, ဘာဝ ဒသက နှစ်စည်း—ဤကလာပ် လေးပါးတို့သည် ကိုယ်အလုံး၌ နှံ့၍ ဖြစ်ကုန်၏၊ ထိုစကားရပ်၌ ပါစကဂ္ဂိ, ကာယဂ္ဂိကို ဇီဝိတ နဝက ဟူ၍ ဆိုအပ်၏၊ ပါစကဂ္ဂိ မည်သည်ကား အစာ အာဟာရကို ကျက်စေတတ်သော အပူဓာတ် အစုပင်တည်း၊ ယင်းသည် အစာသစ်အိမ်၌ ဖြစ်၍ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော အစာ အာဟာရတို့ကို ကျက်စေတတ်၏၊ ကာယဂ္ဂိ မည်သည်ကား ကိုယ်အလုံးစုံ၌ နှံ့၍တည်သော ကိုယ်ငွေ့ အပူဓာတ် အစုပင်တည်း၊ ယင်းသည် ကိုယ်အလုံး၌ ဖြစ်၍

သလိပ်, သည်းခြေ, သွေးတို့ကို မပုတ် မသိုး ကြည်လင်သည်တို့ကို ပြုတတ်၏၊ ထိုတေဇော နှစ်ပါးတို့၏ မညီမညွတ်ခြင်းဖြစ်သော် သတ္တဝါတို့ အနာများကုန်၏၊ ညီမျှသော် အနာနည်းကုန်၏။

ထိုဇီဝိတ နဝက နှစ်ပါးတို့သည် သတ္တဝါတို့၏ အသက်, အဆင်းကို ပြည့်စုံစေ၏။

ကာယ ဒသကသည် ကိုယ်အလုံး၌ ချမ်းသာ-ဆင်းရဲ အတွေ့တို့ကို ဖြစ်စေ၏။

ဘာဝဒသကတို့သည် မိန်းမ ယောကျ်ားတို့၏ အလုံးစုံသော အခြင်းအရာတို့ကို ဖြစ်စေ၏။

ကြွင်းသော ဝတ္ထုဒသက အစရှိသော ဒသက ငါးပါးတို့သည် တစိတ်တဒေသ၌ ဖြစ်သော ပဒေသ ဒသက မည်ကုန်၏။

ထိုတွင် ဝတ္ထုဒသကသည် နှလုံးအိမ်၏ အတွင်း၌ ဖြစ်၍ သတ္တဝါတို့၏ အထူးထူး အပြားပြား ကောင်း-မကောင်း အကြံတို့ကို ဖြစ်စေ၏၊

စက္ခု ဒသက အစရှိသော ဒသက လေးပါးတို့သည် မျက်လုံး, နားတွင်း, နှာခေါင်းတွင်း, လျှာအပြင်တို့၌ ဖြစ်၍ မြင်ခြင်း, ကြားခြင်း, နမ်းခြင်း, လျက်ခြင်းတို့ကို ဖြစ်စေတတ်၏။

စိတ္တဇ ကလာပ်တို့သည် ရှစ်ပါး ဖြစ်ကုန်၏၊ အဘယ်သည်တို့နည်းဟူမူ သဒ္ဒ မူလဋ္ဌက, သဒ္ဒနဝက, ကာယဝိညတ္တိ နဝက, သဒ္ဒဝစီ ဝိညတ္တိ ဒသက—ဤသို့ မူလ ကလာပ် ၄-ပါး၊ ထိုကလာပ်တို့သည်ပင်လျှင် လဟုတာ, မုဒုတာ, ကမ္မညတာဟု ဆိုအပ်ကုန်သော ဝိကာယရုပ် သုံးပါးနှင့်တကွ သဝိကာရ ကလာပ် ၄-ပါး၊ ဤရှပါးတို့ပင်တည်း။

ထိုစိတ္တဇကလာပ် ရှစ်စည်းတို့တွင် ကိုယ်၌ဖြစ်သော ဓာတ်တို့၏ မညီညွတ်သော အခါကာလ၌ နာသောသူအား မူလကလာပ် လေးစည်းတို့သာ ဖြစ်ကုန်၏၊ မှန်၏၊ ထိုအခါ နာသောသူအား ကိုယ်၌ဖြစ်သော ရုပ်တို့ လေးလံ ကြမ်းထမ်းကုန်၏၊ အမှု၌ မခံ့ကုန်၊ အလိုရှိတိုင်း ဣရိယာပုတ်ကို ဖြစ်စေခြင်း, အင်္ဂါကြီးငယ်တို့ကို လှုပ်ခြင်း, စကားပြောခြင်းငှာ ဆင်းရဲ၏၊ ကိုယ်၌ဖြစ်သော ဓာတ်တို့၏ ညီညွတ်စွာဖြစ်သော ကာလ၌ကား ကျန်းမာသူအား လေးလံကြမ်းထမ်းခြင်း အစ ရှိကုန်သော ကိုယ်၌ဖြစ်သော အပြစ်တို့ မရှိခြင်းကြောင့် ဝိကာရ ရုပ်နှင့်တကွဖြစ်သော ရုပ်ကလာပ် လေးစည်းတို့ ဖြစ်ကုန်၏၊ ထိုတွင်လည်း အချို့သော စိတ်အင်္ဂါ၏ အစွမ်းဖြင့် ကိုယ်အင်္ဂါကို လှုပ်ရှားရာ၌ ကာယဝိညတ္တိ ကလာပ် နှစ်စည်းတို့ ဖြစ်ကုန်၏၊ စိတ်၏ အစွမ်းဖြင့်သာလျှင် ခံတွင်းမှ စကားအသံကို ဖြစ်စေသော အခါ၌ ဝစီဝိညတ္တိ ကလာပ် နှစ်စည်းတို့ ဖြစ်ကုန်၏၊ စိတ်၏ အစွမ်းဖြင့်သာလျှင် အက္ခရာ ဝဏ္ဏ ကင်းကုန်သော ရယ်ခြင်း ငိုခြင်း အစရှိကုန်သော စကား မဟုတ်သော အသံတို့၏ ခံတွင်းမှ ဖြစ်သောကာလ၌ သဒ္ဒက ကလာပ် နှစ်စည်းတို့ ဖြစ်ကုန်၏၊ ကြွင်းသော အခါတို့၌ အစဖြစ်သော ကလာပ် နှစ်စည်းတို့ ဖြစ်ကုန်၏။

ဥတုဇ ကလာပ်တို့သည် လေးပါးတို့တည်း၊ အဘယ်သည် တို့နည်း ဟူမူကား သဗ္ဗမူလဋ္ဌက, သဒ္ဒနဝက-ဤသို့ မူလ ကလာပ် ၂-စည်း, သဝိကာရ ကလာပ် ၂-စည်း ဤလေးပါးတို့ ဖြစ်ကုန်၏။

ထိုစကားရပ်၌ ဤကိုယ်သည် အသက်ရှည်သမျှ ကာလ ပတ်လုံး ဣရိယာပုထ်၏အလျဉ်သို့ အစဉ်ရောက်သည် ဖြစ်၍မျှ၏၊ ထိုကြောင့် ဣရိယာပုထ်ထူးသည်၏ အဖြစ်ကို စွဲ၍ ဤကိုယ်၌ ခဏတိုင်း-ခဏတိုင်း ဓာတ်တို့၏ ညီညွတ်ခြင်း-မညီညွတ်ခြင်းတို့ ထင်ကုန်၏၊ ထိုအတူ ဥတု, အာဟာရ, လေ, နေပူတို့၏ တွေ့ထိခြင်း, ကိုယ်အင်္ဂါဆောင်ခြင်း, မိမိ-သူတပါး လုံ့လ ထူးသည်၏ အဖြစ်ကိုစွဲ၍ ဓာတ်တို့၏ ညီညွတ်ခြင်း-မညီညွတ် ခြင်းတို့ ထင်ကုန်၏။

ထိုကလာပ် လေးစည်းတို့တွင် မညီမညွတ် ဖြစ်သောအခါ၌ မူလကလာပ် နှစ်စည်းတို့သာလျှင် ဖြစ်ကုန်၏၊ ညီညွတ်စွာ ဖြစ်သောအခါ၌ ဝိကာရ ကလာပ် နှစ်စည်းတို့ ဖြစ်ကုန်၏၊ ထိုတွင်လည်း သဒ္ဒကလာပ် နှစ်စည်းတို့သည် စိတ္တဇ သဒ္ဒါမှ အဆင့်ဆင့်သော အသံနှင့် တပါးသော လောကမှ အထူး ထူးသော အသံတို့၌ ဖြစ်ကုန်၏။

အာဟာရဇ ရုပ်ကလာပ်တို့သည် နှစ်ပါးတည်း၊ အဘယ် သည်တို့နည်းဟူမူကား သဒ္ဒမူလဋ္ဌက, သဝိကာရ-ဤနှစ်ပါး တို့တည်း။

ဤကလာပ်တို့ကို လျောက်ပတ်-မလျောက်ပတ်သော အာဟာ ရကြောင့် ဖြစ်သော ညီညွတ်သောရုပ်-မညီညွတ်သောရုပ်တို့၏ အစွမ်းဖြင့် သိအပ်၏။

အာကာသဓာတ်, လက္ခဏရုပ် လေးခု— ဤငါးပါးသော ရုပ်တို့သည် ကလာပ် အဖွဲ့အစည်းမှ လွတ်ကုန်၏၊ ထိုတွင် အာကာသဓာတ်သည် ရုပ်ကလာပ်တို့၏ အကြားကို ပိုင်းခြား ကြောင်းမျှ ဖြစ်သည်၏ အဖြစ်ကြောင့် ကလာပ်အဖွဲ့အစည်းမှ

သွတ်၏၊ လက္ခဏာရုပ်တို့သည် အကြောင်းတရားကို ပေါင်း၍ ပြုပြင်အပ်သည်ဖြစ်၍ ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ ပေါင်း၍ ပြုပြင်အပ်သည်၏ အဖြစ်ကို သိခြင်း အကျိုးငှာ မှတ်ကြောင်းမျှ ဖြစ်သည်၏ အဖြစ်ကြောင့် ကလာပ် အဖွဲ့အစည်းမှ လွတ်ကုန်၏။

ဤ ရုပ်ကလာပ် ၃၂-ပါးတို့ကို အဇ္ဈတ္တ သန္တာန် ရအပ်ကုန်၏၊ ဗဟိဒ္ဓ သန္တာန်၌ကား ဥတုဇ မူလကလာပ် နှစ်စည်းတို့ကိုသာလျှင် ရအပ်ကုန်၏၊ ထိုအရာ၌ ရုပ်အစဉ် သန္တာန်တို့သည် အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန် ဟူ၍ နှစ်ပါး အပြားရှိကုန်၏၊ ထိုတွင် အဇ္ဈတ္တ သန္တာန်မည်သည်ကား သတ္တဝါတို့၏သန္တာန်ကို ဆိုအပ်၏၊ ဗဟိဒ္ဓ သန္တာန်မည်သည်ကား မြေ, တောင်, မြစ်, သမုဒ္ဒရာ, သစ်ပင်, မြက်ပင် စသည်တို့ကို ဆိုအပ်၏၊ ထိုတွင် အဇ္ဈတ္တ သန္တာန်၌ ရုပ် ၂၈-ပါး၊ ရုပ်ကလာပ် ၂၃-ပါးတို့ ရအပ်ကုန်၏။

ထိုရုပ်နာမ်တရားတို့တွင် ပဋိသန္ဓေ နာမက္ခန္ဓာ တရားလေးပါးတို့သည် ပဋိသန္ဓေခဏ၌ ကမ္မဇ ရုပ်ကလာပ်တို့အား မဟာသဟဇာတကြီး ၄-မျိုး, ဝိပါက, ဝိပ္ပယုတ္တ ပစ္စယသတ္တိ ခြောက်ပါး အပြားအားဖြင့် ကျေးဇူးပြုကုန်၏။

ဟဒယ ဝတ္ထုရုပ်သည်ကား အညမည သတ္တိနှင့်တကွ ခုနစ်ပါး အပြားအားဖြင့် ကျေးဇူးပြုတတ်ကုန်၏။

ထိုနာမက္ခန္ဓာတရား လေးပါးတို့၌ ဟိတ်တရားတို့သည် ဟေတု ပစ္စယသတ္တိ, စေတနာသည် ကမ္မ ပစ္စယသတ္တိ, အာဟာရ တရားတို့သည် အာဟာရ ပစ္စယသတ္တိ, ဣန္ဒြေတရားတို့သည် ဣန္ဒြိယ ပစ္စယသတ္တိ, ဈာန်တရားတို့သည် ဈာန ပစ္စယသတ္တိ,

မဂ်တရားတို့သည် မဂ္ဂ ပစ္စယသတ္တိ— ဤသို့ ထိုက်သည်အား လျော်စွာ ခြောက်ပါး အပြားအားဖြင့် ကျေးဇူးပြုတတ်ကုန်၏။

အတိတ် ကုသိုလ်-အကုသိုလ် ကံတို့သည်ကား ကမ္မ ပစ္စယ သတ္တိတပါး အပြားအားဖြင့်သာလျှင် ကျေးဇူးပြုတတ်ကုန်၏။

ပဌမဘဝင် အစရှိကုန်သော နောက်-နောက်၌ ဖြစ်ကုန် သော ပဝတ္တိ နာမက္ခန္ဓာတို့သည် ရှေး-ရှေး၌ ဖြစ်ကုန်သော ကမ္မဇ ရုပ်ကလာပ်တို့အား ပစ္ဆာဇာတ သတ္တိတပါး အပြား အားဖြင့် ကျေးဇူးပြုတတ်ကုန်၏၊ ဤ၌လည်း ပစ္ဆာဇာတ သဒ္ဒါ ဖြင့် ပစ္ဆာဇာတဇာတ် ဖြစ်ကုန်သော ပစ္စည်းလေးပါးတို့ကို ယူအပ်ကုန်၏၊

ဆက်၍ ဆိုဦးအံ့၊ အတိတ်ကံတို့သည် တပါးသော အပြား အားဖြင့်သာလျှင် ကျေးဇူးပြုတတ်ကုန်၏၊ ဤသို့ နာမ်တရားတို့ သည် ကမ္မဇ ရုပ်ကလာပ်တို့အား ထိုက်သည် အားလျော်စွာ ၁၄- ပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်၏၊ ဤကမ္မဇရုပ်ကို ကျေးဇူး ပြုရာ၌ "အာရမ္မဏ, အဓိပတိ, အနန္တရ, သမနန္တရ, ဥပနိဿယ, ပုရေဇာတ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ-ဤပစ္စည်း ဆယ်ပါးတို့ကို မရအပ်ကုန်။

ပဝတ္တိ အခါရုပ်ကို ဖြစ်စေတတ်ကုန်သော နာမက္ခန္ဓာတို့ သည် မိမိနှင့် တကွဖြစ်ကုန်သော စိတ္တဇ ရုပ်ကလာပ်တို့အား မဟာသဟဇာတကြီး ၄-မျိုး, ဝိပ္ပယုတ္တ ပစ္စယသတ္တိ ငါးပါး အပြားအားဖြင့် ကျေးဇူးပြုကုန်၏။

ထိုနာမက္ခန္ဓာ တရားတို့၌သာလျှင် ဟိတ်တရားတို့သည် ဟေတု, အဓိပတိ တရားတို့သည် အဓိပတိ, စေတနာတရားသည် ကမ္မ, ဝိပါက်တရားတို့သည် ဝိပါက, အာဟာရ တရားတို့သည်

အာဟာရ၊ ဣန္ဒြေတရားတို့သည် ဣန္ဒြိယ, ဈာန်တရားတို့သည် ဈာန, မဂ်တရားတို့သည် မဂ္ဂ ပစ္စယ သတ္တိဖြင့် ထိုက်သင့်သည် အားလျော်စွာ ရှစ်ပါး အပြားအားဖြင့် ကျေးဇူးပြုတတ်ကုန်၏။

နောက်-နောက်၌ ဖြစ်ကုန်သော ခပ်သိမ်းသော နာမက္ခန္ဓာ တရားတို့သည် ရှေး-ရှေး၌ ဖြစ်ကုန်သော စိတ္တဇ ရုပ်ကလာပ် တို့အား ပစ္ဆာဇာတ ပစ္စယသတ္တိ တပါးဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့ နာမက္ခန္ဓာတရားတို့သည် စိတ္တဇ ရုပ်ကလာပ်တို့အား ထိုက်သည် အားလျော်စွာ ၁၄-ပစ္စည်းတို့ဖြင့် ကျေးဇူးပြုတတ် ကုန်၏၊ ဤစိတ္တဇရုပ်ကို ကျေးဇူးပြုရာ၌လည်း အာရမ္မဏ, အနန္တရ, သမနန္တရ, အညမည, ဥပနိဿယ, ပုရေဇာတ, အာသေဝန,သမ္ပယုတ္တ,နတ္ထိ,ဝိဂတ-ဤပစ္စည်း ဆယ်ပါးတို့ကို မရအပ်ကုန်။

ပဋိသန္ဓေ စိတ်၏ ဌီကာလမှစ၍ ပဝတ္တိအခါ နာမ်တရား အလုံးစုံတို့သည် ဥတုဇကလာပ် အလုံးစုံနှင့် အာဟာရဇ ရုပ် ကလာပ်တို့အား ပစ္ဆာဇာတ ပစ္စယသတ္တိ တပါးဖြင့် ကျေးဇူး ပြုတတ်ကုန်၏၊ ပစ္ဆာဇာတ သဒ္ဒါဖြင့် ပစ္ဆာဇာတ လေးမျိုး တို့ကို ယူအပ်ကုန်၏၊ ကြွင်းသော ပစ္စည်း ၂၀-တို့ကို မရအပ် ကုန်။

ဆက်၍ ဆိုဦးအံ့၊ ၂၃-ပါးသော ရုပ်ကလာပ် အလုံးစုံတို့၌ မဟာဘုတ် လေးပါးတို့သည် အချင်းချင်းအား မဟာသဟဇာတ ကြီးလေးမျိုး, အညမည ပစ္စယသတ္တိ-ဤ ၄ါးပါးအားဖြင့် ကျေးဇူးပြုတတ်ကုန်၏။

သဟဇာတနှင့်တကွ ဖြစ်သော ဥပါဒါရုပ်တို့အား မဟာ သဟဇာတကြီး လေးမျိုးတို့ဖြင့် လေးပါး အပြားအားဖြင့် ကျေးဇူးပြုတတ်ကုန်၏။

အာဟာရရုပ်သည် တကွဖြစ်ကုန်-မဖြစ်ကုန်သော အဇ္ဈတ္တ ရုပ်ကလာပ် အလုံးစုံတို့အား အာဟာရ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်၏။

ကမ္မဇရုပ် ကလာပ် ကိုးပါးတို့၌ ဇီဝိတိန္ဒြေရုပ်သည် သဟဇာတ်သာလျှင် ဖြစ်သော ရုပ်တို့အား ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။

ဤသို့ အဇ္ဈတ္တရုပ်တရားတို့သည် အဇ္ဈတ္တ ရုပ်တရားတို့အား ခုနစ်ပါးအပြားအားဖြင့် ကျေးဇူးပြုတတ်ကုန်၏၊ ဗဟိဒ္ဓရုပ်တရား တို့သည်ကား ဗဟိဒ္ဓဖြစ်၍ ဖြစ်ကုန်သော ဥတုဇ ရုပ်ကလပ် နှစ်ပါးတို့အား ငါးပါး အပြားအားဖြင့် ကျေးဇူးပြုတတ်ကုန်၏။

ဆက်၍ ဆိုဦးအံ့၊ ဤအရာ၌ ပဋ္ဌာနသဒ္ဒါ၏ အနက်ကို ဆိုအပ်၏၊ ပြဋ္ဌာန်းသော အကြောင်းကြောင့် ပဋ္ဌာန မည်၏၊ ထိုစကားရပ်၌ ပဓာနံ ဟူသည်ကား ပြဋ္ဌာန်းသော,ဌာနံဟူသည် ကား အကြောင်း, ပြဋ္ဌာန်းသော အကြောင်း၊ မုချအကြောင်း, ကေန်အကြောင်း-ဤသို့ ဆိုလို၏၊ ထိုကေန် အကြောင်းကိုလည်း ကေန်အကျိုးကို စွဲ၍ ဆိုအပ်၏။

မှန်၏၊ အကျိုးသည် မုချ အကျိုး, အကျိုးဆက်—ဤသို့ နှစ်ပါး အပြားရှိ၏၊ ထိုတွင် မုချ အကျိုး မည်သည်ကား အကျိုးရင်းတည်း၊ အကျိုးဆက်မည်သည်ကား အဆက်ဆက် အကျိုးတည်း၊ ထိုတွင် အကျိုးရင်းသည် သာလျှင် ကေန် အကျိုးမည်၏၊ မှန်၏၊ ထိုကေန် အကျိုးသည် မိမိ၏အကြောင်း ရှိသော် ကေန် ဖြစ်သည်သာလျှင်တည်း၊ မဖြစ်သည် မဟုတ်။

အဆက်ဆက် အကျိုးသည်ကား အနေကန် အကျိုးမည်၏၊ မှန်၏၊ ယင်းအကျိုးသည် ထိုအကြောင်းရှိသော်လည်း ဖြစ်သည် မှုလည်း ရှိ၏၊ မဖြစ်သည်မှုလည်း ရှိ၏၊ ထိုတွင် ကေန် အကျိုးကို စွဲ၍ ထိုအကြောင်းသည် ကေန် အကြောင်းမည်၏၊ ထိုအကြောင်း ကိုသာလျှင် ဤပဋ္ဌာန်းကျမ်းကြီး၌ ဟောတော်မူအပ်၏၊ ထိုကြောင့်သာလျှင် ဤ ၂၄-ပစ္စည်းအပေါင်းနှင့် ဤ မဟာ ပကရဏကို ပဋ္ဌာန်းကျမ်းဟူ၍ ဆိုအပ်၏။

ထိုအရာ၌ ယောကျ်ားတယောက်အား ဥစ္စာရခြင်း အကျိုး ငှာ လောဘဖြစ်၏၊ သူသည် လောဘ၏ အစွမ်းအားဖြင့် ထ၍ တောသို့သွား၏၊ တခုသောအရပ်၌ လယ်, ယာ, ဥယျာဉ်ကို ပြု၏၊ ထို၌ ကောင်းစွာ ပြည့်စုံကုန်သည်ရှိသော် ထိုယောကျ်ား သည် များစွာသော ဥစ္စာ စပါးတို့ကို ရ၍ မိမိလည်း သုံးဆောင်၏၊ သားမယားတို့ကိုလည်း လုပ်ကျွေး၏၊ ကောင်းမှု တို့ကိုလည်း ပြု၏၊ ကောင်းမှု၏ အကျိုးကိုလည်း နောင်အခါ ခံစားရလိမ့်မည်။

ထို ဥဒါဟရဏ်၌ လောဘဇောနှင့် တကွဖြစ်သော နာမ်ရုပ် တရားတို့သည် မုချအကျိုးတို့ မည်ကုန်၏၊ ထိုမှနောက် အနာဂတ် ဘဝ၌ ကောင်းမှု၏ အကျိုးတို့ကို ခံစားရသမျှ အကျိုး

အဆက်ဆက်တို့သည် ထိုလောဘ၏ အကျိုးဆက်တို့ မည်ကုန်၏၊ ထိုအကျိုးနှင့်ပါးတို့တွင် မုချ အကျိုးကိုသာလျှင် ပဌာန်ကျမ်း၌ ဆိုအပ်၏၊ အကျိုးဆက်ကိုကား သုတ္တန်နည်းဖြင့် ဆိုအပ်၏၊ ထိုစကား၌ ဤအကြောင်းရှိသော် ဤအကျိုးဖြစ်၏၊ ဤ အကြောင်းဖြစ်ခြင်းကြောင့် ဤအကျိုးဖြစ်၏၊ ဤသို့ သဘော ရှိသော ကြောင်းကျိုး ပြသောနည်းသည် သုတ္တန်နည်း မည်၏။

နည်းတပါးကို ဆိုဦးအံ့၊ လောဘ, ဒေါသ, မောဟ- ဤတရား သုံးပါးတို့သည် အလုံးစုံသော သတ္တလောက, သင်္ခါရ လောက, ဩကာသလောက၏ ပျက်စီးခြင်းငှာ အကြောင်း ဖြစ်သော အနက်ကြောင့် ဟိတ်မည်ကုန်၏၊ အလောဘ, အဒေါသ, အမောဟ- ဤတရား သုံးပါးတို့သည် လောက သုံးပါး၏ ပြည့်စုံခြင်းငှာ အကြောင်းဖြစ်သော အနက်ကြောင့် ဟိတ်မည်ကုန်၏၊ ဤနည်းကို ခပ်သိမ်းသော ပဌာန်းပစ္စည်းတို့၌ ထိုက်သည်အားလျော်စွာ သိအပ်၏၊ ဤဆိုခဲ့သည့်အတိုင်း ဖြစ်သော် လောက၌ ခပ်သိမ်းကုန်သော လောက၏ ဖြစ်ခြင်း တို့သည် ၂၄-ပစ္စည်းတို့၏ မုချ အကျိုးနှင့်တကွ အကျိုးဆက် တို့သည်သာလျှင် ဖြစ်ကုန်ဟု သိအပ်၏၊ ဤသို့သော ဆုံးဖြတ် ခြင်းကို မှတ်အပ်၏။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ၂၄-ပစ္စည်း တို့၏ အနက်ကို ပြကြောင်းဖြစ်သော **ပစ္စယတ္ထဒီပနာပိုင်း**, ၂၄- ပစ္စည်းတို့၏ သဘောတူရာ ရေတွက်၍ ပြကြောင်းဖြစ်သော **ပစ္စယ သဘာဂ သင်္ဂဟပိုင်း**, ၂၄-ပစ္စည်းတို့၏ တခု-တခုသော ပစ္စယုပ္ပန်၌ ထိုက်သည်အားလျော်စွာ ပေါင်းဆုံ ပါဝင်ပြုပြင် ဆက်ဆံကြသော ပစ္စည်းတို့ကို ညွှန်ပြရာ ညွှန်ပြကြောင်းဖြစ်သော

**ပစ္စယ သဋ္ဌနာနည်း အပိုင်း**–ဤသို့ အပိုင်းသုံးပါးတို့ဖြင့် ပိုင်းခြားအပ်သော ပဋ္ဌာနုဒ္ဒေသ ဒီပနီမည်သော ကျမ်းသည် ပြီးဆုံးခြင်းသို့ ရောက်၏။

မြန်မာနိုင်ငံ မုံရွာမြို့–လယ်တီတောရ ကျောင်းတိုက်၌ သီတင်းသုံးနေလေ့ရှိသော မဟာထေရ်သည် ဤပစ္စယုဒ္ဒေသ ဒီပနီကျမ်းကို ပြုစီရင်တော်မူအပ်ပြီ။

လန်ဒန်မြို့ ဗုဒ္ဓပါဠိဘာသာ အသင်း၏ အတွင်းရေးမှူးဖြစ်သူ မစ္စစ် ရိုက်စ် ဒေဗစ် အမ်အေ တောင်းပန်ချက်အရ လယ်တီဆရာတော် စီရင်ရေးသားသော ပဋ္ဌာနုဒ္ဒေသ ဒီပနီပါဠိကို ပဌမကျော် အရှင်ဉာဏထေရ် အတ္ထယောဇနာ ပြန်ဆိုပို့ချသော နိဿယနှင့် တိုက်ဆိုင်တည်းဖြတ်၍ မြန်မာစကားပြေသက်သက် ပြန်ဆိုချက်ဖြစ်သော **ပဌာန်းအလင်းပြ** ကျမ်းသည် ဤတွင် ပြီးမြောက်အောင်မြင်ပါသတည်း။

သော်ဇင်

၉-၉-၇၀

# မြင်သာ စာအုပ်တိုက်

## စာပေသမိုင်း

ပျင်းသူအား အတတ်ပညာ ဘယ်မှာ ရအံ့နည်း၊
အတတ်မရှိသူအား ဥစ္စာ ဘယ်မှာ ရအံ့နည်း၊
ဥစ္စာမရှိသူအား မိတ်ဆွေ ဘယ်မှာ ရအံ့နည်း၊
မိတ်ဆွေမရှိသူအား ချမ်းသာ ဘယ်မှာ ရအံ့နည်း၊
ချမ်းသာမရှိသူအား ကောင်းမှု ဘယ်မှာ ရအံ့နည်း၊
ကောင်းမှုမရှိသူအား ငြိမ်းချမ်းမှု ဘယ်မှာ ရအံ့နည်း။

—လောကနီတိ

ယခုအခါ စာဝါ ရင့်ကျက်သူတို့သည် လေးလေး-နက်နက် အတွေးအခေါ်နှင့် ပတ်သက်သော အကျိုးပြု စာပေတို့ကို ကြည့်ရှု လေ့လာရန် လိုလား တောင့်တနေကြ၏၊ သို့ရာတွင် ထိုစာပေတို့မှာ အများအားဖြင့် လွယ်ကူခြင်း မရှိလှချေ၊ ခက်ခဲ နက်နဲသည်သာ များ၏၊ စင်စစ် အဖိုးထိုက်တန်သော ကျောက် မျက် ရတနာမှန်ကို လွယ်လင့်တကူ မရနိုင်သကဲ့သို့ ပင်တည်း၊ မြတ်စွာဘုရား သခင်ကလည်း—"အဖိုးလည်း ထိုက်တန်သော, အတုမဲ့လည်း ဖြစ်သော, တွေ့မြင်ရန်လည်း ခက်ခဲသော, သူမြတ်တို့ အသုံးအဆောင်လည်း ဖြစ်သော အရာကို ရတနာ ခေါ်၏" -ဟု မြွက်ကြားတော်မူခဲ့၏၊ လူသာမန်တို့ကား

ကျောက်ခဲကို ရတနာ ခေါ်ဆိုကြ၏၊ သူမြတ်တို့၏ ရတနာမှာ **စာပေ**ဖြစ်၏၊ စာပေရတနာသည် အဖိုးထိုက်တန်၏၊ အတုမဲ့ ဖြစ်၏၊ တွေ့မြင်နိုင်ရန် ခက်၏၊ သူမြတ်တို့ အသုံးအဆောင် ဖြစ်၏၊ ယင်းရတနာကို လူတိုင်းလွယ်ကူစွာ ကြည့်ရှုလေ့လာနိုင် စေရန်အတွက် **မြင်သာစာအုပ်တိုက်** ပေါ်ထွက်လာခြင်း ဖြစ်၏၊ စာပေ ဝါသနာရှင်တို့၏ ဘုန်းကံဟုလည်း ဆိုနိုင်ပါသည်၊ ဘုန်းကံရှင်တို့၏ ထံမှောက်သို့ မှန်မြတ်သော ပစ္စည်းဥစ္စာ ရတနာ တို့ လွယ်ကူစွာ ရောက်လာနိုင်သကဲ့သို့ စာပေဝါသနာရှင်တို့၏ ဘုန်းကံကြောင့် မြင်သာစာအုပ်တိုက် ပေါ်ပေါက်လာခြင်း ဖြစ်၏၊ မြင်သာသည် လေးလေးနက်နက် အတွေးအခေါ်နှင့် ပတ်သက်သော အကျိုးပြု စာပေတို့ကို လွယ်ကူစွာ ရှုမြင်သာ အောင် ကြံဆောင်ပေးမည် ဖြစ်ပါသည်၊ မြင်သာသည် စာအုပ် ကောင်း၏အမှတ်လက္ခဏာ ဖြစ်၏၊ မိမိ၏ အခိုက်အတန့် ဖြစ်သော အလိုဆန္ဒနှင့် သဘော မတိုက်ဆိုင်ဘဲ ဖြစ်ကောင်း ဖြစ်မည်၊ ဖြင်လည်း ဖြစ်နိုင်ပါသည်၊ သို့ရာတွင် စာအုပ်ကောင်း တအုပ် ဖြစ်ကြောင်းကိုကား ဝန်ခံလိမ့်မည်ဟု ယုံကြည်ပါသည်၊ မြင်သာ စာအုပ်တိုက်ကို 'မန်လည် ဆရာတော်ဘုရားနှင့် အသောကမင်း ညှန်ကြားသော သုတ္တန်များ' အမည်ရှိသော စာအုပ်နှင့် စတင် ဖွင့်လှစ်ပါသည်၊ သို့ရာတွင် ဤဩ စာပလေ့တိုက်ထုတ် စာအုပ် များနှင့် ပူးတွဲ ပေါင်းစပ် ထားလိုက်ပါသည်၊ သို့ကြောင့် **စာပလေ့**ကို အမည်နာမနှင့် နေရာဌာန ပြောင်းလိုက်သော **မြင်သာ**ဟု ဆိုလိုက ဆိုနိုင်ပါသည်။

မြင်သာ၏ ခံယူချက်မှာ ရှေးအခါက နယ်ချဲ့ကို မောင်းနှင်ခဲ့ သည့် ပြည်သူ့ ကြွေးကြော်သံ ဖြစ်သော **အမျိုး=ဘာသာ=**

**သာသနာ** ဖြစ်၏၊ ပြည်တောင်စုမြန်မာနိုင်ငံ အတွင်းရှိ တိုင်းရင်း အမျိုးသား, ဓလေ့ထုံစံ ယဉ်ကျေးမှု ဘာသာစကားနှင့် ယုံကြည် ကိုးစားမှု အဆုံးအမတို့ကို လေးစားမြတ်နိုးမည် ဖြစ်၏၊ ထိုသို့ လူတိုင်း လေးစားမြတ်နိုးလာအောင်လည်း ကြိုးစားမည် ဖြစ်၏၊ မြင်သာတိုက်ထုတ် စာအုပ်တို့မှာ အမျိုးသားတို့ အကျိုးစီးပွား ဖြစ်ထွန်းစေရန်, ယဉ်ကျေးမှု ဘာဘာစကား တိုးပွားစေရန်နှင့် ယုံကြည်ကိုးစားမှု အဆုံးအမ ဩဝါဒ မှန်ကန်စေရန်တို့ ဖြစ်လိမ့် မည်ဟု ဆိုလိုရင်း ဖြစ်ပါသည်၊ ထိုစကား ဟုတ်-မဟုတ်, မှန်-မမှန် ကို မြင်သာ၏ အတိတ်, ပစ္စုပ္ပန်, အနာဂတ် လုပ်ရပ်များဖြင့် အကဲခတ် ဝေဘန်ကြပါကုန်။

အတတ်ပညာနှင့်တူသော ဥစ္စာမရှိ၊ အတတ်ပညာကို ခိုးသူတို့ မယူနိုင်ကုန်၊ အတတ်ပညာသည်ကား ဤလောက၌ အဆွေ ခင်ပွန်းဖြစ်၏၊ တမလွန်လောက၌ ချမ်းသာကို ဆောင်တတ်၏၊

အကြားအမြင် ပညာကို နည်း၏ဟု မအောက်မေ့ရာ၊ စိတ်၌ ထားရာ၏၊ တောင်ပို့ကဲ့သို့၎င်း, ရေပေါက်သည် ကျဖန်များစွာ ရှည်ကြာသဖြင့် ပြည့်သကဲ့သို့၎င်း-တည်း၊ အတတ်ပညာကို ငယ်၏ဟု မအောက်မေ့ရာ၊ ကုန်စင်အောင် တတ်မှုကား တခု သော အတတ်သည်လည်း အသက်မွေးဝမ်းကျောင်း ဖြစ်သည် သာ၊ တောင်-တောင် ဟူသမျှ၌ ပတ္တမြားမရှိ၊ ဆင်-ဆင် ဟူသမျှ၌ အမြုတေ မရှိ၊ အရပ်-အရပ်တိုင်း၌ ပညာရှိ သုခမိန် မရှိချေ။

—လောကနီတိ

၁–ဓမ္မပဒ ပိဋကတ် သုံးပုံထဲတွင် စာအုပ် တအုပ်၏ အမည်ကို ပြောစမ်းပါဟု ဆိုလာလျှင် အထစ်အငေါ့ မရှိဘဲ ဓမ္မပဒကို ညွှန်ပြလိုက်မည်၊ အကြောင်းကား ယင်းသည် စာပေလောကတွင် တခုတည်းသော အကောင်းဆုံး စာအုပ်ဖြစ်၍ အကျွန်ုပ်အား အထူး ကျေးဇူးများသောကြောင့် ဖြစ်သည်၊ နှစ်ပေါင်း လေးဆယ်ကျော်အတွင်း ကံမကောင်း အကြောင်း မသင့်၍ စိတ်နှလုံး ပူပန်ဆင်းရဲခြင်းဖြစ်သည့် အခါတိုင်း သူသည် ကျွန်ုပ်အား သစ္စာရှိသော မိတ်ဆွေကောင်းတယောက် အဖြစ်ဖြင့် ဖြေဖျော်ခဲ့ပါသည်၊ မနိုင်းယှဉ်လောက်အောင် လှပသော ဂါထာတို့သည် အကြံဉာဏ်ပေးရန်အတွက် ဖြစ်စေ, ဂုဏ်သတင်း ကျော်စောပျံ့သင်းရန် ဖြစ်စေ, ထိုးထွင်း သိမြင်ရန်အတွက် ဖြစ်စေ– ဘယ်ဘက်ကမျှ အချည်းနှီးသက်သက် မဖြစ်၊ တခုခုအတွက် အကျိုးသက်ရောက်သည် သာတည်း၊ အင်္ဂလိပ်လို ဓမ္မပဒ ဘာသာပြန်စာအုပ်တွင် သီဟိုဠ်ကျွန်းသား ဒေါက်တာကသိယပ် အေပရဲရာဆိုသူ၏ ရေးသားချက်ဖြစ်၏၊ ကမ္ဘာအရပ်ရပ်တွင်၎င်း, မြန်မာနိုင်ငံတွင်၎င်း ဓမ္မပဒ ဘာသာပြန်စာအုပ် အများအပြား ထွက်ပေါ်လျက် ရှိ၏၊ ထိုထိုစာအုပ်တိုင်းတွင် ဓမ္မပဒ၏ ဂုဏ်တို့ကို အစွမ်းရှိသလောက် ထုတ်ဖော်ကြ၏၊ သို့ရာတွင် သူ၏ဂုဏ်တို့မှာ မကုန်နိုင်အောင် များပြားလျက်ပင် ရှိ၏၊ ဆာရာဓာကရိသျှဏ ဆိုသူကမူ 'ကမ္ဘာသား အချင်းချင်း, ယဉ်ကျေးမှု အချင်းချင်း—တဦးနှင့်တဦး, တခုနှင့်တခု နားလည် ဆက်စပ်ညီညွတ်မှုအတွက် ဓမ္မပဒကို ဘာသာ ပြန်ပေးသင့်သည်'–ဟု ပြောပြ၏၊ လူတိုင်း–လူတိုင်း ဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်၏။ အဖိုး ၃-ကျပ်။

**၂-စာဥယျာဉ်** ဤစာအုပ်၏ သမိုင်းချုပ်ကိုကား ကြေးမုံသတင်းစာ စာကြေးမုံမှ ကောက်နုတ် ဖော်ပြပါမည်-ဘာသာရေးနှင့် စာပေကြောင်းရပ် မျိုးစုံကို ရေးသော ဦးသော်ဇင် အမည်အပြင် အခြားကလောင် အမည်တခု ရှိသေး၏၊ ဥယျာဉ်မှူးဖြင့် ကဗျာ ဂီတကြောင်းရပ် မျိုးစုံကို ရေး၍ တိုင်းရင်းမေကဗျာ့ဥယျာဉ်ကို ကိုင်သည်၊ ယခုစာဥယျာဉ်တွင်မူ သူပိုင်သမျှဥယျာဉ်ကြီး တခုလုံးကို ဖွင့်ပြလိုက်သည်ဟု ဆိုရဘို့ ရှိသည်၊ အိုးစည် မောင်မယ်ရုပ်ဖြင့် စာဥယျာဉ်ကို ဖွင့်၍ မုခ်ဦးဖွင့်ပွဲအခန်းကို မြန်မာ့ အခြေအမြစ် ကဗျာဂီတ အသံ ရိုးရာ သွင်ပြင် ပေါ်အောင် စိန်ဗေဒါလက်သံကဲ့သို့ အကွက် စိပ်စိပ်ရေးသည်၊ ကဗျာပုံစံသစ်ကို ဆွေးနွေးသည်၊ ပုံစံနှင့် အကြောင်းရပ်ကို တင်ပြသည်၊ ဒုတိယအခန်းတွင် စောင်းသို့ကူး၏၊ မြန်မာ့အခြေခံစောင်းဖြင့် မြန်မာ့ဟန် မြန်မာ့အသံ စစ်စစ် ပေါ်အောင် စောင်းကို စာဖြင့် ညှိ၍ဖော်သည်၊ ကဗျာခြောက်ဆယ် တတိယကဏ္ဍတွင်လည်း ထူးခြား၏၊ 'ခြောက်ဆယ်' ဟု ဆိုရုံမျှဖြင့် ကာဠုဒါယီ ဂါထာခြောက်ဆယ်ကို သိကြပြီး ဖြစ်သည်၊ သို့ရာတွင် ဥယျာဉ်မှူး၏ခြောက်ဆယ်မှာ ထူး၏၊ အများသိကြသော ရှင်ဥတ္တမကျော်, ရှင်အုန်းညိုတို့အပြင် စိတ်ကူးယဉ်လောကီဆန်လွန်းသဖြင့် ပိဋကတ်သမားတို့ ခပ်ဖယ်ဖယ်ပြုထားခံရသော ရှင်ဗုဒ္ဓဒတ္တ၏ 'ခြောက်ဆယ်'ကို သူ့နည်းသူ့ဟန်ဖြင့် ထုတ်ပြသည်၊ မေဃဒူတ, ရတုသံဟာရ တည်းဟူသော ကာလိဒါသ၏ မိုးတိမ်တမန်, ရာသီဖွဲ့တို့မှာကား သက္ကတနိုင်ပြီးသော ဥယျာဉ်မှူး၏ ကျက်စားရာဖြစ်၏၊ တဂိုး၏ 'ဂီတဥ္စလိ'မှာ ဗမာ့စာပေလောကတွင် ထင်ရှားပြီး ဖြစ်သော်လည်း ဥယျာဉ်မှူး

၏ ယခု ဂီတဥ္စလိမ္မာ ဟိန္ဒူမှ တိုက်ရိုက်ယူပေးခြင်း ဖြစ်၏၊ သို့နှင့် စာဥယျာဉ်သည် စာသမား၊ ကဗျာသမား၊ ဂီတသမားတို့ အတွက် ရင်ဝယ်ပိုက်အပ်သော မြက်နိုးဘွယ် စာအုပ်တအုပ် ဖြစ်လာ၏၊ အဖိုး ၅-ကျပ်။

[ဤစာအုပ်သည် ၁၉၆၉-ခုနှစ် အမျိုးသားစာပေဆု ရွေးချယ်ရာတွင် စာပဒေသာဆု ချီးမြှင့်ခြင်း ခံရ၏။]

**၃—မိလိန္ဒပဥှာ** ဗုဒ္ဓဓမ္မကို လေ့လာပါလျှင် ပြဿနာပေါင်း များစွာ ဝန်းရံနေ၏၊ မြတ်စွာဘုရား ထင်ရှား ရှိခဲ့ဘူးပါသလား၊ သူသည် လောကတွင် အမြတ်ဆုံးလော၊ အလုံးစုံကို အကုန် သိသလော၊ သဗ္ဗညုတ ဉာဏ်ရှင်လော၊ ကုသိုလ်–အကုသိုလ် ကံတို့ ရှိပါသလော၊ ထိုကံတို့၏ အကျိုးဖလ အာနိသံသ ရှိပါ သလော၊ ရှေးဘဝ၊ နောက်ဘဝ ရှိပါသလော၊ နိဗ္ဗာန်သည် အဟုတ်တကယ် ချမ်းသာသလော၊ ဝိပဿနာလုပ်ငန်း မှန်ကန် သလော၊ ရဟန်းပြုခြင်းသည် ဘယ်အကျိုး ရှိသနည်း၊ ဗုဒ္ဓအား ပူဇော်၍ အကျိုးရှိနိုင်မည်လော၊ ပရိတ်ရွတ်၍အန္တရာယ်ကင်းပါ မည်လော၊ ဤသို့ အစရှိသော ပြဿနာအသီးသီး၊ ယုံမှားခြင်း အသွယ်သွယ်တို့ဖြင့် ရှုပ်ထွေးပွေရှက် အသိခက်နေ၏၊ ဤယုံမှား သင်္ကာ ပြဿနာတို့သည် ယခုခေတ်ရောက်မှ ပေါ်ပေါက်သည် မဟုတ်၊ ရှေးနှစ်ပေါင်း တထောင်ကျော် နှစ်ထောင်နီးပါးကပင် လူတိုင်း၏ ဦးနှောက်ကို တီးခေါက်နေကုန်၏၊ ထိုထို ပြဿနာ တို့၏ တခုတည်းသော အဖြေမှာ မိလိန္ဒာပဥှာ ဖြစ်၏၊ စင်စစ် မိလိန္ဒာပဥှာသည် ထိုမှတပါး ရာပေါင်းများစွာသော ပြဿနာ တို့သို့ အာဂမ သဘာဝ ယုတ္တိပေါင်း များစွာတို့ဖြင့် ရှင်းလင်း

ဖြေဆိုထား၏၊ မိလိန္ဒာပဉှာ ပါဠိတော်ကြီးကို လူတိုင်း ဖတ်ရှုလေ့လာနိုင်စေရန် ဆရာဦးသော်ဇင်က ခေတ်မှီအရေးအသားဖြင့် အကျဉ်းချုပ် ပြန်ဆို၏။ အဖိုး ၄-ကျပ်။

**၄-နန်းစဉ်ပုစ္ဆာ** သက္ကရာဇ် ၁၁၁၅-ခုနှစ် ပဌမ ဝါဆိုလအတွင်း ကုန်းဘောင်ပြည် ရတနာသိင်္ခမြို့တော် ထီးကနက်ကို တည်ရပ်မိလျှင်ပင် ပြည်တော်တည်စဦး မင်းတရားကြီးသည် ဆရာတော်ကို လျှောက်ထားသည်ကား-တကာတော် လျှောက်သည် ဆရာတော်-လူတို့တွင် ဖွားသက္ကရာဇ် ဇာတာအမှတ်အသားမရှိသောသားကို သူကောင်းသားပင် ဖြစ်သော်လည်း အမှတ်အသား အစဲ့မရှိသော အရိုင်းသား ကျွန်သားဟူ၍ ထင်မှတ်သမုတ်ကြကုန်၏၊ ရာဇဝင်သမိုင်းမော်ကွန်းစသော ထားမြဲထုံးစံအစဉ်မရှိသော မြို့ပြည်ရွာတို့ကိုလည်း ထီးဆောင်းမင်း နေပြည်တော်ပင် ဖြစ်သော်လည်း မြို့ကြမ်းပြည်ကြမ်း မင်းကြမ်းဟူ၍ သမုတ်ကြကုန်၏၊ တကာတော့်ပြည် တကာတော့်မြို့ကိုလည်း သမိုင်းမော်ကွန်း မထားပါလျှင် နောင်မထင်မရှား လူသာမညတို့ ပြုမိပြုရာ ပြုလုပ်လေသည်ဟု သမုတ်လေတော့မည်၊ ရှေးသာသနာပြု ပြည်ထောင်မင်း ကေရာဇ်တို့ မြို့ပြည်ရွာ၌ ထုံးစံအစဉ်အတိုင်း မြို့သမိုင်း မော်ကွန်း သာသနာရေးကို သာသနာပြုမင်းဆက် အမေးပုံ အရေးပုံတို့ကို အကုန်အစင် စီရင်တော်မူပါကုန်-ဟု မဟာဒဏ် ဇေယျရန်အောင် အမိန့်တော်ပြန် လျှောက်လာသည် ဖြစ်၍ ဆရာတော် အမိန့်ရှိသည်မှာ-"အရေးတော်ပုံမှာ လောကဝတ် သက်သက် စစ်မှုအရာ ဖြစ်ခဲ့သည်၊ ဆရာတော် မစီရင်ချင်ပါ၊ သင့်ရာ ခိုင်းစေတော်မူပါတော့၊ ကျွန်သမျှတို့ကို

ရှေးသူဟောင်း ပညာရှိတို့ ထုံးစံအစဉ်အတိုင်း စီရင်တော်မူပါမည်”-ဟု ဝန်ခံပြီးလျှင် ယင်းဝန်ခံသည့်အတိုင်း ကိုယ်တော်ရှိစဉ်မြို့သမိုင်း မော်ကွန်းနန်းစဉ် မင်းကျင့် ရာဇသတ် မင်းဆက်သာသနာဆက် ဆရာဆက် သံဃိက အဆုံးအဖြတ်တို့ကို စီရင်၍ဆက်သွင်းမိ၏၊ မင်းဆက်သမိုင်းနှင့် နန်းစဉ်မေးတမ်း ပုစ္ဆာခုနစ်ရာတို့ကို မသွင်းမိ၍ သက္ကရာဇ် ၁၁၂၈-ခု သားတော်ကြီးဆင်ဖြူရှင် လက်ထက်မှ စာကိုယ်ကို သွင်းမိ၏၊ အဖြေကို မသွင်းမိ၍ သက္ကရာဇ် ၁၁၃၀ ပြည့်နှစ်မှ အဖြေကို စီရင်သည်၊သိကြားမင်းမေး၍ မြတ်စွာဘုရားဖြေသော အမေးအဖြေသည်သက္ကပဉ္စသုတ်ဟု ထင်ရှား၏၊ မိန္ဒမင်း မေး၍ ရှင်နာဂသိန်ဖြေသော အမေးအဖြေသည် မိလိန္ဒပဥှာဟု ထင်ရှား၏၊ နန်းစဉ်ပုစ္ဆာကား အလောင်းဘုရား မေးသော ပုစ္ဆာ ၅၇-ရပ်တို့ကိုမဟာအတုလဆရာတော် ဖြေဆိုသောကျမ်းဖြစ်၏၊ ယောနကတိုင်းက မိလိန္ဒမင်းနှင့် မြန်မာနိုင်ငံ ကုန်းဘောင် ပြည်ကြီးကအလောင်း မင်းတရားကြီးကို နှိုင်းယှဉ်ကြည့်နိုင်၏၊ ထိုအတူရှင်နာဂသေနနှင့် အတုလဆရာတော်၊ အလောင်းမင်းကားရိုးရိုးစင်းစင်းနှင့် ပွင့်လင်းသကဲ့သို့ အတုလ ဆရာတော်၏ ဖြေပုံလည်း ပြည့်စုံရှင်းလင်း၏၊ ဗုဒ္ဓဓမ္မ၏ အနှစ်သာရတို့ဖြင့် ပြည့်ဝနေပါသည်။ အဖိုး ၃—ကျပ်။

၅-**မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ** ရှေးအခါကရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်သည် ဇိနတ္ထပကာသနီ ကျမ်းကြီးကို စီရင်တော်မူခဲ့၏၊ ထိုကျမ်းကြီးသည် ထိုစဉ်အခါက လူတို့အတွက် အဖိုးအနဂ္ဃ ထိုက်တန်လှပေ၏၊ ထို့ကြောင့် ထိုကျမ်းကြီး

ကို အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ခဲ့ရ၏၊ ဗုဒ္ဓသာသနာ၏ အရိပ် အဝါသအောက် ခိုလှုံသူမှန်သမျှ ထိုကျမ်းကြီးကို လေးစားကြ၏၊ ထိုကျမ်းကြီးကြောင့် ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာတို့ကို သိကြရ၏၊ ဆရာသမား မိဘဘိုးဘွားတို့ ပြောစကားကို အဆက်ဆက် ကြားနာ၍ ယခုခေတ်လူတို့လည်း မတွေ့မမြင်ဘူးစေကာမူ ဇိနတ္ထကို သိကြ၏၊ သို့ရာတွင် သူတို့ လက်လှမ်းမမှီကြချေ၊ စာအုပ် ကြီးမားခြင်း, အဖိုးနှုန်း ကြီးမြင့်ခြင်းနှင့် စာရေးဖွဲ့ပုံ ရှေးကျခြင်းတို့ကြောင့် ဖြစ်၏၊ ထို့ပြင် အတိတ်ဇာတ်လမ်းတို့ကလည်း သိပ္ပံပညာ အလေးထားသော ခေတ်လူအတော်များများကို ရှောင်ရှားစေခဲ့၏၊ ဤအကြောင်းတို့ကို တွေ့မြင်ရ၍ ဆရာဦးသော်ဇင်သည် မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ စာအုပ်ကို စီစဉ်ခြင်းဖြစ်၏၊ ဤစာအုပ်ကို စနစ်သစ်ဇိနတ္ထပကာသနီဟု ဆိုလျှင် မမှားချေ၊ ဘုရားလောင်း ဖွားမြင်သည်က စ၍ ပရိနိဗ္ဗာန် ဝင်စံသည့်တိုင်အောင် တပိုင်း၊ ထို့ပြင် ပထမသံဂါယနာတင်သည်မှ မြန်မာပြည်သို့ သာသနာဝင်လာသည့် တိုင်အောင် တပိုင်းအားဖြင့် အပိုင်းကြီး နှစ်ပိုင်းခွဲကာ ဗုဒ္ဓဘဝကို သူ၏ ဘိက္ခု, ဘိက္ခုနီ, ဥပါသက, ဥပါသိကာ လေးပါးတို့ဖြင့် တန်ဆာဆင်ကာ တင်ပြထား၏၊ တောင်ပိုင်း ထေရဝါဒီတို့၏ အာဘော်ကျ ပြည့်စုံ ခိုင်လုံ၍ ဖတ်ကောင်းသော ဂေါတမ ဗုဒ္ဓဝင်ဟုလည်း ခေါ်ဆိုနိုင်၏။ အဖိုး ၅-ကျပ်။

၆— **ဟိန္ဒူဒဿန** အိန္ဒိယတိုင်းသား ဟိန္ဒူလူမျိုးများတွင် 'ဆဒဿန'ဟု ခေါ်သော ကမ္ဘာကျော် ဒဿန ခြောက်ခေါင် ရှိ၏၊ ယင်းတို့မှာ (၁) သင်္ချ ဒဿန, (၂) ယောဂ ဒဿန,

(၃) ဝိသေသိက ဒဿန, (၄) နျာယ ဒဿန, (၅) မီမံသာ ဒဿနနှင့် (၆) ဝေဒန္တ ဒဿနတို့ ဖြစ်ကုန်၏၊ ဤဒဿန ခြောက်စောင်၏ အပည်ကို သိရုံမျှဖြင့်၊ ရှေးအခါက မြန်မာ စာပေတို့တွင် မှားယွင်းနေသော အကြောင်းအရာ အချို့ကို အမှန်ရောက်အောင် ပြုပြင်နိုင်၏၊ ယင်းဒဿန ခြောက်စောင်ကို ဆရာပါရဂူနှင့် ဆရာဦးသော်ဇင်က ကိုယ့်နည်း ကိုယ့်ဟန်နှင့် အသီးသီး ရှင်းပြကြ၏၊ ဟိန္ဒူဝါဒ၏ ပဓာန မဏ္ဍိုင်မှာ အာတမာခေါ် အတ္တဖြစ်၏၊ အချို့သည် အတ္တကို ငြင်းပယ်၍ အချို့က လောကတွင် အတ္တမှတပါး ဘာမျှမရှိဟု ယုံကြည်၏၊ ဗုဒ္ဓဝါဒလည်း အတ္တကိုပင် အခြေခံ၏၊ ထိုကြောင့် ဆရာ ဦးသော်ဇင်သည် ရှေးဦးစွာ ဟိန္ဒူတို့၏ အတ္တကို အသေးစိပ် ရှင်းပြ၏၊ ထိုနောက်မှ အဆိုပါဒဿန ခြောက်ပါးကို အစဉ် အတိုင်း ဖွင့်ဆိုသွား၏၊ ဒဿနတိုင်းကို အကျဉ်းချုပ်, အလယ် အလတ်နှင့် အကျယ်ဟု သုံးမျိုးခွဲကာ ဖော်ပြထား၍ ခက်ခဲ နက်နဲသော်လည်း သဘော ပေါက်နိုင်လောက်၏၊ ဟိန္ဒူဒဿန တို့ကို လေ့လာခဲ့ဘူးသော ပါမောက္ခကြီး တဦးကမူ ဟိန္ဒူ ဖီလိုဆိုဖီတွေကို အင်္ဂလိပ်လို ဖတ်ခဲ့ဘူးတယ်၊ သဘော မပေါက် ခဲ့ဘူး၊ ယခု ဦးသော်ဇင်၏ ဟိန္ဒူဒဿန ဖတ်ရမှ ဘဝင်ကျတဲ့ အကြောင်း ပြောပြ၏၊ ဟိန္ဒူဒဿနမှာ စာပေအနေသာမဟုတ်, မျက်နှာဖုံးကလည်း ဒဿန ဆန်လေသည်။ အဖိုး ၂-ကျပ်။

၇—**စွယ်စုံကျော်ထင်** ကျည်းကန်ရှင်ကြီး၏ အမေးပုစ္ဆာ ပြဿနာတို့ကို ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော် ဖြေ ဆိုသော အမေး-အဖြေ ကျမ်းကြီးဖြစ်၏၊ ကျည်းကန်ရှင်ကြီး

သည် လောကတခွင် ပြုံပြုံစင်အောင် မွှေနှောက် ချောက်ခြားပြီး ကပ်သီး-ကပ်သပ် ပြဿနာ ပြုလုပ်ထား၏၊ ယင်းကို ကျီးသဲ ဆရာတော်က မပြေ-ပြေအောင် ကြံဆောင်ဖြေဆို၏၊ တချို့ပုစ္ဆာ တို့တွင် မေးသည်ထက်ပင် စေတနာပို၍ ဖြေဆို၏၊ အယောက် အယားပေါင်း အမြောက်အများ ပြ၍ဖြေကြား၏၊ သို့ကြောင့် စွယ်စုံကျော်ထင်ကို ပထမနှင့်ဒုတိယဟူ၍ နှစ်အုပ်ခွဲပြီးထုတ်လုပ် ရ၏၊ ထိုကျမ်းကြီးကို မြင်ဘူး-တွေ့ဘူးသူပင် မများလှပါ၊ စာပေလိုက်စားသူ အနည်းငယ်သာ တွေ့မြင်ဘူး၏၊ ကိုတွင်လည်း ကောင်းစွာ လေ့လာနိုင်သူမှာ သာ၍ နည်းပါး၏၊ သို့ရာတွင် လူတိုင်းလိုလိုပင် ကြားဘူးကြ၏၊ ယခုအခါ နာမည်ကြီးလှသော မြန်မာ့စွယ်စုံဟူသော အမည်မှာ ထိုကျမ်းကြီးကို မှီငြမ်းထားခြင်း ပင် ဖြစ်၏၊ ဤမျှ နာမည်ကြီးသော်လည်း လေ့လာသူ နည်းလှ သဖြင့် ဆရာဦးသော်ဇင်က အမေးနှင့်အဖြေ ပြေလည်ရုံ ဖြစ်စေ ရန် အကျဉ်းချုပ် ပေးလိုက်၏၊ သို့ဖြင့် လူတိုင်းပင် စွယ်စုံ ကျော်ထင်ကို တွေ့မြင်နိုင်ခွင့် ရခဲ့၏၊ စွယ်စုံကျော်ထင်လိုသူများ ဤစာအုပ်ကို ဖတ်ရှုသင့်၏၊ ထိုမှတဆင့် မူရင်းစာအုပ်ထူကြီးကို လွယ်ကူစွာ ဖတ်ရှုနိုင်မည်၊ ဤစာအုပ်မှ သုတေသန နိဒါန်းမှာ ကောင်းမွန် ပြည့်စုံလှပါ၏။ အဖိုး ၆·ကျပ်။

**၈— စာပေရေးရာ အလင်္ကာ** မြန်မာနိုင်ငံတွင် ပါဠိလို အလင်္ကာကျမ်း တစောင်သာရှိ၏၊ ထိုကျမ်းကို သီဟိုဠ်ကျွန်းက ရှင်သံဃရက္ခိတ အမည်ရှိသော ရဟန်းတော်ပြုစု၏၊ မြန်မာ ပညာရှိတို့သည် ယင်းပါဠိ အလင်္ကာကျမ်းကို ခေတ်အလိုက် သူအမျိုး-ငါတဖုံနှင့် မျိုးစုံအောင် ပြန်ဆိုခဲ့ကြ၏၊ ထို့ကြောင့်

ဤကျမ်းမှ ပေါက်ဖွားသော မြန်မာပြန် အလင်္ကာကျမ်းတို့တို့ ရေတွက်ပြရန်ပင် မစွမ်းနိုင်ချေ၊ ဤစာပေရေးရာ အလင်္ကာလည်း ထိုပါဠိ အလင်္ကာကျမ်းကိုပင် အခြေခံ၏၊ သို့ရာတွင် ထိုထက် ပြည့်စုံ ကြွယ်ဝ၏၊ အကြောင်းကား ဆရာဦးသော်ဇင်သည် တက္ကတ,ဟိန္ဒီ,ဗင်္ဂလီ ဘာသာတို့ကိုပါ ကျွမ်းကျင်လေရာ ပါဠိ အလင်္ကာကျမ်း မှီငြမ်းသည့် သက္ကတ အလင်္ကာကျမ်းသာ မဟုတ်၊ ထိုမှတပါးသော အလင်္ကာကျမ်းတို့မှ အလင်္ကာတို့ကိုပါ ဖော်ပြထားသောကြောင့် ဖြစ်၏၊ ယခုအခါ စာသင်ကျောင်း တို့တွင် အလယ်တန်းလောက်မှ စ၍ အလင်္ကာဘာသာရပ်တို့ကို သင်ကြားနေကြလေရာ ဤစာအုပ်သည် အကောင်းဆုံး ကူညီ လျက်ရှိ၏၊ စာပေ ကဗျာ လင်္ကာတို့ကို ဂုဏ်မြောက်အောင် ရသ ပေါ်အောင် ရေးသားစီကုံးမှု အတွက် ဖတ်ရှု လေ့လာသင့်၏၊ ဤမျှ ပြည့်စုံကြွယ်ဝသော အလင်္ကာကျမ်းမျိုး မူလ သက္ကဘ, ဟိန္ဒီတို့မှာပင် မရှိသေးကြောင်း ဟိန္ဒူ ပဏ္ဍိတ်ကြီးတဦး ပြော ကြားဘူး၏။ အဖိုး ၄-ကျပ်။

**၉ — ရွှေဒဂုံဘုရား** သာမန်အားဖြင့် ဘုရားသမိုင်းဟု ခေါ် နိုင်ပါသည်၊ သို့ရာတွင် ထိုထို ဘုရားသမိုင်းတို့နှင့် ကွဲပြား စေရန် ခွဲခြားလိုက်သော အမည်ပင်ဖြစ်၏၊ ဘုရားသမိုင်းကို ခေတ်လူတို့ မျက်နှာလွှဲနေကြသည်၊ အကြောင်းကား များစွာ သော ဘုရားသမိုင်းတို့မှာ ပြည့်စုံခြင်း, ခိုင်လုံခြင်း, အစီအစဉ် ကျခြင်း စသည်တို့နှင့် ကင်းကွာသောကြောင့် ဖြစ်၏၊ သို့ဖြင့် ဤစာအုပ်ကို သိပ္ပံနည်းကျသော သဘာဝတို့ဖြင့် တန်ဆာဆင် ထားသည်ဟု မဆိုလိုပါ၊ သို့ရာတွင် ရွှေဒဂုံဘုရားနှင့် ပတ်သက်၍

အဘန်ပြည့်စုံသည်၊ ပမာဏ မြောက်သော အထောက်အထား ခိုင်လုံသည်၊ တင်ပြပုံ အစီအစဉ် ကျနသေသပ်သည်၊ ထို့ကြောင့် ဤစာအုပ်ကို ခေတ်လူတို့ လက်ခံကြခြင်းဖြစ်၏၊ ပြင်သစ်, အင်္ဂလိပ်, ရုရှ အစရှိသော ဘာသာသို့ ပြန်ဆိုနေကြ၏၊ နိုင်ငံ ရပ်ခြား တိုင်းတပါးသို့ သွားသူများ ဆောင်ယူသွားကြ၏၊ နိုင်ငံခြားနေ မိတ်ဆွေများထံ ပို့ပေးကြ၏၊ ထီးတော်နှင့် ပတ်သက်၍လည်း အတိအကျ သိရမည်၊ ထီးတော်ကြီးတွင် မည်သည့် ရတနာတို့ မည်မျှရှိသည်ကို အတိအကျ ဖော်ပြထား၏၊ ဘုရားသမိုင်းကို ဘယ်ပုံပြုစုသင့်သည်ဟု စံနမူနာအဖြစ် ပေါ်ထွက် လာသော ရွှေဒဂုံဘုရားဖြစ်၏၊ ရွှေဒဂုံဘုရားနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် အလုံးစုံ စုပုံနေပေသော မိမိ၏ စာအုပ်စင်တွင် အသင့်ရှိနေသင့်ပေသည်၊ အဖိုး ၂·ကျပ်။

**၁၀—ဝိသုဒ္ဓိမင်** တောင်ပိုင်း ဗုဒ္ဓသာသနာ ထေရဝါဒ်ဂိုဏ်းကို သမိုင်းတင်သည့် ထိပ်တန်း ကျမ်းပြု အကျော်အမော် ရှင်ဗုဒ္ဓဃောသ၏ လက်စွမ်းပြ ကျမ်းမြတ်တဆူဖြစ်၏၊ ဤကျမ်းကို ရေးအခါက ပါဠိစာပေ တတ်ကျွမ်းသော ပဟန်းတော်များသာ ကြည့်ရှုလေ့လာနိုင်၏၊ ထိုနောက် ကျိုက်ထို ဆရာတော်၏ ကြိုးပမ်းမှုကြောင့် မြန်မာစာဖတ် ပရိသတ်အချို့အား ကျေးဇူးများစေခဲ့၏၊ သို့ရာတွင် ပါဠိနည်းကျ ပြန်ဆိုထားပါ၍ ထိုသူတို့မှာ ပါဠိစာပေ ဘက်တွင်လည်း အဘန် သွက်လက်သူများဖြစ်ကြ၏၊ ဤဘာသာပြန်ကား လူတိုင်း ဖတ်ရှုနိုင်၏၊ဝိသုဒ္ဓိမင်ကို ကောင်းစွာ လေ့လာမှု မပြုရသေးဘဲ ဗုဒ္ဓဝါဒ လက်ခံယုံကြည်သူဟု ဝန်ခံဘို့ခက်၏၊ အကြောင်းကား ဗုဒ္ဓဝါဒ

တယောက်၌ ပြည့်စုံရမည့် အကြောင်းအရာ အင်္ဂါလက္ခဏာတို့သည် ဤစာအုပ်တွင် အပြည့်အစုံ ပါဝင်၏၊ ခရစ်ယာန်တို့တွင် သမ္မာကျမ်းစာသည် အရေးကြီးသကဲ့သို့ ဗုဒ္ဓဝါဒီတို့တွင် ဝိသုဒ္ဓိမဂ်သည် အရေးကြီး၏၊ ဗုဒ္ဓဝါဒီတိုင်း ဝိသုဒ္ဓိမဂ် တအုပ်တော့ ဆောင်ထားသင့်၏၊ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့များသည် ဟု ဆိုသော်လည်း ဝိသုဒ္ဓိမဂ်သည် သမ္မာကျမ်းစာ၏ ဆယ်ပုံ တပုံမျှ အရေအတွက် မရှိသေးချေ၊ စင်စစ် ဝိသုဒ္ဓိမဂ်သည် ကျွန်ုပ်တို့၏ အမိ-အဘ, ဆရာ-သမား ဆွေမျိုး-ညာတကာ, မိတ်ဆွေသင်္ဂဟ ဖြစ်သင့်၏၊ အဖိုး ၃—ကျပ်။

**၁၁—ရှင်ရဋ္ဌသာရ ကဗျာသာရ** မြောက်ပိုင်း ဗုဒ္ဓဝါဒီ သက္ကတ ရဟန်းတော်စာဆိုတို့တွင် ရှင်အဿဃောသသည် အမြင့်ဆုံးသော ကဗျာဆရာ ဖြစ်၏၊ သူသည် ဗုဒ္ဓစရိတ, သုန္ဒရနန္ဒ အစရှိသော ကဗျာကျမ်းတို့ဖြင့် ကမ္ဘာ့ ကဗျာလောက တောင်ထွတ်ပေါ်တွင် ထင်ပေါ်နေ၏၊ တောင်ပိုင်း ဗုဒ္ဓဝါဒီ မြန်မာရဟန်းတော် စာဆိုတို့တွင် ရှင်ရဋ္ဌသာရသည် ကိုးခန်း, သံဝရအစရှိသော ကဗျာကျမ်းတို့ဖြင့် လျှမ်းလျှမ်း တောက်ခဲ့၏၊ နောင်လာ နောက်သား မြန်မာတို့ကား သူ၏ ဂုဏ်ကို ကမ္ဘာ့ မျက်မှောက်သို့ ရောက်အောင် တင်ပြနိုင်စွမ်းမရှိကြ၍ ဆရာတော်၏ အစွမ်းသတ္တိကို ကမ္ဘာကမသိဘဲ ဖြစ်နေ၏၊ မြန်မာတို့ သည် သူတပါး ဘာသာကိုသာ ဘာသာပြန်ရန် စိတ်စောကြသည်၊ ကိုယ့်ဘာသာကို သူတပါးတို့သိအောင် မစွမ်းဆောင်ကြချေ၊ ဆရာဦးသော်ဇင်သည် အရှင်၏ရာပြည့် အထိမ်းအမှတ် ကို အခွင့်ကောင်းယူပြီး သီးခြား စာအုပ်တအုပ်အဖြစ်ဖြင့် မထုတ်·

လုပ်နိုင်သော သူ၏ကဗျာများကို စုပေါင်းထားသော စာအုပ် ဖြစ်၏၊ ထိုကဗျာတို့ကို အခြား စာအုပ်များမှာလည်း တွေ့မြင် နိုင်ပါသည်၊ သို့ရာတွင် ဤတွင် ထိုကဗျာတို့၏ ဂုဏ်ရသကို ရှင်းပြထားသဖြင့် ထိုထို စာအုပ်တို့နှင့် တဘာသာ ခြားနား နေ၏၊ ရှင်ရဋ္ဌသာရသည် ကဗျာ၏ အနှစ်သာရဖြစ်၍ ကဗျာ၏ အနှစ်သာရ ဆိုသည်မှာလည်း ရှင်ရဋ္ဌသာရ ဖြစ်ကြောင်း ကောင်းစွာသိလျှင် ဘယ်သူ မမြတ်နိုးဘဲ နေမည်နည်း။

အဖိုး ၃-ကျပ်။

**၁၂—မြတ်စွာဘုရား၏ ဥဒါန်းစကားများ** မြတ်စွာဘုရား သည် သာယာကြည်နူးသဖြင့် ဥဒါန်းကျူးရင့်သော သုတ်တို့ကို ကြည့်ရှု လေ့လာရသောကြောင့် အဘယ်မျှ ကြည်နူးဖွယ်ကော့ ဖွယ် ကောင်းမည်နည်း၊ ဤတွင် သုတ်ပေါင်း ၁၂-သုတ် ပါဝင်လေရာ သုတ်တိုင်း-သုတ်တိုင်းသည် သာယာကြည်နူးဖွယ် အတိပြီး၏၊ ပထမ ဗောဓိသုတ်တွင် မြတ်စွာဘုရား နေရဥရာ မြစ်ကမ်းပါး ဗောဓိပင်ရင်း၌ ထိုင်လျက် ဝိမုတ္တိသုခကို ခံစား နေရာမှ ဥဒါန်းကျူးရင့်တော်မူ၏၊ မြတ်စွာဘုရား ထက်ဝယ် ဖွဲ့ခွေ နေတော်မူသော ဗောဓိပင်သည် နေပူထီးတည်း သဲကန္တာရ ခရီးက ညောင်ပင်ကြီး မဟုတ်ချေ၊ နေရဥရာ မြစ်ညာကမ်းနား တွင် တည်ရှိ၏၊ တော၏သဘာဝ အလှမျိုး အသွယ်သွယ်တို့ အတင့်အတယ် ချယ်လှယ်သော ညောင်ညိုသာဝှမ်း ဗောဓိနန်း လည်း ဖြစ်၏၊ မျက်နှာစာတွင် နေရဥရာ မြစ်ရေသာသည် အလွှာ-အလွှာ အပြာပြာ-အထွေထွေ စီးလျက်နေ၏၊ ဤသို့လျှင် သာယာ ရှင်လန်းသော ရိပ်သာစခမ်းတို့မှ ထွက်ပေါ်လာသော

ဥဒါန်း စကားတို့ဖြစ်လေရာ ဖတ်ရှုလေ့လာသူတို့အား လည်း ခေါက်ကူး၍ ကြည့်နေမည်မှာ ယုံမှားဖွယ် မရှိချေ၊ ထို့မှတပါး ဤဥဒါန်းစကားများ၏ စိတ်ဝင်စားဖွယ် တချက်မှာ အထက်က သရုပ်ဖော်ဇာတ်လမ်းများ ပါဝင်ခြင်း ဖြစ်၍၊ စမ်းသပ်၍ ဖတ်ကြည့်စမ်းပါဘိ။ အဖိုး ၂-ကျပ်။

. **၁၃—အမေပြောသောပုံ** ငါးရာ့ငါးဆယ် နိပါတ်တော်တို့မှ ကလေးသူငယ်တို့အတွက် အကျိုး စီးပွားလည်း များနိုင်၍ စိတ်ဝင်စားဖွယ်လည်း ဖြစ်သည့် ဆင့်,မြင်း,ကျွဲ,နွား,မိကျောင်း, မျောက် သမင် အစရှိသော တိရစ္ဆာန်ဇာတ်လမ်းတို့ကို စုပေါင်း ထားခြင်း ဖြစ်၍၊ အပြင်းလည်းပြေ, သင်္ခ်ာစာလည်းရ, ဗဟုသုတလည်း ကြွယ်ဝစေနိုင်သောပုံတို့ဖြစ်၍၊ ပုံတိုင်း-ပုံတိုင်း ၏အောက်တွင်လည်း ပုံတခုလုံး၏ ဆိုလိုရင်းအချုပ် ဆောင်ပုဒ် အသီးသီး ပါဝင်၍၊ တိုးတက် ကြီးပွားသော နိုင်ငံခြားမှာ ဆိုပါလျှင် အလွန် အဖိုးထိုက်တန်ပေမည်၊ ကလေးသူငယ်များ အတွက် ဦးတည်လျက် စီစဉ်သော်လည်း လူကြီးများအဖို့လည်း နှစ်လို့ဖွယ် ဖြစ်၍၊ ကလေးသူငယ်တို့လည်း သူတို့ဘာသာ ဖတ်ရှု နိုင်သည်၊ လူကြီးများလည်း ဖတ်ရှုနိုင်သည်၊ ပန်းချီ, ပန်းပု, စာပေ,ကဗျာလင်္ကာနှင့် ပြဇာတ်တို့ အတွက်လည်း အချက် အလက် ရနိုင်၍၊ အထူးသဖြင့် နိဒါန်းကား အံ့မခမ်းဖြစ်၍၊ ပုံဝတ္ထုနှင့်ပတ်သက်၍ ဤမျှစုံလင်သော နိဒါန်းမျိုး ကမ္ဘာ့ပုံတို့ တွင်ပင် မရှိသေးချေ၊ ပုံဝတ္ထုတို့ စတင်လာပုံနှင့် ကမ္ဘာကျော် ပုံဝတ္ထုတို့၏ သဘောသဘာဝ အနှစ်သာရတို့ကို အပြည့်အဝ ဖော်ပြထား၍၊ ဆရာဦးသော်ဇင်၏ လက်စွမ်းပြ ပုံပြင်သုကေသန

စာတမ်းသဖွယ်ဖြစ်၍ လေ့လာဘို့ ကောင်းလှပါသည်။ အဖိုး ၂-ကျပ်။

**၁၄—ရာဇဝင်ကျော် မြန်မာစစ်သည်တော်** ဤစာအုပ်ထွက်စက စာပေဝေဘန်သမား တဦးသည် စာအုပ်နိဒါန်းမှ အချက်တခုကို ပြက်ရယ်ပြုပြီး ချီးမွမ်းခြေကျောက် ပြု၏၊ သူ၏ အလုပ်မှာ ရိုးရိုးမဟုတ်၊ တဖက်ကိုဆုပ်ပြီး အုပ်ခြင်းဖြစ်၏၊ သို့ကြောင့် ဆရာက သူ့အတွက် စာချိုးတပုဒ် ထုတ်ပေးလိုက်ရာ ထိုသူသည် စာပေဝေဘန်ရေးအလုပ်မှ အပြီးတိုင် ဆုတ်ခွာသွားရ ရှာ၏၊ နိဒါန်းဟူသည်မှာ စာကိုယ်ကို ပို့ပေးသော အခြံအရံဖြစ်၏၊ ဇာတ်ပွဲတွင် ဇာတ်ရံနှင့်တူ၏၊ ဇာတ်ရံသည် မိမိအရေးထက် ဇာတ်လိုက် ထင်ရှားရေးကို အလေးပေးရ၏၊ ဇာတ်လိုက်ကို ပရိသတ်များ နှစ်သက်စေရန် ပို့ဆောင်ပေးရ၏၊ စာပေ၌ နိဒါန်းသည်လည်း ထို့အတူဖြစ်၏၊ မိမိ ဖွင့်ဆိုလိုသော စာသားကို စိတ်ဝင်စားစေရန် ပြုလုပ်ပေးရခြင်း ဖြစ်၏၊ ဤတွင် ပို့ဆောင်နည်းကား တခုနှင့်တခု မတူချေ၊ တူလျှင်လည်း ဘယ်မှာ ကောင်းတော့မည်နည်း၊ ရိုးရိုးသားသား လူများကမူ ဆရာ၏ နိဒါန်းတို့သည် စာသားထက်ပင် သာလွန်ကောင်းမွန်နေကြောင်း ပြောဆိုကြ၏၊ သူတို့၏ ဆိုလိုရင်းမှာ စာကိုယ်ကို ဖတ်ချင်အောင် သွေးဆောင်နိုင်ခြင်း ဖြစ်၏၊ ဤတွင် ရာဇဝင်ကျော်သည့် စစ်သည်တော်များအပြင် သူတို့နှင့်ပတ်သက်သည့် စစ်ချီရတုတို့ကို ပွဲထုတ်ပေးခြင်း ဖြစ်၏၊ သူတို့ကို ပွဲထုတ်ပေးရန်မလိုဟု ဆိုချင် ဆိုနိုင်၏၊ လိုအပ်သည်ကို ဝန်ခံလျက် ကြိုးစားပြီး တင်ပြနေသူကို သရော်သည်မှာကား အတော်ပင် ပျက်ချော်ချော် နိုင်လှ၏၊ ဤစာအုပ်ကို ကိုယ်တိုင်လေ့လာကြည့်ရှုနိုင်ပါ၏။ အဖိုး ၃-ကျပ်။

**၁၅—ဓမ္မသတ်ပုံပြင်များ** ဤစာအုပ်၏ သမိုင်းချုပ်ကို ကြေးမုံသတင်းစာ စာကြေးမုံအခန်းမှ ကောက်နှုတ် ဖော်ပြပါမည်—

ဝတ္ထုပုံပြင်ကို လူတိုင်းကြိုက်သည်၊ ခေတ်တိုင်း ကြိုက်သည်၊ သို့ရာတွင် စာနယ်ဇင်းခေတ် မရောက်မီ မြန်မာ့သမိုင်းတလျှောက် ထွန်းကားခဲ့သော ဝတ္ထုများမှာ ဇာတ်နိပါတ်, ဓမ္မသတ်ပုံပြင် များ ဖြစ်သည်၊ ရှေးခေတ် ပုံပြင်များကို အဆင့် သုံးဆင့် ခွဲခြားနိုင်အံ့ ထင်သည်၊ ပထမအဆင့်မှာ ပေ, ပရပိုက်တို့ကို လက်လှမ်း မမှီနိုင်ရှာသော တောင်သူယာလုပ် ခားမခုတ်တို့ နှုတ်ဆင့်ကမ်း ပြောဆိုကြသည့် ရွှေယုန် ရွှေကျား မောင်ပျင်း လေက်မ စသော ပုံပြင်များ ဖြစ်သည်၊ ဒုတိယအဆင့်မှာ ပေ, ပရပိုက်ဝင်ဖြစ်သော သုဓမ္မစာရီ ခုံတော်မောင်ကျဘမ်း ပေတာလန် ကြမ္မာဒိုက် စသော ဓမ္မသတ် ပုံပြင်များဖြစ်၍ တတိယအဆင့်မှာ ဘာသာရေး စာပေအဖြစ် သတ်မှတ်ကြသော ဇာတကများ ဖြစ်သည်၊ ဓမ္မသတ်ဟုဆိုရသည်မှာ ယင်းပုံပြင် များသည် ရှေးဟောင်းစဉ်လာ ဥပဒေဖြစ်သော မနုမနော စသည့် ဓမ္မသတ်မျိုးစုံမှ ဆင်းသက်လာသောကြောင့် ဖြစ်သည်၊ ဓမ္မသတ် ပုံပြင်သည် ဆန်းကြယ်သော ဇာတ်လမ်းများကို သိစေခြင်းနှင့် အတူ စိတ်ကူးဉာဏ်ကို ပွင့်လင်းစေခြင်း, ရွှင်မြူးစေခြင်း, အံ့သြ စေခြင်း စသော ရသမျိုးစုံကို ပေးနိုင်ကြသည်၊ ယင်းပုံပြင် ဇာတကတို့ တည်ရှိရာ ပေ, ပရပိုက်များကို လူသာမန်တို့ လက်လှမ်းမှီဘို့ရန်မှာ ခက်ခဲသော အခြေအနေ ရှိသည့်အပြင် ပုံနှိပ်စာအုပ်တို့ ခေတ်သို့ ရောက်လာသော အခါ၌ပင်လျှင် ပြည့်စုံအောင် ဖတ်ခွင့်ရဘို့ရန်မှာ ခက်ခဲသည်၊ ယနေ့ စာနယ်

ဇင်း ဖတ်ရှုဖွယ် မျိုးစုံတို့ ခေတ်စားလာသော အချိန်တွင်မူ ယဉ်ကျေးမှု အမွေအနှစ်တရပ် ဖြစ်သော ယင်းဓမ္မသတ် ပုံပြင်တို့၏ ကဏ္ဍသည် ပျောက်ကွယ်လုမတတ် မှေးမှိန်လျက် ရှိပေတော့သည်၊ ဤသည်ကို ဦးသော်ဇင်က ဓမ္မသတ် ပုံပြင်ဖြတ်ထုံးများ မကျန်တော့လောက်အောင် စုဆောင်းစီစဉ် ဖော်ထုတ်၍ ပေးသည်၊ ဓမ္မဝိလာသ ဖြတ်ထုံး, အမတ်ဒိန် ဖြတ်ထုံး, မဟာပညာကျော် ဖြတ်ထုံး, ခုံတော် မောင်ကျဘမ်း ဖြတ်ထုံး, ကြမ္မာဒိုက် မင်းကြီးဖြတ်ထုံး,လက်ဝဲသုန္ဒရဖြတ်ထုံးဟူ၍ ဖြတ်ထုံး, ရှစ်မျိုး ပါဝင်၍ ရှေးပိုင်းတွင် ဓမ္မသတ်ဖြတ်ထုံးတို့၏ ဆင်းသက်လာရာ အစီအစဉ်ကို မဇ္ဈိမ မြန်မာအခြေခံ ကျမ်းများစွာ၏ အကိုးအကားဖြင့် ဖော်ပြသည်၊ ပညာရှာသော ယနေ့ခေတ်လူငယ်တို့၏ ကံကောင်းခြင်း တရပ်ဟု ဆိုရမည်ဖြစ်၏။ အဖိုး ၃—ကျပ်။

**၁၆—မဃဒေဝအဘိဓာန်** ဆိုင်းဆရာ စိန်ဗေဒါ၏ သီချင်းတပုဒ် ရှိသည်၊ ယင်းမှာ ဆရာမပါလျှင် အလှူ မဖြစ်သည့်အကြောင်း ဖြစ်၏၊ ထို့အတူ မဃဒေဝ လင်္ကာ မပါလျှင်လည်း မြန်မာမှု မဖြစ်ချေ၊ မြန်မာမှုနှင့် ပတ်သက်၍ စကားစပ်မိလျှင် မဃဒေဝ လင်္ကာပါ၏၊ ထို့အတူ မဃဒေဝလင်္ကာဟု ဆိုလျှင်လည်း မန်လည် ဆရာတော်ပါ၍ မန်လည် ဆရာတော်ဆိုလျှင်လည်း မဃဒေဝ လင်္ကာပါဝင်၏၊ ဤနှစ်ချက်မှာ တခဲနက်ဆက်စပ်နေ၏၊ သို့ရာတွင် မဃဒေဝ လင်္ကာကို ကြည့်နိုင်သူကား မများလှချေ၊ စာဝါရင့်သူ အနည်းငယ်သာလျှင် ဖတ်ရှုနိုင်၏၊ များစွာသော သူတို့မှာ သူပြော လူပြောဖြင့်ရင်း, အခြားစာအုပ်

စာတမ်းတို့မှ ကောက်နုတ်ချက်ဖြင့်ရှင်း ကိုးကားနေကြရ၏၊ စာအုပ်ကလည်း ကြီးသည်၊ အဖိုးကလည်း များသည်၊ ထို့ပြင် မိမိသိလိုသော အချက်ကို တွေ့အောင် ရှာဘို့လည်း ခက်သည်၊ ဤသို့သော အကြောင်းတို့ကြောင့် မဃဒေဝကို လူသာမည တို့ ဝေးက ကြဉ်ရှောင်နေရခြင်း ဖြစ်၏၊ ဆရာဦးသော်ဇင်သည် ထိုသို့သော သူများကို တောက်ထားညာတာ ကိုယ်ချင်းစာ သဖြင့် မဃဒေဝကို လူတိုင်း မူရင်းအတိုင်း လိုအပ်ချက်ကို လွယ်ကူစွာ သိနိုင်စေရန်အတွက် အဘိဓာန်သဖွယ် ပြုလုပ်ပေး၏၊ အခွင့်သာတုန်း ဆောင်ထားပါလေ။ အဖိုး ၅-ကျပ်။

**၁၇— တေဒဂ်ဝတ္ထု** တေဒဂ်ရ ပုဂ္ဂိုလ်တို့၏ အကျဉ်းချုပ်ကို လက်ဝဲနော်ရထာ ကျောက်ထိုးတွင် ကြည့်နိုင်၏၊ ထိုတွင် လက်ဝဲ နော်ရထာ အမတ်ကြီးက ကျောက်၍ တောင်တွင်းဆရာတော် ခင်ကြီးပျော် ဖြေကြားတော်မူ၏၊ တေဒဂ်ရ ပုဂ္ဂိုလ်အလုံးစုံ ပါဝင်၏၊ သို့ရာတွင် သူတို့၏ အကြောင်းအရာမှာ အကျဉ်း မျှသာဖြစ်၏၊ တေဒဂ်ရခြင်း၏ အကြောင်း ပေါ်ရုံသာ ဖော်ပြ ထား၏၊ ထို့နောက် မထင်ရှားသော ဆရာတော် တပါးသည် တေဒဂ်ဝတ္ထုဟု စာအုပ်တအုပ် ပြုစု၏၊ ထိုဝတ္ထုမှာကား တေဒဂ်ရ ပုဂ္ဂိုလ်အလုံးစုံ မပါချေ၊ အချို့သာပါဝင်၍ အတိတ် အကြောင်းတို့ဖြင့် အကျယ် ဖွင့်ဆိုထား၏၊ ထို့ကြောင့် ဆရာ ဦးသော်ဇင်သည် ဒီဃနိကာယ်ဆောင် မမ္မာစရိယ အရှည်ဝါသီ အရှင် ပညာဇောတနှင့် တိုင်ပင်၍ ဤစာအုပ်ကို စိတ်တိုင်းကျ ပြုစုခြင်းဖြစ်၏၊ ဤတွင် တေဒဂ်ရ ပုဂ္ဂိုလ် အလုံးစုံလည်း ပါဝင်၏၊ သူတို့ တေဒဂ်ရခြင်း အကြောင်းကို ထိထိ-မိမိ

သိအောင်ပြု၏၊ ထိုပြင် သူတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိ အပြည့်အစုံနှင့် သူတို့ တရားသိမြင်ပုံ ကိုလည်း ကျမ်းမျိုးစုံတို့မှ ထုတ်ဆောင်၍ တန်ဆာဆင်ထား၏၊ ထိုကြောင့် တေဒဂ် ဝတ္ထုတို့တွင် အပြည့်စုံဆုံးဟု ဆိုနိုင်၏၊ ဖတ်လို့လည်းကောင်း၏၊ မှတ်ဘို့လည်း ကောင်း၏၊ ဗုဒ္ဓလက်ထက်က ဗုဒ္ဓကိုယ်တိုင် နှုတ်မြွက်၍ တေဒဂ် ပေးခြင်းခံရသော အကျော် အမော်တို့ အကြောင်းကို သိရသည်မှာ အဘယ်မျှ ကောင်းမွန်မည်နည်း။ အဖိုး ၄-ကျပ်။

**၁၈— နိဗ္ဗာန်** ဗုဒ္ဓဝါဒီတို့အတွက် နောက်ဆုံး အဆင့်ဖြစ်၍ လွန်စွာ အရေးကြီးသော စကားလုံးဖြစ်၏၊ သူတို့၏ မှတ်တိုင် ပစ်ကွင်းလည်း ဖြစ်လေရာ လူတိုင်း နှုတ်ဖျားတွင် လွန်စွာ ခေတ်စားသော ဝေါဟာရ ဖြစ်၏၊ ထို့ကြောင့် ဆရာ ဦးသော်ဇင်သည် နိဗ္ဗာန်နှင့် ပတ်သက်သော အချက်အလက် တို့ကို စုဆောင်းရှာဖွေပြီး တင်ပြလိုက်ခြင်း ဖြစ်၏၊ ဗုဒ္ဓ နိဗ္ဗာန်နှင့် ပတ်သက်၍ ဆန့်ကျင့်ဘက်လည်း ရှိလေရာ ဆရာသည် ထိုအကြောင်းကို ရှေးဦးစွာ နိဒါန်းပျိုးပြီး ရှင်းပြ၏၊ ထိုနောက်မှ မြတ်စွာ ဘုရားသခင် ဟောကြားရင်း နိဗ္ဗာန်, ထိုနိဗ္ဗာန်ကို အဋ္ဌကထာ ဆရာတို့၏ ဖွင့်ဆိုချက်နှင့် ဋီကာ ဆရာ စသူတို့၏ ဖြေရှင်းချက်တို့ကို အစီအစဉ်အတိုင်း ဆက်ကာ-ဆက်ကာ စီစဉ် ပေး၏၊ နိဗ္ဗာန်နှင့် ပက်သက်၍ အပြည့်အစုံ အလုံးစုံတို့ကို အစီ အစဉ် အတိုင်း လေ့လာနိုင်သော စာအုပ်ကောင်း ဖြစ်၏၊ အကယ်၍ ကောင်းစွာ လေ့လာပါက စာဖတ်ရုံနှင့်ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏၊ မျက်မှောက်မပြုနိုင်ပါလျှင် စာဖတ်ရခြင်း

အကျိုး အဘယ်မှာနည်း၊ သိပ္ပံစာပေသာ ဖတ်ပြီး လက်တွေ့လုပ်ဘို့လိုသည်၊ ဤသို့သော ဝိဇ္ဇာ စာပေမျိုးကား ဖတ်ပြီး အကျိုးရှိရပေမည်၊ စင်စစ် မျက်မှောက် ပြုနိုင်ရမည်သာတည်း။ အဖိုး ၅-ကျပ်။ (ကုန်နေပါသည်)။

**၁၉-နီတိစွယ်စုံ** နီတိဟူသည် လူမှုရေး နည်းပေးလမ်းပြ ဖြစ်၏၊ လူ့ဘဝတွင် လူတလုံး သူတလုံးအဖြစ် နေနိုင်ရေးအတွက် လျှို့ဝှက်ချက်များ ရှိလေရာ ထိုအရေးတို့ကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်စေရန် သွန်သင် ညွှန်ကြားပေး၏၊ နီတိ၏ အဓိပ္ပာယ်ကို စလေဦးပုညက–"ဘုရားအကြိုက် တရားလိုက်က လူ၌ အရေးညံ့ချေမည်"-ဟု ဖွင့်ဆို၏၊ စင်စစ် လူ့အနှစ်သာရ ဖြစ်ရဲ့ ဘုရားအကြိုက် ဖြစ်ချင်မှ ဖြစ်မည်၊ တရားအတိုင်း ဖြစ်ချင်မှ ဖြစ်မည်၊ နီတိ၏ ပဓာန ရည်ရွယ်ချက်မှာ အထွတ်အထိပ်သို့ ရောက်နိုင်ရေးဖြစ်၏၊ နီတိတတ်သူသည် ထိပ်ဆုံးက လူဖြစ်၏၊ ကမ္ဘာပေါ်တွင် လူမျိုးအလိုက် နီတိများ ရှိလေရာ မြန်မာနီတိတို့ကို ဆရာဦးသော်ဇင်က လူတိုင်းအတွက် နီတိစွယ်စုံဟု စုပုံပေးလိုက်ခြင်းဖြစ်၏၊ မြန်မာနီတိ မျိုးစုံလည်း ဖြစ်၏၊ နီတိမျိုးစုံ တတ်မြောက်သဖြင့် အဖက်ဖက်က ပြည့်စုံသူလည်း ဖြစ်၏၊ မြန်မာတို့မှာလည်း အစဉ်အလာ ရိုးရာနီတိ ရှိခဲ့ကြောင်း ဤနီတိ စွယ်စုံဖြင့် ဂုဏ်ယူနိုင်ပါသည်၊ ထိပ်ဆုံးသို့ ရောက်လိုသူတိုင်း နီတိကိုတော့ တနည်းနည်းနှင့် သိမှဖြစ်မည်၊ ဤတွင် မနုနီတိ, မဟာရဟ နီတိ, လောကနီတိနှင့် နဝရတ်နီတိဟူ၍ နီတိလေးစောင် ပါဝင်၏၊ ဤလေးစောင်တွင် မြန်မာနီတိ အလုံးစုံသာမက ပါဠိနှင့် သက္ကတနီတိတို့ပင် ပါဝင်သေး၏။ အဖိုး ၃–ကျပ်။ (ကုန်နေပါသည်)။

**၂၀-သုတ်သုံးကျမ်း** လေးနက်လှပါသည်၊ သို့ရာတွင် လွယ်ကူသည်၊ သုတ်, ဝိနည်း, အဘိဓမ္မာ ဟူ၍ ပိဋကတ်သုံးပုံရှိ၏၊ သုတ်သုံးကျမ်း, ဝိနည်း ငါးကျမ်းနှင့် အဘိဓမ္မာ ခုနစ်ကျမ်းဖြစ်၏၊ သုတ် သုံးကျမ်းမှာ သုတ် သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျတို့ ဖြစ်ကြ၏၊ ယင်းသုတ် သုံးကျမ်းကို အကျဉ်းချုပ်ကာ အဆီထုတ်ပြီး တအုပ်တည်း စုပေါင်းထားပါသည်၊ မြန်မာစာ ဖတ်သူတိုင်း ပိဋကတ်တပုံကို တထိုင်တည်းဖြင့် ဆောင်နိုင်၏၊ မြတ်စွာဘုရား၏ စကားတို့မှာ အစ, အလယ်,အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသည် ဆိုသော်လည်း သံဂါယနာတင်၍ မြန်မာပြန်သော်လည်း ဖတ်လို့ မတတ်ပါ ဆိုသူများ ဝတ္ထုဆောင်းပါး သတင်းစာ ဖတ်သလို လွယ်ကူစွာ ဖတ်နိုင်၏၊ စာအုပ်ငယ်သော်လည်း ကြီးကျယ် ခမ်းနားဆန်းပြားသော သုတ္တန်ဓမ္မ အနှစ်သာရတို့ဖြင့် တောက်ပထွန်းလင်းနေပါသည်၊ အဖိုး ၄—ကျပ်။ (ကုန်နေပါသည်)

**၂၁— အဘိဓမ္မာ** ဤစာအုပ်နှင့် ပတ်သက်၍ကား ဒုတိယအကြိမ် ပြန်လည်ပုံနှိပ် ထုတ်လုပ်ရေးအတွက် စာရေးသူ ဆရာ ဦးသော်ဇင်ကိုယ်တိုင် ဒုတိယအကြိမ် ပုံနှိပ်ရခြင်း အကြောင်း အမှာစာကို တင်ပြပါလျှင် သင့်တော်လောက်ပြီဟု ထင်ပါသည်၊ အဘိဓမ္မာကို ဤမျှ သွက်လက် လျင်မြန်စွာ ကုန်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ၊ သို့ရာတွင် စာရှုသူတို့ စိတ်ကြိုက်နှင့် အလိုက်သင့်ဖြစ်သွားပါ၍ မမျှော်လင့်ဘဲ ရက်ပိုင်းအတွင်းမှာပင် ကုန်သွားပါသည်၊ ထို့ကြောင့် လေးလေးနက်နက် စာပေတို့ကို ဆက်လက်ကြိုးစားရန် အားတက် ရဲရင့်လာပါသည်၊ ပဌမအကြိမ်ထုတ်မှာ

စာရေးသူ ခရီးထွက်နေစဉ် အခိုက်အခါဖြစ်ပါ၍ စိတ်တိုင်းကျ မဖြစ်လှပါ၊ ထို့ကြောင့် ယခုအကြိမ်တွင် စိတ်တိုင်းကျစီစဉ်ပြီး အဘိဓမ္မာ၌ လွန်စွာအရေးကြီးသော သင်္ဂဟသံုးပါး၊ အာကာသ ငါးပါးနှင့် နိယာမ ငါးပါးတို့ကို ဖြည့်စွက် ပေးလိုက်ပါသည်၊ သို့အတွက် ပဌမအကြိမ် ဝယ်ယူအားပေးသူတို့အား ထောက် ထားပါသော်လည်း ပိုမိုပြည့်စုံ ကောင်းမွန်ရေးပေဘဲဟု စိတ်ကို နှစ်သိမ့်လိုက်ရပါတော့သည်၊ နောက်နောင် အခါတွင် ဤသို့ မဖြစ်စေရန် အထူးသတိထားရပေလိမ့်မည်၊ အဖိုး ၃-ကျပ်၊ ကုန်နေပါသည်။

**၂၂— မဟာဗုဒ္ဓဝင်** ငယ်ငယ်နှင့် မဟာဟူသော အမည်ကို ခံယူထိုက်သော စာအုပ်ဖြစ်၏၊ အကြောင်းကား ဤတွင် နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓ တို့၏ အခြေခံ အကြောင်းစုံ အကုန် ပါဝင်သောကြောင့်ရင်း ဂေါတမ ဗုဒ္ဓ ကိုယ်တိုင် ဟောကြား သောကြောင့်ရင်းတည်း၊ ဗုဒ္ဓဝင်၏ အသွင်မှာ ဂါထာဗန္ဓတို့ ဖြစ်၏၊ ဂါထာဟူသည် မြန်မာလို ကဗျာနှင့်တူ၏၊ ဗုဒ္ဓသည် သူ၏ အနွယ်ဖြစ်သော ဗုဒ္ဓဝင်ကို ဂါထာ ကဗျာ အဖွဲ့တို့ဖြင့် သီကျူးတော်မူခဲ့၏၊ ကဗျာဟူသည်မှာ စကားပြေလို ကျယ်ပြန့် ဖောင်းပွခြင်း မရှိချေ၊ သိမ်မွေ့ကျစ်လစ်၏၊ မြန်မာ ပညာရှိ တို့သည် ပင်မ ဗုဒ္ဓဝင်ကို ရှောင်ကြဉ်သွားကြပြီး ထိုဗုဒ္ဓဝင်ကို ဖွင့်ပြသော အဋ္ဌကထာ၏ အာဘော်ကိုသာ အမျိုးမျိုးထုတ်ဖော် ကြ၏၊ သာမည စာရှုသူတို့ကား ဤဗုဒ္ဓဝင် ရှိသည်ဟုပင် မသိ ကြချေ၊ ထို့ကြောင့် ဆရာဦးသော်ဇင်သည် ယင်း ဗုဒ္ဓဝင်ကို အတိအကျ ဘာသာပြန်ဆိုခြင်း ဖြစ်၏၊ စင်စစ် မူလပင်မကို ရှေးဦးစွာ လေ့လာသင့်၏၊ ထိုနောက်မှ လိုအပ်ပါလျှင် ထို့နှင့်

ဗုဒ္ဓဝါဒသင်ပုံးကြီးကို ဆန်းသစ်ကြခြင်း ဖြစ်၏၊ ဆရာဦးသော်ဇင်နှင့် အရှင်သုဇာတဗုဒ္ဓိ အခန်းကဏ္ဍခဲ့ကာ ပြိုင်ဆိုင် ဖွင့်ဆိုကြ၍ စိတ်ဝင်စားဖွယ်လည်း ကောင်းလှပါ၏၊ စာမူမှာ အသင့်ဖြစ်နေ၍ အလှည့်ကျလျှင် ထွက်ပေါ် လာပါလိမ့်မည်။

**၄—အဘိဓာန သက္ကတ္တလာပြဇာတ်**တလောက ရန်ကုန်မြို့တွင် ပြဇာတ်နှင့် ပြဇာတ်စာပေ နှီးနှော ဖလှယ်ပွဲ ပြုလုပ်၏၊ ထိုတွင် ပြဇာတ်ဝါသနာရှင်နှင့် ပညာရှင်တို့ ပြဇာတ်အကြောင်း ဆွေးနွေးကြ၏၊ ဆရာဦးသော်ဇင်သည် ထိုပွဲမှအပြန်တွင် သူ၏ စာတိုက်အတွင်းရှိ ပြဇာတ်နှင့်ဆိုင်ရာ စာအုပ်တို့ကို ရွေးထုတ်စေ၏၊ ထိုမှ သက္ကတ္တလာပြဇာတ် ၄-၅-အုပ်ကို ကောက်နှုတ်၏၊ တက္ကတဘာသာနှင့် ဟိန္ဒီ, ဗင်္ဂလီအပြင် ရဝေထွန်း ဘာသာပြန်သော မြန်မာလို စာအုပ်တအုပ်လည်း ပါဝင်၏၊ သူသည် ရဝေထွန်း၏ စာအုပ်ကို အတော်အသင့်ကြည့်ပြီး နောက်ထပ်ပြန်ဘို့ မလိုတော့ပါဘူးဟု ဆို၏၊ မဟုတ်သေးဘူးဆရာ ဒီလိုတန်းမြင့်စာအုပ်မျိုးမှာ မူအမျိုးမျိုးရှိဘို့ လိုပါတယ်၊ ဆရာ့ ဟိန္ဒူတွေတောင် သူတမျိုး သူတဖုံ ပြန်နေကြတာဘဲ၊ ပြီးတော့ ဆရာ့အနေနဲ့လဲ တင်ပြဘို့လိုမယ် ထင်ပါတယ်ဟု အကြံပေးသဖြင့် ဆရာ စဉ်းစားကြံခဲ့၏၊ နောက်တခေါက် ရောက်သောအခါ ထိုစာအုပ်တို့ကို ပြန့်ခင်းပြီး တိုက်ဆိုင် ပြန်ဆိုနေသည်ကို တွေ့ရပါသည်၊ ရဝေထွန်းကို ကျေးဇူးတင်တယ်၊ သူ့ဆီက တချို့ ပညတ်နက်တွေကို အလွယ်သကူ ယူရတယ်၊ သစ်ပင်, ပန်းပင်ရဲ့ ဝေါဟာရတွေဘဲပေါ့ဟု ပြောပြ၏၊ သို့အတွက် မြန်မာပြဇာတ်လောက ကိုယ်စား ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်၊ ဤစာအုပ်မှာ

ပြန်ကြားရေးဌာနသို့ တင်ဖွယ်မရှိပါ၍ ဥဒ္ဒကပါဌ အယင်ပင် ထွက်ချင် ထွက်ပေါ်နိုင်မည်လား မသိပါ။

၅–**ကျော်အောင်စံထား အဘိဓာန်** အင်္ဂလိပ်လို အဘိဓာန် မျိုးပေါင်း အဘယ်မျှရှိသည်ဟု မည်သူ ပြောပြနိုင်ပါမည် နည်း၊ အင်္ဂလိပ်ဘာသာ လေ့လာသော သာမည မြန်မာကယောက် ထံမှာ အနည်းဆုံး အင်္ဂလိပ်အဘိဓာန် ၃-၄-မျိုးလောက် ရှိပေ မည်၊ မိမိတို့၏ အနီးအနားက အိန္ဒိယနိုင်ငံမှာပင် အိန္ဒိယအဘိဓာန် တနှစ်လျှင် ၃-၄-မျိုးခန့် ပေါ်ထွက်နေ၏၊ မြန်မာ အဘိဓာန်ကား ဘယ်မှာနည်း၊ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာကျော်က ကျော်အောင်စံထား ဆရာတော် စီရင်သော ဝေါဟာရတ္ထ ပကာသနီ အမည်ရှိသော ကျမ်းကြီးတဆူကား ရှိလေသည်၊ သို့ရာတွင် ကောင်းစွာဖတ်တတ်သူ ဘယ်နှစ်ယောက် ရှိပါသနည်း၊ မိမိကောင်းစွာ မဖတ်တတ်သေးပါဟု ဝန်ခံနိုင်သော ပညာရှိကို လည်း မတွေ့ဘူးသေးပါ၊ ၃-၄-ကြိမ်တိုင်အောင် တည်းဖြတ် ပုံနှိပ်သူတို့တွင်လည်း ကောင်းစွာနားလည်သူကို တစုံတယောက် မျှ မတွေ့မြင်ရပါ၊ မိမိသိသမျှဖြင့် စခန်းထသွားကြ၏၊ ဤ ကျမ်းကြီးမှာ မြန်မာစာပေအတွက် လွန်စွာ အရေးကြီးလှပါ၍ ဆရာဦးသော်ဇင်ဝင်၍ ကိုင်တွယ်နေပါပြီ၊ သူကား လူတိုင်းလည်း ဖတ်နိုင်အောင်, လွယ်လည်း လွယ်အောင် အက္ခရာစဉ်ဖြင့် ဆန်းသစ်စေပါသည်၊ တည်းဖြတ်သူ အဆက်ဆက်တို့ ဘယ်နည်း နှင့်မျှ သိနိုင်ဖွယ်မရှိသော အမှားအယွင်းကိုလည်း အမှန်ရောက် အောင် ပြင်ဆင်သွား၏၊ ဤကျမ်းသည် ဆရာ၏ စာအုပ်တို့တွင် အကြီးဆုံး ဖြစ်ကောင်း ဖြစ်မည်၊ သို့ရာတွင် ဝေါဟာရတ္ထ ပကာသနီလောက် ကြီးမည် မဟုတ်ပါ။

၆—ဗုဒ္ဓစရိတ မြောက်ပိုင်း ဗုဒ္ဓ အဘိဓမ္မာဆရာနှင့် ကဗျာဆရာကြီး ရှင်အဿဃောသ၏ ပြောင်မြောက်သော လက်ရာမွန်ဖြစ်၏၊ မြန်မာလို ဗုဒ္ဓဝင်ပင် ဖြစ်၏၊ သို့ရာတွင် ဗုဒ္ဓအဘိဓမ္မာအနေဖြင့်ရှင်း, ကဗျာအနေဖြင့်ရှင်း တောင်ပိုင်းက ဗုဒ္ဓဝင်တို့ထက် သာလွန် ကောင်းမွန်၏၊ တောင်ပိုင်း ပညာရှိတို့သည် ဗုဒ္ဓဝင်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဘယ်သို့ စီရင်ရမည်ဟုပင် မသိကြသေးချေ၊ ထို့ကြောင့် ဗုဒ္ဓစရိတကို ဘာသာပြန်ပေးဘို့အမှန်ပင် လိုအပ်ပေသည်၊ အဘိဓမ္မာ သဘောရေးရာတို့ကို ကဗျာအလှဖြင့် တန်ဆာဆင်ရသည်မှာ အဘယ်မျှ ခက်ခဲနက်နဲသော ပညာပေနည်း၊ ဤပညာနှင့် ပတ်သက်၍ ရှင်အဿဃောသကား နှစ်ယောက်မရှိချေ၊ သူ၏ အဘိဓမ္မာ သဘောတရားတို့ကို မြောက်ပိုင်း ဗုဒ္ဓဓမ္မကို လေ့လာက ကောင်းစွာ သိနိုင်၏၊ ဗုဒ္ဓဒဿနတွင် သူမပါလျှင် ပြည့်စုံလိမ့်မည် မဟုတ်ချေ၊ ကဗျာအလှတွင်ကား ကမ္ဘာကျော် ကာလိဒါသပင် မှီထားရသောသူဖြစ်၏၊ သူ၏ကဗျာတို့မှ လွန်စွာလှပသော အချက်အလက်တို့ကို ကာလိဒါသ၏ ကမ္ဘာကျော် ကဗျာနှင့်ပြဇာတ်တို့တွင် အများအပြား တွေ့မြင်ရ၏၊ ဆရာဦးသော်ဇင်သည် သူ၏ ဗုဒ္ဓစရိတကဗျာအလှတို့ကို ပီပီ-သသ, တိတိ-ကျကျ မြန်မာလို ပြန်ဆိုလျက်ရှိ၏၊ မြောက်ပိုင်း ဗုဒ္ဓဝင်, သူ၏ အဘိဓမ္မာနှင့် ကဗျာအလှကို သိလိုသူများအတွက် နှစ်သက် အားရဖွယ် ကောင်းလှပါသည်။

-မြင်သာ

ပြန်ကြားရေးဌာနသို့ တင်ဖွယ်မရှိပါ၍ ဥဒ္ဒကပါ၌ အယင်ပင် ထွက်ချင် ထွက်ပေါ်နိုင်မည်လား မသိပါ။

၅—**ကျောင်းအောင်စံထား အဘိဓာန်** အင်္ဂလိပ်လို အဘိဓာန် မျိုးပေါင်း အဘယ်မျှရှိသည်ဟု မည်သူ ပြောပြနိုင်ပါမည် နည်း၊ အင်္ဂလိပ်ဘာသာ လေ့လာသော သာမည မြန်မာကယောက် ထံမှာ အနည်းဆုံး အင်္ဂလိပ်အဘိဓာန် ၃-၄-မျိုးလောက် ရှိပေ မည်၊ မိမိတို့၏ အနီးအနားက အိန္ဒိယနိုင်ငံမှာပင် အိန္ဒိယအဘိဓာန် တနှစ်လျှင် ၃-၄-မျိုးခန့် ပေါ်ထွက်နေ၏၊ မြန်မာ အဘိဓာန်ကား ဘယ်မှာနည်း၊ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာကျော်က ကျောင်းအောင်စံထား ဆရာတော် စီရင်သော ဝေါဟာရတ္ထ ပကာသနီ အမည်ရှိသော ကျမ်းကြီးတဆူကား ရှိလေသည်၊ သို့ရာတွင် ကောင်းစွာဖတ်တတ်သူ ဘယ်နှစ်ယောက် ရှိပါသနည်း၊ မိမိကောင်းစွာ မဖတ်တတ်သေးပါဟု ဝန်ခံနိုင်သော ပညာရှိကို လည်း မတွေ့ဘူးသေးပါ၊ ၃-၄-ကြိမ်တိုင်အောင် တည်းဖြတ် ပုံနှိပ်သူတို့တွင်လည်း ကောင်းစွာနားလည်သူကို တစုံတယောက် မျှ မတွေ့မြင်ရပါ၊ မိမိသိသမျှဖြင့် စခန်းထသွားကြ၏၊ ဤ ကျမ်းကြီးမှာ မြန်မာစာပေအတွက် လွန်စွာ အရေးကြီးလှပါ၍ ဆရာဦးသော်ဇင်ဝင်၍ ကိုင်တွယ်နေပါပြီ၊ သူကား လူတိုင်းလည်း ဖတ်နိုင်အောင်, လွယ်လည်း လွယ်အောင် အက္ခရာစဉ်ဖြင့် ဆန်းသစ်စေပါသည်၊ တည်းဖြတ်သူ အဆက်ဆက်တို့ ဘယ်နည်း နှင့်မျှ သိနိုင်ဖွယ်မရှိသော အမှားအယွင်းကိုလည်း အမှန်ရောက် အောင် ပြင်ဆင်သွား၏၊ ဤကျမ်းသည် ဆရာ၏ စာအုပ်တို့တွင် အကြီးဆုံး ဖြစ်ကောင်း ဖြစ်မည်၊ သို့ရာတွင် ဝေါဟာရတ္ထ ပကာသနီလောက် ကြီးမည် မဟုတ်ပါ။

၆—ဗုဒ္ဓစရိတ မြောက်ပိုင်း ဗုဒ္ဓ အဘိဓမ္မာဆရာနှင့် ကဗျာဆရာကြီး ရှင်အဿဃောသ၏ ပြောင်မြောက်သော လက်ရာမွန်ဖြစ်၏၊ မြန်မာလို ဗုဒ္ဓဝင်ပင် ဖြစ်၏၊ သို့ရာတွင် ဗုဒ္ဓအဘိဓမ္မာအနေဖြင့်ရင်း, ကဗျာအနေဖြင့်ရင်း တောင်ပိုင်းက ဗုဒ္ဓဝင်တို့ထက် သာလွန် ကောင်းမွန်၏၊ တောင်ပိုင်း ပညာရှိတို့သည် ဗုဒ္ဓဝင်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဘယ်သို့ စီရင်ရမည်ဟူပင် မသိကြသေးချေ၊ ထို့ကြောင့် ဗုဒ္ဓစရိတကို ဘာသာပြန်ပေးဘို့ အမှန်ပင် လိုအပ်ပေသည်၊ အဘိဓမ္မာ သဘောရေးရာတို့ကို ကဗျာအလှဖြင့် တန်ဆာဆင်ရသည်မှာ အဘယ်မျှ ခက်ခဲနက်နဲသော ပညာပေနည်း၊ ဤပညာနှင့် ပတ်သက်၍ ရှင်အဿဃောသကား နှစ်ယောက်မရှိချေ၊ သူ၏ အဘိဓမ္မာ သဘောတရားတို့ကို မြောက်ပိုင်း ဗုဒ္ဓဓမ္မကို လေ့လာက ကောင်းစွာ သိနိုင်၏၊ ဗုဒ္ဓဒဿနတွင် သူမပါလျှင် ပြည့်စုံလိမ့်မည် မဟုတ်ချေ၊ ကဗျာအလှတွင်ကား ကမ္ဘာကျော် ကာလိဒါသပင် စံထားရသောသူဖြစ်၏၊ သူ၏ကဗျာတို့မှ လွန်စွာလှပသော အချက်အလက်တို့ကို ကာလိဒါသ၏ ကမ္ဘာကျော် ကဗျာနှင့်ပြဇာတ်တို့တွင် အများအပြား တွေ့မြင်ရ၏၊ ဆရာဦးသော်ဇင်သည် သူ၏ ဗုဒ္ဓစရိတ ကဗျာအလှတို့ကို ပီပီ-သသ, တိတိ-ကျကျ မြန်မာလို ပြန်ဆိုလျက်ရှိ၏၊ မြောက်ပိုင်း ဗုဒ္ဓဝင်, သူ၏ အဘိဓမ္မာနှင့် ကဗျာအလှကို သိလိုသူများအတွက် နှစ်သက် အားရဖွယ် ကောင်းလှပါသည်။

-မြင်သာ

# မြင်သာစာအုပ်တိုက်၌

## အသင့်ရှိသော စာအုပ်များ

| | | |
|---|---|---|
| (၁) | လက်ရွေးစင်သုတ္တန်များ | ၃—ကျပ် |
| (၂) | ဓမ္မပဒ ဘာသာပြန် | ၃ ။ |
| (၃) | ရွှေဒဂုံဘုရား | ၂ ။ |
| (၄) | တေဒင်္ဂဝတ္ထု | ၄ ။ |
| (၅) | ဟိန္ဒူဒဿန | ၂ ။ |
| (၆) | နန်းစဉ်ပုစ္ဆာ | ၃ ။ |
| (၇) | မိလိန္ဒပဉှာ ဘာသာပြန် | ၄ ။ |
| (၈) | စာဥယျာဉ် (စာပဒေသာဆုရ) | ၅ ။ |
| (၉) | ဓမ္မသတ်ပုံပြင်များ | ၃ ။ |
| (၁၀) | ဝိသုဒ္ဓိမဂ် ဘာသာပြန် | ၃ ။ |
| (၁၁) | မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ | ၅ ။ |
| (၁၂) | မြတ်စွာဘုရား ဥဒါန်းစကားများ.... | ၂ ။ |
| (၁၃) | မဃဒေဝ အဘိဓာန် | ၅ ။ |
| (၁၄) | စာပေရေးရာ အလင်္ကာ | ၄ ။ |
| (၁၅) | စွယ်စုံကျော်ထင် | ၆ ။ |
| (၁၆) | ရှင်ရဋ္ဌသာရ ကဗျာသာရ | ၃ ။ |
| (၁၇) | အမေပြောသောပုံ | ၂ ။ |
| (၁၈) | ရာဇဝင်ကျော် မြန်မာစစ်သည်တော် | ၃ ။ |

[စာရှုသူတို့အတွက် တအုပ်တည်းဖြစ်စေ၊ စရိတ်ငြိမ်းအဖိုးနှုန်း အတိုင်း အိမ်အရောက် ပို့ပေးပါမည်။]